# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် | ၂၀၂၀ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၇၄)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၃

**၂၀၂၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးရွှေကြိမ်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမောင်းဟာ၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုးတို့၏ ဇနီးများ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဒေါ်ခင်မေရီ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမာလာအောင်နှင့် ဒေါ်နန်းစန္ဒာစမ်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါ်သန်းသန်းလင်းနှင့် ဦးအောင်ထွန်းခိုင်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❑



၂၀၂၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

## ယနေ့ သတင်းအညွှန်း


**ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ မိုးထိမြင့်လာတဲ့အတွက် တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှုလုပ်ဆောင်နေတဲ့ အင်ဒိုနီးရှား**
နိုင်ငံတကာရေးရာ စာ - ၁၄

**အဖျက်သမားတွေရဲ့ နိဂုံး အဆုံးသတ် နီးပါပြီ**
ဆောင်းပါး စာ - ၁၆

**ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း**
ပုဗ္ဗေစ ကတပုညတာ
ဆောင်းပါး စာ - ၂၀

**မြန်မာ့ပညာရေးစာပေ(၁၀)**
ဆောင်းပါး စာ - ၂၂

မြန်မာ့အလင်း

# စွမ်းရည်မြင့်မားသည့် အမျိုးသမီးထုအင်အား

သတ္တလောကတွင် အဖိုနှင့်အမ ကွဲပြားခြားနားသကဲ့သို့ သတ္တလောကသား လူယောကျ်ားနှင့် လူမိန်းမတို့သည်လည်း သဘာဝချင်းမတူ ကွဲပြားခြားနားကြသည်။ သို့ရာတွင် မျိုးဆက်တည်တံ့ရေးအတွက် မတူညီသည့် သဘာဝနှစ်ခုတို့ ပေါင်းစပ်ကြရခြင်းဖြစ်ရာ တစ်ခုမရှိသည်နှင့် မျိုးဆက်တည်တံ့ရေးသည်လည်း မရှိနိုင်တော့ အဖိုရော အမပါ အရေးပါကြသည်ချည်းဖြစ်သည်။ လူ့သမိုင်းတစ်လျှောက်တွင်မူ ယောကျ်ားနှင့်မိန်းမတို့၏ ဖို မ သဘာဝတို့ကို အခြေခံ၍ ခွဲခြားသတ်မှတ်ခဲ့ကြသည်။ ပိုမိုသန်မာခွန်အားကြီးသည့် ယောကျ်ားတို့က ရှေ့မှဦးဆောင်သူနေရာကိုယူပြီး ခွန်အားနည်း၍ သိမ်မွေ့နူးညံ့ကာ မိခင်ဘဝတွင် သန္ဓေဆောင်ယူရသူ အမျိုးသမီးတို့က သျှောင်နောက်ဆံထုံးပါ (Second Sex) ဟူ၍ ဖြစ်လာသည်။

အမဲလိုက်၊ လယ်ထွန်၊ လှေထိုး၊ လှော်တိုက်ရသည့်အလုပ်များ၊ နယ်ပယ်ချဲ့ထွင်ရေးအတွက် စစ်တိုက်ရသည့်အလုပ်များတွင် ယောကျ်ားတို့သည်သာ ဦးဆောင်သူ၊ မိန်းမတို့က နောက်မှလိုက်ပါသူ။ ယောကျ်ားတို့က ဦးစားပေးခံရသူ၊ မိန်းမတို့က ပံ့ပိုးဖြည့်ဆည်းပေးရသူ။ ယောကျ်ားတို့က ပထမ၊ မိန်းမတို့က ဒုတိယ။ ဤအစဉ်အလာသည် လူ့သမိုင်းအစမှ နှစ်ပေါင်းထောင်နှင့်ချီ၍ တည်တံ့လာခဲ့သော အစဉ်အလာဖြစ်သည်။ သို့သော် အနောက်ကမ္ဘာတွင် စက်မှုတော်လှန်ရေးကာလ ကုန်ထုတ်လုပ်မှုပုံစံများ တိုးတက်ပြောင်းလဲလာသည့်အခါ ယောကျ်ားနှင့် မိန်းမတို့အကြား ကွဲပြားခြားနားခဲ့သည့် သဘာဝတို့က တဖြည်းဖြည်းကျဉ်းမြောင်း ပျောက်ကွယ်သွားသည်။ မိန်းမတို့သည်လည်း ယောကျ်ားတို့နှင့် တန်းတူရင်ပေါင်တန်းလာနိုင်သည်။ ကုန်ထုတ်လုပ်မှုတွင် တန်းတူထုတ်လုပ်လာနိုင်သည့်တိုင် အစဉ်အလာအရ Second Sex ဟူသော ရှုမြင်မှုတို့ကို မကျော်လွှားနိုင်။ လုပ်ခလစာတို့ တန်းတူမရ။ အရေးပါသော ရာထူးနေရာတို့တွင် ခန့်ထားခြင်းမခံရ။ နိုင်ငံ့အရေးအရာတို့တွင်လည်း ပါဝင်ခွင့်မရ။ ဤသို့ဖြင့် ၂၀ ရာစုအစောပိုင်းကာလတွင် အမျိုးသမီးတို့၏ အခွင့်အရေးကို တောင်းဆိုမှုများ စတင်လာခဲ့သည်။ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်မျှ ရှိသည့် အမျိုးသမီးထုကြီးကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာနေ့တစ်နေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက တရားဝင်အသိအမှတ်ပြု ကျင်းပပေးခဲ့သည်။

မြန်မာအမျိုးသမီးများနေ့မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို နိုင်ငံတော်က သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းမှ မြန်မာအမျိုးသမီးတို့အပေါ် အသိအမှတ်ပြုမှုမှာ အိမ်နီးချင်း အချို့လူ့အဖွဲ့အစည်းတို့ထက် သာလွန်ကောင်းမွန်ခဲ့သည်။ မိသားစုအတွင်းမှာရော လူ့အဖွဲ့အစည်းအတွင်းမှာပါ ညှာတာမှုနှင့် လုံခြုံနွေးထွေးမှုတို့ ရရှိခဲ့ကြသလို လွတ်လပ်မှုနှင့် အသိအမှတ်ပြုမှုတို့လည်း ရရှိခဲ့သည်ကို စာပေအထောက်အထားတို့တွင် တွေ့ရှိနိုင်သည်။ သို့သော် အိမ်နီးချင်းနိုင်ငံတို့မှ အတွေးအခေါ် အယူအဆများ ဝင်ရောက်ရောနှောမှုတို့ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင်မူ မြန်မာအမျိုးသမီးများမှာ အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နယ်ပယ်အသီးသီးတွင် ရပ်တည်လျက်ရှိကြသည်။ ခေတ်သမိုင်းအဆက်ဆက်တွင် ထူးချွန်ထက်မြက်သည့် မြန်မာအမျိုးသမီးများ ဦးစီးဦးဆောင်မှုနေရာကို ရယူနိုင်ခဲ့ပြီး နိုင်ငံနှင့်လူမျိုး လွတ်လပ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်ခဲ့ကြသည့်အလျောက် မြန်မာအမျိုးသမီးများနေ့ကို နိုင်ငံတော်အဆင့် ဂုဏ်ပြုကျင်းပပေးနေခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်ရာ ထိုမျှများပြားသည့် အင်အားကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်အဖြစ် မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးအတွက် ကြီးမားသည့်အင်အားကို ရရှိမည်ဖြစ်သည်။ အမျိုးသမီးများအနေဖြင့်လည်း ကဏ္ဍပေါင်းစုံတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အရည်အချင်း၊ အရည်အသွေးပြည့်ဝအောင် မိမိကိုယ်ကိုယ် မြှင့်တင်ကာ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် စွမ်းဆောင်ရည်မြင့်မားသည်နှင့်အမျှ အခွင့်အလမ်းများက လက်ကမ်းကြိုဆိုနေမည်သာ ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး**
**အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ခေတ္တခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်ကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေးကောင်းမွန်စေရေး အင်္ဂလိပ်စာသင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၃**

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများ အင်္ဂလိပ်စာအရည်အသွေးကောင်းမွန်စေရေးအတွက် အင်္ဂလိပ်စာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးရုံး သင်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီတွင် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးရဲလင်းမြင့်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးခင်မောင်အေးက သင်တန်းတွင် သင်ကြားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အင်္ဂလိပ်စာသင်တန်းကို ဇူလိုင် ၃ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရုံးတက်ချိန်မထိခိုက်စေဘဲ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။ အင်္ဂလိပ်စာ သင်တန်းတွင် Vocabulary Building, Commu-nication Grammar, Reading Comprehension, Translation ဘာသာရပ်များ သင်ကြားပို့ချမည် ဖြစ်သည်။

အင်္ဂလိပ်စာ သင်တန်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၁၈ ဦး တက်ရောက်သည်။ အင်္ဂလိပ်စာသင်တန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ သင်တန်းသားများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်ခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**




## နယ်စပ်ရေးရာဝန်ကြီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး သင်တန်းကျောင်းများတွင် မိုးရာသီကာလ သစ်ပင်စိုက်ပျိုး

**ဘားအံ ဇူလိုင် ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ကရင်ပြည်နယ်ဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းများရှိ ဝန်ထမ်းများ၊ ကျောင်းသားများ၊ သင်တန်းသူများအနေဖြင့် သစ်ပင်နှင့် သစ်တော၏တန်ဖိုးကို နားလည်ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကို ဖော်ဆောင်ပေးရန် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပသည်။

ကရင်ပြည်နယ် ဦးစီးမှူးရုံး၊ ဘားအံကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဘားအံ၊ ကြာအင်းဆိပ်ကြီး၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း၊ ဘားအံနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၊ ဘားအံ၊ မြဝတီ၊ မြိုင်ကြီးငူ စုစုပေါင်း သင်တန်းကျောင်း ခြောက်ကျောင်း၌ ယနေ့နံနက်ပိုင်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို သက်ဆိုင်ရာကျောင်းအလိုက် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ပင် ၃၀၀၊ နှစ်ရှည်ပင် ၂၅၀၊ အရိပ်ရလေကာပင် ၃၂၀ စုစုပေါင်း အပင် ၈၇၀ စိုက်ပျိုးကြောင်း သိရသည်။

**သတင်းစဉ်**

## မအူပင်မြို့၌ စားသုံးဆီများတွင် မသန့်ရှင်းသောဆီများ ရောနှောရောင်းချမှုမရှိစေရေး ရှောင်တခင်စစ်ဆေး

**မအူပင် ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံသော စားသောက်ကုန်များ စားသုံးနိုင်ကြပြီး အန္တရာယ်ကင်းစေရန်နှင့် စားသုံးဆီများတွင် မသန့်ရှင်းသောဆီများ ရောနှောရောင်းချမှုမရှိစေရန် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကုန်မျိုးစုံဆိုင်များကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးမှုတွင် မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကုန်မျိုးစုံဆိုင်များ၌ ရောင်းချနေသည့် စားသုံးဆီများတွင် မသန့်ရှင်းသောဆီများ ရောနှောရောင်းချမှုမရှိစေရေး၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပြီး စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရေး ပူးပေါင်းအဖွဲ့က အသိပညာပေး ရှင်းလင်းပြောကြားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် အမှာစကား

**အားလုံးမင်္ဂလာပါ –**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၂ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကိုတက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့မှာ ကျရောက်တဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် နေ့ထူးနေ့မြတ်ဖြစ်တဲ့ **မြန်မာအမျိုးသမီးများနေ့မှာ မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုပါကြောင်း** ပြောကြားလိုပါတယ်။

အမျိုးသမီးများနေ့နဲ့ပတ်သက်လို့ မကြာသေးမီက မတ်လ (၈)ရက်နေ့မှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို မြန်မာနိုင်ငံမှာလည်း အခြားနိုင်ငံများနည်းတူ ကျင်းပခဲ့ပါတယ်။ ဒါကတော့ ၂၀ ရာစုအစောပိုင်းမှာ အမျိုးသမီးများရဲ့ အခွင့်အရေးများကို တောင်းဆိုခဲ့ကြရာမှအစပြုပြီး ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်မျှရှိတဲ့ အမျိုးသမီးထုကြီးကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာနေ့တစ်နေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက တရားဝင်အသိအမှတ်ပြုပြီး ကျင်းပပေးခြင်းဖြစ်ပါတယ်။

မြန်မာအမျိုးသမီးများနေ့ကတော့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းခဲ့တဲ့ ဇူလိုင်လ (၃) ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်ကို ပြန်လည်ကြည့်မယ်ဆိုရင် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနဲ့လူမျိုးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနယ်ပယ်အသီးသီးမှာ မြန်မာအမျိုးသမီးများဟာ အမျိုးသားများနဲ့ ရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်စွမ်းဆောင်ခဲ့တဲ့ အစဉ်အလာကောင်းများရှိခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်လုံးမှာလည်း လွတ်လပ်ရေးအတွက် အမျိုးသားများနဲ့တန်းတူ လက်နက်စွဲကိုင် တိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုးသားရေးလှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်ခဲ့ကြတဲ့ အမျိုးသမီးခေါင်းဆောင်တွေဟာ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ဂုဏ်ယူမဆုံး ဖြစ်ရတဲ့ သမိုင်းမှတ်ကျောက်တွေပဲ ဖြစ်ပါတယ်။

လက်ရှိမျက်မှောက်ကာလမှာလည်း မြန်မာနိုင်ငံရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်အသီးသီးမှာ ခေတ်အဆက်ဆက် ကြီးမားလေးနက်တဲ့ တာဝန်ထမ်းဆောင်နေကြတဲ့ အမျိုးသမီးတွေဟာ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတွေမှာ ဦးဆောင်နေကြတာ တွေ့ရပါတယ်။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာကဏ္ဍအသီးသီးအတွက် ဖွဲ့စည်းထားတဲ့ ကော်မရှင်နဲ့ ကော်မတီများမှာ အမျိုးသမီးများပါဝင်နေတာကို တွေ့ရှိရမှာဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးကဏ္ဍမှာလည်း အမျိုးသမီးတွေပါ ပါဝင်ထမ်းရွက်နေကြပြီဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများနဲ့ အသိပညာ၊ အတတ်ပညာ၊ အနုပညာ၊ ကာကွယ်ရေး၊ လုံခြုံရေးစတဲ့ နယ်ပယ်အသီးသီးမှာ ပေါ်ထွက်ခဲ့တဲ့ ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်နိုင်မှုနဲ့အတူ မြန်မာအမျိုးသမီးထုအားလုံးကို အသိအမှတ်ပြု ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပြီး အခုလို နိုင်ငံတော်အခမ်းအနားအဖြစ် ကျင်းပဂုဏ်ပြုရခြင်း ဖြစ်ပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

- ❖ **နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဦးတည်ချက်များ အကောင်အထည်ဖော်ဖို့၊ နိုင်ငံတစ်ဝန်းလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ဖို့၊ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ဖို့စတဲ့ လုပ်ငန်းရပ်တွေ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ဆိုရင် အမျိုးသမီးတွေရဲ့ စွမ်းအားနဲ့ စွမ်းဆောင်မှုတွေဟာ အလွန်အရေးကြီးကြောင်း တွေ့ရမှာဖြစ်**
- ❖ **အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရန်နဲ့ စောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကို အခြေခံပြီး ခန့်မှန်းတွက်ချက်ထားမှုအရ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ ခန့်မှန်းလူဦးရေစုစုပေါင်း (၅၅.၁) သန်းခန့်ဟု သိရပါတယ်။ အမျိုးသားဦးရေ (၂၆.၄) သန်းခန့်နှင့် အမျိုးသမီးဦးရေ (၂၈.၇) သန်းခန့်ကို ခန့်မှန်းခဲ့တာကြောင့် အမျိုးသမီးပါဝင်မှုလူဦးရေမှာ (၅၂.၁၃) ရာခိုင်နှုန်းဖြစ်ပြီး နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်ကျော်ရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဦးတည်ချက်များ အကောင်အထည်ဖော်ဖို့၊ နိုင်ငံတစ်ဝန်းလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ဖို့၊ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ဖို့စတဲ့ လုပ်ငန်းရပ်တွေ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ဆိုရင် အမျိုးသမီးတွေရဲ့ စွမ်းအားနဲ့ စွမ်းဆောင်မှုတွေဟာ အလွန်အရေးကြီးကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ကဏ္ဍပေါင်းစုံမှ အမျိုးသမီးတွေပါဝင်နိုင်ဖို့ အခွင့်အလမ်းပေါင်းစုံနဲ့ တန်းတူညီမျှ လုပ်ဆောင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတော်ရဲ့ အဓိကစွမ်းအားစုကြီးဖြစ်တဲ့ မြန်မာအမျိုးသမီးများရဲ့ အခန်းကဏ္ဍကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတိုးတက်စေဖို့၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ တန်းတူညီမျှရရှိစေဖို့အတွက် ၁၉၉၅ ခုနှစ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံက အတည်ပြုချမှတ်ခဲ့တဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီး (၁၂)ရပ်ပါဝင်တဲ့ဘေဂျင်းကြေညာစာတမ်း (Beijing Declaration)နဲ့ ဘေဂျင်းလုပ်ငန်း စီမံချက်၊ ၁၉၇၉ ခုနှစ်မှာ ကုလသမဂ္ဂက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Elimination of All forms of Discrimination Against Women–CEDAW)၊ ၂၀၁၅ ခုနှစ်မှာ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ(Sustainable Development Goals–SDGs) စတဲ့ နိုင်ငံတကာအဆင့် ကတိကဝတ်ပြုထားမှုတွေကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနဲ့အညီ အကောင်အထည်ဖော်လျက် ရှိပါတယ်။

အဲဒီလို အကောင်အထည်ဖော်တဲ့နေရာမှာ မြန်မာအမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားရေးနဲ့ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေး ဦးဆောင်လမ်းညွှန် ဆောင်ရွက်သွားဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ **နိုင်ငံတော်အဆင့်လုပ်ငန်းယန္တရားဖြစ်တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနဲ့ ဒေသဆိုင်ရာကော်မတီ** အဆင့်ဆင့် ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်။

နယ်ပယ်ရပ်အားလုံးမှာ အမျိုးသမီးများ ဟန်ချက်ညီညီ ဖွံ့ဖြိုးလာစေရေးအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃–၂၀၂၂) ကို ဦးစားပေးလုပ်ငန်း နယ်ပယ် (၁၂) ရပ်ကို အခြေခံပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို **မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP)**နဲ့လည်း ချိတ်ဆက်အကောင်အထည်ဖော်လျက်ရှိပါတယ်။

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ ကြိုတင်ကာကွယ်ရန်နဲ့ စောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း **အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ (မူကြမ်း)** ရေးဆွဲ အတည်ပြုပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့အနေနဲ့ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရှေ့ပိုင်းမှာ ပြောကြားခဲ့တဲ့ ပုံမှန်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသလို လက်ရှိအချိန်ကာလလို ကမ္ဘာ့ကပ်ရောဂါ COVID- 19 ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးများကနေ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာမှာလည်း အမျိုးသမီးများနဲ့ သက်ဆိုင်တဲ့အခန်းကဏ္ဍကို နောက်ကျန်မနေစေဖို့ **COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်** (COVID-19 Economic Relief Plan–CERP) ကို ရေးဆွဲအကောင်အထည်ဖော်မှုတွေမှာလည်း ကျား၊ မ တန်းတူ ညီမျှမှုရရှိရေးနဲ့ ငယ်ရွယ်သူများအပါအဝင် အမျိုးသမီးများအားလုံး စွမ်းပကား တိုးမြှင့်စေရေးဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားထားကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။

ဒါ့ကြောင့် ကျား၊ မ ရေးရာတန်းတူညီမျှမှုနဲ့ ကျေးလက်မြို့ပြ ကွာဟချက်နည်းပြီး ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်ကာ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားလာနိုင်စေမယ့် လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များ၊ လူမှုရေးရာဝန်ဆောင်မှုများနဲ့ လုပ်ထုံးလုပ်နည်းများကို ဆက်လက်ဖော်ထုတ်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့

- အမျိုးသမီးများရဲ့ လူမှုဘဝဖွံ့ဖြိုးရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ၊ စီမံချက်များဆောင်ရွက်ရာမှာ သက်ဆိုင်ရာ

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကဏ္ဍအလိုက် အားလုံးဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ပေးကြပါ။

- ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်ကြစေဖို့ နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ၊ ပြည်သူများနဲ့ အမျိုးသမီးထုကြီးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါ။
- မြန်မာအမျိုးသမီးများသည် အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး ကဏ္ဍစုံမှာ ပါဝင်ဆောင်ရွက်နိုင်ဖို့ အမျိုးသမီးတိုင်း စာတတ်မြောက်ရေး၊ အသိဉာဏ်ဖွံ့ဖြိုးရေး၊ ဗဟုသုတ လှေလာပြည့်စုံစေရေး၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝရေးကို ကြိုးပမ်းအားထုတ်ကြပါ။
- ခေတ်အဆက်ဆက်က စွမ်းရည်ထက်မြက်ကြတဲ့ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်မှုတွေကို လေးစားဂုဏ်ယူအားကျအတုယူပြီး မျိုးဆက်သစ် မြန်မာအမျိုးသမီးတွေရဲ့ ဘဝလုံခြုံမှုနဲ့ စွမ်းရည်မြင့်မားရေးကို ဦးတည်ကြိုးပမ်း အားထုတ်ပေးကြပါလို့ အလေးအနက် တိုက်တွန်းမှာကြားအပ်ပါတယ်။

စွမ်းဆောင်ရည်ပြည့်ဝတဲ့ မြန်မာအမျိုးသမီးများ တိုးပွားသည်ထက်တိုးပွားပြီး နိုင်ငံနဲ့လူမျိုးအကျိုးကို မြင့်မားသည်ထက် မြင့်မားရလေအောင် ဆောင်ရွက်နိုင်ကြပါစေ။

အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**



၂၀၂၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်ပေရယ်ချိုအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် ထူးချွန်အမျိုးသမီးရဲမေဆုရ ဒုတိယရဲမှူးကြီး ဝင်းနီလာ အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ထူးချွန်ကြက်ခြေနီအမျိုးသမီးဆုရ ဒေါ်စမ်းစမ်းမော် အား ဆုပေးအပ်ချီးမြှင့်စဉ်။

❑ *ရှေ့ဖုံးမှ*

အမျိုးသားလွှတ်အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဇနီး၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက Online စနစ်ဖြင့် တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က video message ဖြင့် အမှာစကားပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားကို စာမျက်နှာ-၃ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဆင့် ကတိကဝတ်ပြုမှုများ၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ကျင်းပဆောင်ရွက်နေမှု၊ လုပ်ငန်းယန္တရားဖွဲ့စည်းဆောင်ရွက်မှု၊ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ဆောင်ရွက်မှု၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေမှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ Helpline Service ဖွင့်လှစ်ဆောင်ရွက်ထားမှု၊ ကျား မ ရေးရာ အခြေပြုအကြမ်းဖက်ဖြစ်ရပ်များအား တုံ့ပြန်ဆောင်ရွက်နေမှု၊ အကြမ်းဖက်ခံရသူများအား ငွေကြေးထောက်ပံ့ပေးမှုအခြေအနေ၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်သော စင်တာများ ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်မှုအခြေအနေ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ၏ ပန်းတိုင် - ၅ (SDG-Goal 5) အကောင်အထည်ဖော်မှု၊ အာဆီယံအမျိုးသမီးကော်မတီ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များအား Video Clip ဖြင့် ပြသသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးများအား ဆုများပေးအပ်ချီးမြှင့်ရာ ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ၂၀၂၀ ပြည့်နှစ် ထူးချွန်အမျိုးသမီးအရာရှိဆုရရှိသူ အမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇)မှ အကောင်းဆုံးဗိုလ်လောင်းဆုရ ဗိုလ်ပေရယ်ချို (ရေ-၅၆၁၂)ကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က ၂၀၂၀ ပြည့်နှစ် ထူးချွန်အမျိုးသမီးရဲမေဆုရ ဒုတိယရဲမှူးကြီး ဝင်းနီလာကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ထူးချွန်ကြက်ခြေနီအမျိုးသမီးဆုရရှိ ကြက်ခြေနီမြို့နယ်တပ်ဖွဲ့မှူး ဒေါ်စမ်းစမ်းမော်တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်

မိမိတို့ယခုတာဝန်ယူ ဆောင်ရွက်နေခြင်းသည် အာဏာသိမ်းခြင်းမဟုတ်ဘဲ အာဏာထိန်း ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် အာမခံချက်ရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီပေါင်း ၉၀ ကျော်ရှိကြောင်း၊ အခြားနိုင်ငံများတွင် မိမိတို့နိုင်ငံကဲ့သို့ ပါတီများစွာမရှိကြောင်း၊ ပါတီများဖွဲ့စည်းရာတွင် နိုင်ငံရေးကို အခြေခံသည့်ပါတီ၊ ဒေသကိုအခြေခံသည့်ပါတီ၊ တိုင်းရင်းသားကို အခြေခံသည့် ပါတီများရှိကြောင်း၊ နိုင်ငံရေးဆောင်ရွက်ရာတွင် သဘောထားကွဲလွဲနေ၍မရဘဲ စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစောဒန်နီယယ် ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၁ နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲများကို တက်ရောက်ကြည့်ရှုအားပေးစဉ်။

နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၃)၌ အုပ်စု(ဃ)၏ နောက်ဆုံးပွဲစဉ်ဖြစ်သော မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေး ကွင်း (၁)နှင့် ကွင်း(၃)တို့၌ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်ဖြစ်သော မွန်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ခုနစ်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး ကွာတားဖိုင်နယ်ပွဲစဉ်သို့ မွန်ပြည်နယ်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းတို့ တက်ရောက်သွားကြောင်း သိရသည်။

ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၄ ရက်တွင် ရပ်နားပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၅ ရက် နံနက် ၇ နာရီခွဲနှင့် ညနေ ၃ နာရီခွဲတို့တွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေး ကွင်း(၁)နှင့် (၃)တို့၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး မြို့တော်စိမ်းလန်းစိုပြည်ရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် ကိုဗစ်စင်တာ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၇ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တောင်ဒဂုံပန်းခြံ၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်းပင်များကို စိုက်ပျိုးပေးသည်။



အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်းအင်အား ၁၀၀ ကျော်ဖြင့် စိန်ပန်းပင် ၁၂၂ ပင်နှင့် ငုဝါပင် ၅၀ တို့ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ဖွဲ့စုံချောင်းသို့ ရောက်ရှိပြီး ချောင်းအတွင်း အမှိုက်များ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် (၁၀) ရပ်ကွက် အင်းလျားရိပ်သာလမ်းရှိ အင်းလျားကန်ရေပိုလွှဲ Spill Wayနှင့် ရေထုတ်မြောင်း ရေထိန်းတံခါးများ ကြံ့ခိုင်မှုအခြေအနေနှင့် ရေထုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ (ဓါတ်ပုံ)

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် အင်းလျား ကိုဗစ်-၁၉ ကုသရေးစင်တာသို့ သွားရောက်၍ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးဇော်ဝင်း၊ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်း၊ ကုသရေးစင်တာတာဝန်ခံ ဦးစိုးရန်နိုင်နှင့် တာဝန်ရှိသူများကို စင်တာရုံးခန်းအတွင်း တွေ့ဆုံ၍ ကုသရေးစင်တာအတွက် လိုအပ်ချက်များ ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြပြီး တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက်စင်တာအတွင်း Medical Team အနားယူနိုင်ရန် ပြင်ဆင်ထားသည့် အခန်းများ၊ Volunteer Team များအတွက် ပြင်ဆင်ထားသည့် အခန်းများ၊ PPE ဝတ်စုံ ထားရှိမည့်အခန်းများ၊ Oxygen အိုး သိုလှောင်ခန်းများ၊ ကူးစက်လူနာများ နေထိုင်ရန် ပြင်ဆင်ထားသည့် အခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စာပေဂုဏ်ဆောင် ဆရာကြီး ငွေးမောင်

နုနုယဉ် (စာပေဗိမာန်)

*ယမန်နေ့မှအဆက်*

**ကလေးလူငယ်စာပေနှင့် စာနယ်ဇင်းများစာတမ်း**

၁၉၇၅ ခုနှစ် စာနယ်ဇင်းသမိုင်း ဟောပြောပွဲတွင် ဆရာငွေးမောင်က "ကလေးလူငယ် စာပေနှင့် စာနယ်ဇင်းများ" စာတမ်းကို တင်သွင်းခဲ့သည်။

"ယနေ့ ကလေးလူငယ်တို့သည် နောင်တစ်ချိန်၌ လူ့ဘောင်ကြီးကို ဦးဆောင်ပဲ့ကိုင်မောင်းနှင်ကြမည့် လူကြီးများ ဖြစ်ကြပါလိမ့်မည်။ ထို့ကြောင့် ကလေးလူငယ်တို့ကို ပေါ့ပေါ့သဘောထား၍ မဖြစ်ပါ။ လျစ်လျူရှုထား၍ မဖြစ်ပါ။ သူတို့ လူတော်လူကောင်းကလေးတွေ ဖြစ်လာအောင်၊ ယဉ်ကျေးလိမ္မာအောင်၊ ခေတ်ပညာပြည့်စုံအောင်၊ အကျင့်စာရိတ္တကောင်းအောင်၊ အများအကျိုးဆောင်ရွက်တတ်အောင်၊ မျိုးချစ်စိတ်ထက်သန်ပြီး နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားအတွက် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ကြအောင် ငယ်စဉ်ကတည်းက မြေတောင်မြှောက်ပေးထားမှ၊ လေ့ကျင့်ပေးထားမှ နိုင်ငံ၏ အနာဂတ်ရေးအတွက် စိတ်အေးကြရမည် ဖြစ်သည်။

"ဤသို့မဟုတ်မူဘဲ ကလေးသူငယ်တို့ကို လောလောဆယ် လျစ်လျူရှုထားလျှင် သို့မဟုတ် လုံလောက်အောင် ထိန်းကျောင်းပြုပြင် ပျိုးထောင်ပေးခြင်းကို မဆောင်ရွက်နိုင်လျှင် ကလေးလူငယ်တို့ လူညံ့လူဆိုးကလေးတွေ၊ အကျင့်ပျက်ကလေးတွေ၊ တာဝန်မဲ့ ကလေးတွေ ဖြစ်ကုန်ကြကာ ယခု လူငယ်ပြဿနာ သောင်းပြောင်းထွေလာ ပေါ်ပေါက်နေသလို နောင်အနာဂတ်တွင်လည်း ယခုထက် ပိုမိုဆိုးရွားသောအခြေအနေ နိုင်ငံအတွင်း၌ ပေါ်ပေါက်နိုင်စရာ ရှိပေသည်" ဟု စာတမ်းတွင် ရေးသားဖော်ပြထားရာ တိုင်းပြည်၏ အနာဂတ်အရေးအတွက် ဆရာကြီး၏ အမြော်အမြင်ကြီးမှု၊ ကြိုတင်တွက်ဆ မျှော်မှန်းမှု၊ စေတနာထားမှု၊ မေတ္တာထားမှုတို့ကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်ရလေသည်။

ထို့ပြင် ၁၉၅၉ ခုနှစ် ဇန်နဝါရီလထုတ် သိမ်းမဂ္ဂဇင်းတွင် ရေးသားခဲ့သော "ကလေး စာအုပ်ကာတွန်းများ" ဆောင်းပါးတွင် ဆရာကြီး ငွေးမောင်က–

"ကလေးစာအုပ်၊ လူကြီးစာအုပ်ဟု ခွဲခြားလိုက်ပြီးလျှင် ဘယ်စာအုပ်က အရေးကြီးပါသနည်းဟု ဆန်းစစ်ကြည့်ခဲ့သော် လေးလေးနက်နက် တွေးဆသူတိုင်းက ကလေးစာအုပ်များက ပိုမိုအရေးကြီးကြောင်း အဖြေပေးကြပေလိမ့်မည်။

"အဘယ်ကြောင့်နည်းဆိုလျှင် လူကြီးစာအုပ်များ၌ မတော်သည့်အကြောင်း၊ သို့မဟုတ် အမှားအယွင်းပါခဲ့သော် ဖတ်ရှုသူ လူကြီးကိုယ်တိုင်က အသိဉာဏ် အတော်လုံလောက်ပြီးသား ဖြစ်နေ၍ မတော်တာကို ပယ်လိမ့်မည်။ မှားယွင်းတာကို ပြုပြင်လိမ့်မည်။ ကလေးများကား ဤသို့မဟုတ်၊ သူတို့ကိုယ်တိုင်၌ အသိဉာဏ် နုနယ်လှသေးသဖြင့် စာအုပ်ပါသမျှကို အမှန်တွေချည်း၊ အကောင်းတွေချည်းဟု ယုံကြည်လက်ခံကာ အတုယူတတ်ကြသည်။

"ထို့ကြောင့် ကလေးများအတွက် စာအုပ်တွေ မကောင်းခဲ့လျှင် ကလေးတွေ ပျက်စီးမည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် ကလေးတို့၏ နောင်ရေးကို စိတ်ဝင်စားသော သူတိုင်းသည် ယနေ့ ပလူပျံအောင် ဖြစ်ပေါ်လျက်ရှိသည့် "ကလေးများအတွက်ဟု ဆိုသော ကာတွန်းစာအုပ်များ' အကြောင်းကို ဆန်းစစ်သုံးသပ်ကြပါ"ဟု လမ်းညွှန်ခဲ့သည်မှာ ယနေ့ ကလေးစာပေ ရေးသားထုတ်ဝေ ဖြန့်ချိနေသူများအတွက် တန်ဖိုးမဖြတ်နိုင်သော သတိမူစရာ၊ သင်ခန်းစာယူစရာ၊ အတုယူစရာ အကြံကောင်း၊ ဉာဏ်ကောင်းများပင် ဖြစ်ပေသည်။

**နုမှသည် တိုက်ပွဲခေါ်သံစာအုပ်**

ဆရာငွေးမောင်သည် ရန်ကုန်၌ အခြေချကာ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တော့မည်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၅၂ ခုနှစ် ဇူလိုင်လ ၂၅ ရက် (သောကြာနေ့)တွင် ချောက်မြို့ ဇာတိမြေမှ မင်းတုန်းသင်္ဘောဖြင့် စုန်ဆင်းခဲ့သည်။ မင်းတုန်းသင်္ဘောမှာ ချောက်မြို့ ဘီအိုစီကုမ္ပဏီမှ ခါတ်ဆီများကို ရန်ကုန်သို့ ပို့ဆောင်သောသင်္ဘောဖြစ်သည်။ ဆရာငွေးမောင်သည် နုအမည်ရှိ ဝတ္ထုရှည်တစ်ပုဒ်ကို စာပဒေသာတိုက်သို့ ပို့ထားသည်။ နုဝတ္ထုမှာ စစ်အတွင်း အမြင်အတွေ့များ အပေါ်မူတည် ရေးသားသောဝတ္ထုဖြစ်၍ ဆင်းရဲသူမိန်းကလေးတစ်ယောက်သည် ရိုးသားစွာ အသက်မွေးရန် ကြိုးစားအားထုတ်ရင်း ခေတ်နှင့် စားဝတ်နေရေး အကျပ်အတည်းကြောင့် အဆုံးတွင် ပြည့်တန်ဆာဖြစ်ရပုံကို ဖော်ပြထားသည်။

၁၉၄၈ ခုနှစ် မေလထုတ် ရှုမဝမဂ္ဂဇင်းတွင် နု ဝတ္ထုရှည်ပါလာ၏။ ထိုဝတ္ထုကမှ စတင်၍ ငွေးမောင်ကလောင်အမည်ကို အသုံးပြု၏။ တစ်နည်းအားဖြင့် နုဝတ္ထုသည် ဆရာကြီး ငွေးမောင်၏ ပထမဆုံးမှတ်တိုင်ဟု ဆိုနိုင်လေသည်။

'နုမှသည် တိုက်ပွဲခေါ်သံ' စာအုပ်၏ နိဂုံးချုပ်အမှာတွင် "စာပေနှင့် ဘဝအတွေ့အကြုံ တစ်စိတ်တစ်ဒေသကို ရိုးသားစွာ ဖော်ပြလိုရင်းသဘောဖြင့် ဤစာအုပ်ကို ရေးသားခြင်းဖြစ်သည်။ တိမ်းပါးချွတ်ချော်မှု ပါရှိလျှင် မေတ္တာထား၍ ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်" ဟု ရေးသားထားသည်မှာ ဆရာငွေးမောင်၏ မိမိကိုယ်ကိုယ် နှိမ့်ချသော ရိုးဂုဏ်ပင် ဖြစ်ပေသည်။

**အယ်ဒီတာမှ စာပြင်ဆရာသို့**

"ကျွန်တော် စာပြင်ဆရာအလုပ်တစ်ခုတည်းပဲ လုပ်ပါမယ်"

သွေးသောက်မဂ္ဂဇင်းတွင် ဆရာငွေးမောင် တိုက်ထိုင်စာတည်းလုပ်နေစဉ် မဂ္ဂဇင်း၌ စာအမှားအယွင်း များပြားနေမှုနှင့်ပတ်သက်၍ ဦးကျော်ရိုး (ဆရာပြည့်စုံ) က "ဒီလိုချည်းဆိုရင်တော့ မဖြစ်ဘူး"ဟုဆိုရာ ဆရာငွေးမောင်က အထက်ပါအတိုင်း ပြောလိုက်ခြင်း ဖြစ်ပါသည်။

ဆရာငွေးမောင်၏ စကားကိုကြားရသော ဆရာပြည့်စုံက ရုတ်တရက် အံ့အားသင့်သွားသည်။

"စာတည်းအလုပ်တွေ မလုပ်ရဘဲ စာပြင်အလုပ်တစ်ခုတည်းပဲ ဖိဖိစီးစီးလုပ်ရရင် ခုလို အခြေအနေဆိုးမှာ မဟုတ်ပါဘူး"ဟု ဆရာငွေးမောင်က ဆက်ရှင်းပြရာ–

"စာပြင်ဆရာအလုပ်ပဲလုပ်ရင် အယ်ဒီတာလခရမှာ မဟုတ်ဘူး"ဟု ဆရာပြည့်စုံက ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ စာပြင်လခပဲပေါ့"

ထိုစဉ်က သွေးသောက်မဂ္ဂဇင်းကို ခဲစာလုံးစာစီပြီး ထုတ်ဝေရာ မဂ္ဂဇင်းတိုက်တွင် စာပြင်ဆရာ (ပရူရီဒါ) တစ်ယောက်ရှိ၏။ စာပြင်ဆရာမှာ အသက်ကြီးကြီး၊ မျက်စိမှုန်မှုန်နှင့် လူပြန်တော်တစ်ယောက်ဖြစ်သဖြင့် ပါဠိပါဌ်သားဘက်၌ ကျွမ်းကျင်သော်လည်း ခေတ်ပေါ်ဝေါဟာရများ၊ နိုင်ငံရပ်ခြား အကြောင်းအရာများ၊ နိုင်ငံခြားစကားလုံးများ၊ အစဉ်တိုးတက်နေသည့် သိပ္ပံပညာရပ်ဆိုင်ရာ ထွေပြားလှသည့် စကားလုံးများနှင့်မူ အတော် 'စိမ်း' နေလေသည်။ ထိုအချက်များနှင့် မျက်စိမှုန်ခြင်း၊ မျက်စိလျှမ်းတတ်ခြင်းတို့ ပေါင်းစပ်လိုက်သောအခါတွင် စာပြင်ဆရာ ပြင်ထားသောစာများ၌ အမှားအယွင်းများစွာ ကျန်နေတတ်တော့၏။

ထို့ကြောင့် ကော်လံလိုက် စာရှည်ကြီးစီထားသည့် ဂယ်လီပရူ၊ စာမျက်နှာဖွဲ့ပြီးသော မျက်နှာပရူ၊ နောက်ဆုံး စက်ပေါ်တင်၍ ပုံမနှိပ်မီ စက်ပရူ စသည်ဖြင့် အဆင့်ဆင့်စစ်ဆေးရာ စက်ပရူတွင် အမှားများနေလျှင် ပြင်ရခက်၏။ စာကျ၊ စာပိုတွေ့ရလျှင်ကား ပို၍ခက်ခဲ ကြန့်ကြာသည်။ စာအုပ်အချိန်မီ ထွက်နိုင်အောင် အချိန်လု၍ လုပ်ကိုင်နေရချိန်တွင် အလုပ်ရှင်အတွက် သည်းမခံနိုင်စရာ ဖြစ်နေပေတော့သည်။

ဆရာငွေးမောင်သည် ထိုအမှုကိစ္စအတွက် မည်သူ့တွင် တာဝန်ရှိသည်ကို သိသော်လည်း မဂ္ဂဇင်း အချိန်မီထွက်ရှိရေး၊ ပုံနှိပ်ပြီးထွက်လာသော မဂ္ဂဇင်းတွင် အမှားအယွင်း အကျအပေါက် ကင်းစင်ရေး၊ အလုပ်ရှင် ဆရာပြည့်စုံ စိတ်အနှောင့်အယှက်မဖြစ်စေရေးတို့အတွက် တိုက်ထိုင် အယ်ဒီတာအဆင့်မှ စာပြင်ဆရာအဆင့်သို့ ဆင်း၍ စာပြင်အလုပ်တစ်ခုတည်းကိုပဲ ဖိဖိစီးစီး ဇောက်ချလုပ်ပါမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆရာငွေးမောင်သည် အယ်ဒီတာလခ ၁၈ဝိ/–ကို မယူတော့ဘဲ စာပြင်လခ ၁၂ဝိ/–သာ ယူပြီး တစ်လဝတ္ထုတိုတစ်ပုဒ်ရေးပါက ရမည့် ၃ဝိ/– နှင့်ပေါင်း၍ တစ်လဝင်ငွေ ၁၅ဝိ/– ရှိပါက ဖူလုံသည်။ မှန်မှန်စား၊ မှန်မှန်ဝတ်ရလျှင် ပြီးသည်ဟု သဘောထားကာ ဤသို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။







ဆရာကြီးတွင် "ဘယ်လိုကြီးပွားအောင် လုပ်လိုက်မည်" ဆိုသည့် လောဘ၊ အတ္တမျိုး မရှိဘဲ အလုပ်အပေါ်တွင်ထားသော စေတနာ၊ မေတ္တာသာ ကြီးမားပုံကို အထင်အရှား တွေ့မြင်နိုင်ပါသည်။

**ဆရာကြီး ငွေးမောင်နှင့် ရုပ်ရှင်ဝါသနာ**

ဆရာကြီး ငွေးမောင်သည် ရုပ်ရှင်ဝါသနာပါသူတစ်ဦးလည်း ဖြစ်သည်။ ရုပ်ရှင်အသံတိတ်ခေတ်တွင် ဆရာငွေးမောင်၏ ဇာတ်ညွှန်းကို "သူပုန်နှ့အချစ်" အမည်ဖြင့် အောင်ဗေယျ ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးခဲ့သည်။ ရုပ်ရှင်သည် အသံတိတ်ခေတ်မှ အသံထွက်ခေတ်သို့ ကူးပြောင်းလာသောအခါ ယခင်တုန်းက ဒါရိုက်တာများသည် ဇာတ်လမ်းကို အလျဉ်းသင့်သလို စီစဉ်ရိုက်ကူးနေရာမှ စာရေးဆရာများ၏ ဝတ္ထုတို့ကို ဝယ်ယူ၍ ရုပ်ရှင်ရိုက်ကူးလာကြသည်။

စာနယ်ဇင်းလောကမှရသော စာမူခထက် ရုပ်ရှင်အတွက်ရသော ငွေက အတော်အသင့် ပိုများသဖြင့် စာရေးဆရာအတော်များများသည် ရုပ်ရှင်ဘက်ကို စိတ်ဝင်စားလာကြသည်။ ဆရာငွေးမောင်လည်း ဇနီးဖြစ်သူ၏ တိုက်တွန်းချက်ကြောင့် "မြိုင်မာလာ" ဝတ္ထုကို ရေးသားခဲ့သည်။ ထိုဝတ္ထုကို မင်းသား မောင်သင်၊ မင်းသမီး တင်တင်အေး၊ မင်းသမီး ခင်သန်းနုတို့နှင့် ရိုက်ကူးခဲ့သည်။

*စာမျက်နှာ ၇ သို့*

**ဆရာကြီးငွေးမောင် ကွယ်လွန်သွားခဲ့သော်လည်း ဆရာကြီး၏ ဂန္ထဝင်စာပေများမှာ ပျောက်ပျက်သွား လိမ့်မည်မဟုတ်ပေ။ ထို့အတူ ထိုဂန္ထဝင်စာပေများမှတစ်ဆင့် စာပေဂုဏ်ဆောင် ဆရာကြီး ငွေးမောင် သန္ဓေတည် ပျိုးထောင်ပေးခဲ့သော မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်သည် မြန်မာပြည်သူများအကြား အစဉ်အမြဲကိန်းအောင်း ရှင်သန်လျက်ရှိနေမည်**

# ၂၀၂၁ ခုနှစ် (၉၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၃

**၂၀၂၁ ခုနှစ် (၉၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တက်ရောက်လာကြသူများ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုသမဝါယမအသင်း လီမိတက်မှ နာယကနှင့် ဥက္ကဋ္ဌ၊သမဝါယမတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် အသင်းစုချုပ် ဥက္ကဋ္ဌများက Video Conferencing ဖြင့် ပါဝင်တက်ရောက်ကြသည်။

**ဝန်ဆောင်မှုများ ပေးနိုင်**

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုင်ငံတော်က ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဦးတည်ချက်၌ ပါဝင်သည့် “စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”ဆိုသည့် ဦးတည်ချက်နှင့်အညီ သမဝါယမအသင်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေး သမဝါယမအသင်းများအနေဖြင့် ထုတ်ကုန်ပစ္စည်းများကို ဈေးကွက် ဝယ်လိုအားတစ်ရပ်ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊သမဝါယမအသင်းများ၏ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းအတွက်လည်း ပံ့ပိုးငွေ ငွေကျပ်သန်း ၂၆၃၃၀ ဒသမ ၅၇၃ ဖြင့် လယ်မြေဧက ၈၉၆၃၃ ဒသမ ၆၀ ဧကကို စိုက်ပျိုးရာသီအချိန်မီ ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရပါကြောင်း၊ သွင်းအားစုပံ့ပိုးခြင်း အနေဖြင့်လည်း မြေသြဇာ ၁၄၃၆၈၅ အိတ်၊ မျိုး ၅၆၅ အိတ်၊ ပိုးသတ်ဆေး ၂၉၅၁၂ အိတ်၊ တန်ဖိုးအားဖြင့် ၄၇၀၈ဒသမ ၆၀၃ သန်းကို ပံ့ပိုးပေးနိုင်ခဲ့ပါကြောင်း၊ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်း ၁၆၂ သင်းမှလည်း ရိတ်သိမ်းခြွေလှေ့စက် ၁၁၄ စီး၊ ထွန်စက်ကြီး ၄၅၂ စီး၊ အခြားစက်ကိရိယာ ၆၄ စီးတို့ဖြင့် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအတွက် လယ်ယာဝန်ဆောင်မှုများ ပေးနိုင်ခဲ့ပါကြောင်း။

**တီထွင်ကြံဆဆောင်ရွက်**

အသင်းသားပြည်သူ ၄ ဒသမ ၂ သန်းဖြင့် ဖွဲ့စည်းထားသည့် သမဝါယမ အသင်းပေါင်း သုံးသောင်းကိုးထောင်ကျော်၏ ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်နေသည့် သမဝါယမအသင်းများ၊ အသင်းသားများအနေဖြင့် ခေတ်စနစ်နှင့် လျော်ညီသည့်အတွေးသစ်၊ အမြင်သစ်များနှင့် တီထွင်ကြံဆကာ ပိုမိုတိုးတက်ကောင်းမွန်သည့် အသင်းများဖြစ်လာအောင် ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဖြူက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သည့်သဝဏ်လွှာကို ဗဟိုသမဝါယမအသင်း လီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာတိုးနန္ဒာတင်က ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုမှတ်တမ်းတင် Video Clip ကို ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

ဆရာကြီးသည် ချစ်သွေးနီနီ၊ အသက်ဆံဖျား (အတုံ့အလှဲ့)၊ ဆန္ဒ စသည့် ဝတ္ထုများကို ရေးသားပြီး ရုပ်ရှင်ရိုက်ရန် ရောင်းခဲ့သည်။ ဆရာ‌ငွေမောင်မှာ ရုပ်ရှင်အတွက် ဝတ္ထုရောင်းရသည်ဆိုသော်လည်း အားနာတတ်ခြင်း၊ အပိုဝင်ငွေဟု သဘောထားခြင်း၊ လောဘနည်းခြင်းတို့ကြောင့် ငွေကား များများ စားစားရခဲ့သည် မဟုတ်ပေ။

ရုပ်ရှင်ဝါသနာပါသော ဆရာငွေမောင်သည် ရုပ်ရှင်အတွေ့အကြုံကို စမ်းသပ်ကြည့်သည့်အနေဖြင့် ကိုယ်တိုင်ရုပ်ရှင်ထုတ်လုပ်ရန် ကြံစည်ခဲ့ဖူးသည်။ “မြိုင်မာလာ” ဇာတ်ကားတွင် မင်းသားမောင်သင်နှင့်တွဲလျက် တစ်ကွက်၊ မင်းသားမြတ်လေး အကယ်ဒမီရသော “အမုန်း၏နောက်ဝယ်” ဇာတ်ကားတွင် မြတ်လေးနှင့်တွဲလျက် တစ်ကွက် ပါဝင်ခဲ့ဖူးသည်။

ထိုသို့ ကိုယ်တိုင်ကိုယ်ကျ ရုပ်ရှင်ကို ထိတွေ့ခြင်းမှာ ဝင်ငွေများရန်၊ နာမည်ကြီးရန်အတွက် မဟုတ်ဘဲ ရုပ်ရှင်ကြည့်ပရိသတ်မှာ စာဖတ်ပရိသတ်ထက် အဆပေါင်းများစွာ ပို၍များသောကြောင့် မိမိ၏အနုပညာကို လူအများ ထိတွေ့ခံစားစေလိုရင်းစေတနာဆန္ဒကြောင့်ဖြစ်သည်ဟု ဆရာကြီးက ပြောခဲ့ဖူးသည်။

**ဆရာကြီး ငွေမောင်နှင့် စာပေဗိမာန်၏ သုတပဒေသာစာစောင်**

“ဟာ-ဆရာကြီး၊ ခ‌ာတ်လှေကားနဲ့မတက်ဘဲ လှေကားကနေတက်လာတာ မောနေပြီပေါ့။ ထိုင်နားပါဦး”

ကျွန်မ စာပေဗိမာန်ရုံး၊ သုတပဒေသာဌာနတွင် တာဝန်ယူစဉ် ၂၀၁၂ - ၂၀၁၆ ခုနှစ်များဆီက ဆရာကြီးငွေမောင်နှင့် တွေ့ဆုံဆက်ဆံခဲ့ရသည်များကို အကြောင်းတိုက်ဆိုင်လာသဖြင့် ပြန်ပြောင်း သတိရမိပါသည်။

ဆရာကြီးသည် စကားကို ပျော့ပျော့ပျောင်းပျောင်း ညင်ညင်သာသာ ပြောတတ်သည်။ အမူအရာမှာလည်း အေးချမ်းတည်ငြိမ်သိမ်မွေ့ပြီး ဟိတ်ဟန်မရှိ။ အမျိုးသားစာပေဆုရှင်၊ တစ်သက်တာစာပေဆုရှင်၊ စည်သူဘွဲ့ရသူတစ်ဦးဖြစ်သော်လည်း မာန်မာန မကြီး။ ကြီးသူ၊ ရွယ်သူ၊ ငယ်သူ မရွေး အမြဲ လေးလေးစားစား ပြောဆိုဆက်ဆံသည်။

ထိုစဉ်က စာပေဗိမာန်ဓာတ်လှေကားမှာ ယခုကဲ့သို့ ခေတ်မီဓာတ်လှေကား မဟုတ်သေး။ စာပေဗိမာန်အဆောက်အအုံ၏ ဖွားဖက်တော်ဖြစ်သော စက်သီးကြိုးနှင့် ဓာတ်လှေကားဖြစ်သည်။ ဘာဂျာသံတံခါးဖြစ်သဖြင့် အတက်အဆင်းတွင် အတွင်းနှင့်အပြင် မြင်နိုင်သည်။ အလုံပိတ်မဟုတ်။ သို့သော် ထိုဓာတ်လှေကားကို ဆရာကြီးက မစီးရဲ။

ဤသို့ဆိုလျှင် အိမ်တွင် စာမူလာယူပါမည်ဟု ပြောသော်လည်း လက်မခံ။ အသက် ၈၀ ကျော် ဆရာကြီးက လွယ်အိတ်ကလေးကိုလွယ်ပြီး စာပေဗိမာန် လှေကားအထစ်ပေါင်း ၁၀၀ ကျော်ကို နင်းတက်ရင်း သုတပဒေသာစာစောင်အတွက် ဘာသာပြန်စာမူများကို ကိုယ်တိုင်လာပေးလေ့ရှိသည်။ မြို့ထဲ ထွက်ရင်း၊ စာပေတိုက်များသွားရင်း လာပို့ပေးခြင်း ဖြစ်သည်ဟု ပြောသည်။ မည်သည့်အခါမျှ လူကြုံဖြင့် မပေး။

ကျွန်မတို့က ဆရာကြီး၏ ဘာသာပြန်စာမူများကို သုတပဒေသာစာစောင်တွင် လစဉ်ဖော်ပြပေးသည်။ တစ်ခါတစ်ရံ ကလေးသုတကဏ္ဍအတွက် ဘာသာပြန်ပုံပြင်များကို ချီးမြှင့်ပေးပါရန် တောင်းခံလျှင်လည်း နောက်တစ်လလာသောအခါ မမေ့မလျော့ ပါလာတတ်သည်။ ကျောင်းသုံးဗလာစာရွက်ကိုဖြုတ်ပြီး ရေးလေ့ရှိသော ကလေးများ အတုယူစရာ၊ သင်ခန်းစာယူစရာ ဘာသာပြန်ပုံပြင် သုံးလေးပုဒ် တစ်ခါတည်း ပေးသွားတတ်သည်။

ကျွန်မတို့စာတည်းအဖွဲ့က စာမူတောင်းလျှင်လည်း မည်သည့်အခါမျှ မငြင်း။ ရေးပေးပါမည်ဟု ကတိပေးသည်။ ကတိမှာလည်း လူချင်းတွေ့တုန်း ကိစ္စအေးအောင် ပြီးပြီးရော နှုတ်ဖျားကပေးသည့် ကတိမဟုတ်။ ပေးထားသည့် ကတိကိုတည်အောင် နောက်တစ်ခါလာသောအခါ တောင်းထားသည့် စာမူကို ပါအောင်ယူလာပြီး လက်ဝယ်အရောက် ပေးသည်။ ဤသည်မှာ ဆရာကြီး၏ ချစ်ခင်လေးစား အတုယူဖွယ်ရာဖြစ်သော ဝိသေသ လက္ခဏာများပင်ဖြစ်ပါသည်။ နောင်တွင် ကျန်းမာရေးအရ ဆရာကြီး စာမူ မချီးမြှင့်နိုင်တော့ပေ။ အပြင်သို့ မထွက်တော့ဘဲ မြောက်ဒဂုံအိမ်တွင်သာ နေထိုင်ရင်း စာပေများ ရေးသားခဲ့သေးသည်။

ဇာတိရေနံမြေကို ခင်တွယ်သော ဆရာကြီး ငွေမောင်သည် ၂၀၂၁ ခုနှစ် မတ်လ ၂၀ ရက်တွင် ချောက်မြို့ကိုပြန်သွားပြီးနောက် နှစ်ရက်အကြာ မတ်လ ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ အေးစေတီရပ်၌ အသက် ၉၄ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။

ဆရာကြီး ငွေမောင် ကွယ်လွန်သွားခဲ့သော်လည်း ဆရာကြီး၏ ဂန္ထဝင်စာပေများမှာ ပျောက်ပျက်သွားလိမ့်မည်မဟုတ်ပေ။ ထို့အတူ ထိုဂန္ထဝင်စာပေများမှတစ်ဆင့် စာပေဂုဏ်ဆောင် ဆရာကြီး ငွေမောင် သန္နေတည် ပျိုးထောင်ပေးခဲ့သော မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်သည် မြန်မာပြည်သူများအကြား အစဉ်အမြဲ ကိန်းအောင်းရှင်သန်လျက်ရှိနေမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ရည်ညွှန်းကိုးကားသည့် စာအုပ်စာစောင်များ-**

(၁) စာနယ်ဇင်းသမိုင်း စာတန်းများ (ပထမတွဲ)

(၂) မြန်မာစာပေအဘိဓာန်-အမှတ် (၂) နှင့် (၃) (မလိခ)

(၃) မြန်မာဝတ္ထုအညွှန်း (အမှတ် ၃၊ ၄ နှင့် ၅) (မလိခ)

(၄) ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆုချီးမြှင့်ပွဲ လက်ကမ်းစာအုပ်

(၅) ဆရာကြီး ငွေမောင် ရေးသားခဲ့သော စာအုပ်များ

(၆) ၂၇-၃-၂၀၂၁ ရက်ထုတ် စံတော်ချိန် သတင်းစာ

(၇) ၁၄-၆-၂၀၂၁ နှင့် ၁၇-၆-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာများ

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ဘဏ်ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမောင်မောင်နိုင် ဘဏ်လုပ်ငန်းဆိုင်ရာ ရက်တိုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၃**

ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာ၊ အတတ်ပညာ၊ ဘဏ်လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ဘဏ်ဝန်ဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရက်တိုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ဘဏ်ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမောင်မောင်နိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (ယာပုံ)

အလုပ်ရုံဆွေးနွေးပွဲကို ဘဏ်ဥက္ကဋ္ဌနှင့် ဒါရိုက်တာများအပါအဝင် ဘဏ်အရာထမ်း၊ အမှုထမ်း ၅၀ တက်ရောက်ကြပြီး နည်းပြဆရာများဖြစ်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ မြန်မာနိုင်ငံစာရင်းကောင်စီ အမှုဆောင်အဖွဲ့ဝင်(Win Thin & Associates–Certified Public Accountants–CEO) ဦးမိုးကျော်၊ Mandalay Technology Co.,Ltd မှ Managing Director ဒေါက်တာဇော်နိုင်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဒုတိယရဲမှူးကြီး မြင့်စိုး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်နှင့် Myanmar Payment Union မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်နှင်းဝေစီတို့ကို ဖိတ်ကြား၍ ဇူလိုင် ၃ ရက်၊ ၄ ရက်နှင့် ၁၀ ရက်တို့တွင် ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

ယခုကဲ့သို့ ရက်တိုအလုပ်ရုံဆွေးနွေးပွဲကို ပို့ချဆွေးနွေးခြင်းအားဖြင့် ဘဏ်၏ ဒါရိုက်တာများနှင့် ဝန်ထမ်းများ၏ အရည်အသွေးဆိုင်ရာ ပိုမိုကျွမ်းကျင်တိုးတက်လာပြီး ဘဏ်၏ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများကို ပိုမိုနားလည်သဘောပေါက်ကာ အများပြည်သူသို့ ဝန်ဆောင်မှုများကို ယခုထက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ဘဏ်အရာထမ်း၊ အမှုထမ်းများကို ခေတ်နှင့်လျော်ညီသော တိုးတက်လာသည့် နည်းပညာအသုံးပြု၍ ဆောင်ရွက်ရသည့် ဘဏ်၏ ဝန်ဆောင်မှုလုပ်ငန်းများကို IT နည်းပညာအသုံးပြု၍ ကျွမ်းကျင်မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပုဂ္ဂလိကဘဏ်လုပ်ငန်းများတွင် ရင်ပေါင်တန်းပြီး ယှဉ်ပြိုင်ဆောင်ရွက်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မုဒုံမြို့ ဘဲမွေးမြူရေးခြံနှင့် အင်းရေလှောင်တမံကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း အင်းရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်။

**မုဒုံ ဇူလိုင် ၃**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇူလိုင် ၂ ရက်က မုဒုံမြို့ မြို့မ(၂) ရပ်ကွက်ရှိ ဥစားဘဲမွေးမြူရေးခြံနှင့် အင်းရေလှောင်တမံသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ဥစားဘဲမွေးမြူရေးခြံ၌ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနီနီမော်က ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအား ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ မွန်ပြည်နယ်အတွင်း စီးပွားဖြစ် ဘဲမွေးမြူရေးခြံ စုစုပေါင်း ၁၀၄ ခြံရှိပြီး ဘဲအကောင်ရေ ၁၅၀၀၀ ကျော်ကို မွေးမြူထားရှိကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက် ပညာပေးသင်တန်းများဖွင့်ခြင်း၊ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အင်းရေလှောင်တမံသို့ သွားရောက်ပြီး စိုက်ပျိုးရေပေးဝေမှုနှင့် သောက်သုံးရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အင်းရေလှောင်တမံသည် မုဒုံမြို့ အရှေ့ဘက်တစ်မိုင်ခွဲခန့်အကွာတွင်တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်ကာ အလျား ပေ ၁၆၅၀၊ အမြင့် ၉၂ ပေ၊ အနက် ၂၄ ဒသမ ၇ ပေ၊ ရေလှောင်ပမာဏ ၁၆၃၈၉ ဧကပေ ရှိသည်။ ဆည်ရေသောက်ဥယျာဉ်ခြံ ၁၀၃၈ ဧကရှိကာ စပါးစိုက်ခင်း ဧက ၁၀၀၀ အတွက် စိုက်ပျိုးရေ ပေးဝေနိုင်ကြောင်း၊ အင်းရေလှောင်တမံမှ မုဒုံမြို့နေပြည်သူလူထုအတွက် သောက်သုံးရေများလည်း ပေးဝေလျက်ရှိ၍ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနေသည့် တမံတစ်ခုဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ရန်ကုန်မြို့Waterboom အပန်းဖြေစခန်းကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၃

**ပြည်သူအများ စိတ်အပန်းဖြေစေနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့သော ရန်ကုန်မြို့ ဒေါပုံမြို့နယ် ရွှခင်းသာမြို့ပတ်လမ်းရှိ Waterboom အပန်းဖြေစခန်းကို တစ်နှစ်ကျော်ကြာ ယာယီ ရပ်နားထားရာမှ ယခုအခါ လတ်တလောဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ပြီးခဲ့သော ရက်တစ်ပတ်အတွင်းမှစတင်ကာ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း Yangon Waterboom အပန်းဖြေစခန်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။**

ခေတ်နှင့်အညီ အပန်းဖြေနိုင်သော Yangon Waterboom အပန်းဖြေစခန်းကို ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ဆုံးပတ်မှ စတင်ကာ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေတစ်ရပ်ကြောင့် ယာယီ ပိတ်ထားခဲ့ရာမှ ယခု ပြန်လည် ဖွင့်လှစ်ချိန်တွင် တစ်နှစ်ကျော်ကြာခဲ့ပြီ ဖြစ်သည်။ ယခင်ကဲ့သို့ နေ့စဉ်မဟုတ်ဘဲ တစ်ပတ်လျှင် စနေနေ့နှင့် တနင်္ဂနွေ နှစ်ရက်တည်းသာ ဖွင့်လှစ်ထားပြီး အချိန်အားဖြင့်လည်း နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ပေးထားသည်။

"Yangon Waterboom ကို နိုင်ငံတော်က သတ်မှတ်ထားတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ် ထိန်းချုပ်ရေး စည်းကမ်းချက်တွေနဲ့အညီ ဇွန်လနောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ် ခဲ့တာပါ။ စနေ၊ တနင်္ဂနွေ နှစ်ရက်ကို ရွေးချယ်ကာ ဖွင့်လှစ်ပေးသွားဖို့ စီစဉ်ခဲ့ပါတယ်" ဟု Yangon Waterboom အပန်းဖြေစခန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ Yangon Waterboom အပန်းဖြေစခန်းကို ပြန်လည် ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ် ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ဝင်ရောက်လည်ပတ်အပန်းဖြေသည့် လူဦးရေကို တစ်နေ့ ၅၀ မှ ၈၀ အတွင်း ကန့်သတ်ထားပြီး ဝင်ကြေးအနေဖြင့်လည်း လူကြီးတစ်ဦး ငွေကျပ် ၂၀၀၀၀ (နေ့ခင်းစာပါ) နှင့် အရပ်လေးပေအောက်ရှိ ကလေးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သတ်မှတ်ထားကြောင်း သိရသည်။



ရန်ကုန်မြို့ ဒေါပုံမြို့နယ်အတွင်းရှိ Yangon Waterboom အပန်းဖြေစခန်းကို တွေ့ရစဉ်။

Yangon Waterboom အပန်းဖြေစခန်းကို ရန်ကုန်မြို့ ဒေါပုံမြို့နယ် ရွှခင်းသာမြို့ပတ်လမ်းရှိ ရွှခင်းသာပန်းခြံအတွင်း၌ ၂၀၁၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စတင်ကာဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ဖွင့်လှစ်ရာတွင် နိုင်ငံတော်အစိုးရထံမှ နှစ်ရှည်ငှားရမ်းကာ Media one (UMG Group of Campanies) က တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်၊ ဓာတ်ပုံ- မိုးမခ**

# ပဲခူးတိုင်းဒေသကြီး၌ ၂၀၂၀-၂၀၂၁ ခုနှစ် ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကျင်းပ

ပဲခူး ဇူလိုင် ၃

**ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ သားသမီးများ ပညာသင်ထောက်ပံ့ကြေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း တက်ရောက်သည်။**

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကလေးငယ်များသည် အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ခေါင်းဆောင်ကောင်းများ သားကောင်းရတနာများ ဖြစ်သည့်အားလျော်စွာ ပညာတတ်လူငယ်များ ဖြစ်လာစေရေး ထောက်ပံ့ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိကြောင်း၊ ပညာရည်ပြည့်ဝသော နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွက်လာမှသာ တိုင်းပြည်၏ အနာဂတ်လည်း တောက်ပြောင်လာမှာဖြစ်ကြောင်း၊ ပညာရေးသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသာမက လူ့အဖွဲ့အစည်းရှင်သန်မှုအတွက် အဓိက ရေသောက်မြစ်ဖြစ်သည့်အတွက် မိမိတို့၏ သားသမီးများအား အကောင်းဆုံး ပြုစုပျိုးထောင်ပေးကြစေလိုကြောင်းနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ဝန်ထမ်းများ၏ သား၊ သမီးများ ပညာရည်မြင့်မားစေရေးအတွက် ထောက်ပံ့ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တက္ကသိုလ်တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း (ယာပုံ)၊ ကောင်စီအဖွဲ့ဝင်များက အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများကို လည်းကောင်း၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက မူကြိုတန်း တက်ရောက်နေသည့် ကျောင်းသူများအား ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ရာ၊ ကျောင်းသား ကျောင်းသူ၊ ဝန်ထမ်းမိဘများကိုယ်စား ဦးမောင်မောင်ဌေးက ကျေးဇူးတင်စကား ပြောကြားသည်။



အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ငဖဲမြို့နယ်၌ မိုးစပါး ၂၉၇၄ ဧကအတွက် မန်းချောင်းရေလှောင်တမံမှ ပျိုးထောင်ရေများ စတင်ပေးဝေ

ငဖဲ ဇူလိုင် ၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်းရှိ မန်းချောင်းရေလှောင်တမံ ဆည်ရေသောက် ဧရိယာများတွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၂၉၇၄ ဧကရှိရာ ယင်းစိုက်ခင်းများကို စတင်ပျိုးထောင်စိုက်ပျိုးနိုင်ရန် ဇူလိုင် ၁ ရက်မှစ၍ ဆည်ရေများ ပေးဝေလျက်ရှိကြောင်း မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှူး ဦးအောင်ကိုဦးထံမှ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မန်းချောင်းတမံ ဆည်ရေသောက်ဧရိယာအတွင်း မြောင်းလက်တံအလိုက် မိုးစပါးစိုက်ပျိုးရန် လျာထားမှုမှာ လက်ဝဲမြောင်းမကြီးရှိ ကျေးရွာအုပ်စု ခြောက်စု၊ ကွင်းပေါင်း ၁၄ ကွင်းတွင် လျာထားဧက ၁၀၀၃ ဧက၊ လက်ယာမြောင်းမကြီးတစ်လျှောက်ရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကွင်းပေါင်း ၁၅ ကွင်းတွင် လျာထားဧက ၁၉၇၁ ဧက၊ စုစုပေါင်း ၂၉၇၄ ဧကနှင့် ရင်းရှည်တမံ ဆည်ရေသောက်ဧရိယာအတွင်းရှိ ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကွင်းပေါင်း လေးကွင်းတွင် လျာထားဧက ၂၈၅ ဧက၊ စုစုပေါင်း ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကွင်းပေါင်း ၃၃ ကွင်းတွင် ၃၂၅၉ ဧက လျာထားကြောင်း သိရသည်။

မန်းချောင်းတမံ၏ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၂၀၀၀ ဖြစ်ပြီး လက်ရှိ ရေသိုလှောင်ထားနိုင်မှုပမာဏမှာ ဧကပေ ၃၅၀၀၀ ကျော်ဖြစ်သဖြင့် ဆည်ရေပေးဝေနိုင်သည့် ဧရိယာအတွင်း မိုးစပါး ၂၉၇၄ ဧက စိုက်ပျိုးရန် လျာထားခြင်းဖြစ်ပြီး မိုးစပါးများ စတင်ပျိုးထောင်နိုင်ရန် ဇူလိုင် ၁ ရက်မှစ၍ ဆည်ရေပေးဝေ နေပြီဖြစ်သည်။

ထို့ပြင် ရင်းရှည်တမံ ဆည်ရေသောက်ဧရိယာအတွင်း၌လည်း မိုးစပါးပျိုးထောင်ရန်အတွက် စိုက်ပျိုးရေများကို ဇူလိုင် ၂၀ ရက်တွင် စတင်ပေးဝေသွားမည်ဟု သိရသည်။ **မယု(ငဖဲ)**



## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovichနှင့် တွေ့ဆုံမေးမြန်းခြင်း

ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatoly Mikhailovich နှင့် တွေ့ဆုံမေးမြန်းထားပါသည်။ အဆိုပါ တွေ့ဆုံမေးမြန်းမှုနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်-

*ယမန်နေ့မှအဆက်*

**မေး ။ ။ နောက်ထပ်မေးခွန်းကတော့ ပေးပို့ထားတဲ့ မေးခွန်းထဲမှာတော့ မပါပါဘူးရှင့်။ ထပ်ပြီးတော့ မေးလိုပါတယ်ရှင့်။ ဖြေနိုင်မယ်ဆိုရင်ဖြေကြားပေးစေလိုပါတယ်ရှင့်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ ယခုခရီးစဉ်ကနေ ရုရှား-မြန်မာ ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအပါအဝင် နှစ်နိုင်ငံအကျိုးစီးပွားအတွက် ဘာတွေများ ရရှိနိုင်မလဲလို့ မျှော်လင့်ပါသလဲရှင့်။**

ဖြေ ။ ။ ဒီမေးခွန်းဟာ တစ်ဖက်မှာ လွယ်ကူတယ်လို့ ထင်ရပေမယ့်လည်း တစ်ဖက်မှာတော့ ဖြေကြားရန် ခက်ခဲတဲ့အပိုင်းတွေရှိနေပါတယ်။ ဘာကြောင့် ခက်ခဲရလဲဆိုတော့ အဖွဲ့အစည်းအားလုံး လူအားလုံးအတွက် ကိုယ်စားဝင်ဖြေပေးလို့မရသလို အာမခံကတိစကားပေးလို့လည်း မဖြစ်နိုင်ပါဘူး။ လွယ်ကူရတဲ့အပိုင်းကတော့ ဒီခရီးစဉ်နဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့အနေနဲ့ အများကြီး မျှော်လင့်ထားပါတယ်။ မျှော်လင့်ချက်တွေထဲက တစ်ခုကတော့ ရုရှားနဲ့ မြန်မာနိုင်ငံကြား ပညာရေး၊ သိပ္ပံနဲ့ နည်းပညာ၊ ကူးသန်းရောင်းဝယ်ရေးနဲ့ အရောင်းပြပွဲများ အပြန်အလှန်ပြုလုပ်သွားနိုင်မည့် ချစ်ကြည်ရေးစင်တာများ တည်ဆောက်သွားနိုင်ရေးပဲ ဖြစ်ပါတယ်။ ထိုမျှော်လင့်ချက်နှင့်အတူ ယခုနှစ် (သို့မဟုတ်) လာမယ့်နှစ်ကို ရုရှား-မြန်မာချစ်ကြည်ရေးနှစ်အဖြစ် တရားဝင်သတ်မှတ်ကြေညာနိုင်ဖို့လည်း လျာထားလျက်ရှိပါတယ်။

ကျွန်တော်တို့အသင်းရဲ့ လျာထားမျှော်လင့်ချက်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လက်ခံသဘောတူ အတည်ပြုညွှန်ကြားပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါ့အပြင် ပညာရေး ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ရုရှားနိုင်ငံတက္ကသိုလ်တစ်ခုနဲ့ မြန်မာနိုင်ငံမှ တက္ကသိုလ်တို့ ပူးပေါင်းကာ ဖက်စပ်တက္ကသိုလ်တစ်ခု တည်ထောင်နိုင်ရန် စီစဉ်လျာထားလျက်ရှိပါတယ်။ ဥပမာ- ရုရှားအစိုးရတက္ကသိုလ်တစ်ခုနဲ့ ရန်ကုန်တက္ကသိုလ်တို့ အကြားတွင်ဖြစ်စေ၊ အခြားနှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်သွားမယ့် နေပြည်တော်၊ မန္တလေး အစရှိသည့် မြို့ကြီးများမှ တက္ကသိုလ်များနဲ့ဖြစ်စေ ပူးပေါင်းဆောင်ရွက်သွားနိုင်ပါတယ်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ရုရှားနိုင်ငံမှ ပါမောက္ခကြီးများအနေနဲ့ မြန်မာနိုင်ငံတက္ကသိုလ်များတွင် သင်ခန်းစာလာရောက်ပို့ချ သင်ကြားပေးခြင်းမျိုး ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပထမအချက်အနေဖြင့် ပြည်ပစေလွှတ်ပညာသင်ကြားမှုကုန်ကျစရိတ်ကို လျှော့ချသွားနိုင်မှာ ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ထိုပညာသင်ကြားပေးခွင့်ရမယ့် လူငယ်ကျောင်းသားများဟာ နိုင်ငံရဲ့ အနာဂတ်တစ်ခုဖြစ်တဲ့အားလျော်စွာ တက္ကသိုလ်ပညာများ ပြီးမြောက်အောင်မြင်ပြီးပါကလည်း ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်နေတဲ့ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများမှာ ပါဝင်လုပ်ကိုင်ကာ တိုင်းပြည်အကျိုး သယ်ပိုးနိုင်ကြမှာ ဖြစ်ပါတယ်။

**မေး ။ ။ နောက်တစ်ခုမေးချင်တာကတော့ ယခုခရီးစဉ်အတွင်းမှာ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းအနေနဲ့ ဘယ်လိုတွေ့ဆုံမှုတွေ ပြုလုပ်ပြီးတော့ ဘာတွေဆွေးနွေးညှိနှိုင်းသွားဖို့ ရှိပါသလဲရှင့်။ အစီအစဉ်လေးတွေ သိလိုပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ မြန်မာဘက် ချစ်ကြည်ရေးအသင်းကိုယ်စားလှယ်များနဲ့ ရုရှားနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းရှင်များအကြားမှာ မျက်နှာချင်းဆိုင်တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်သွားရန် စီစဉ်ထားရှိပါတယ်။ ဥပမာအနေဖြင့် ဆိုရရင် ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းသုံး အရည်အသွေးမြင့် သံပိုက်များ ထုတ်လုပ်နေတဲ့ စက်ရုံကိုယ်စားလှယ်များ၊ လမ်းပန်းဆက်သွယ်ရေးကုန်ထုတ်လုပ်မှု လုပ်ငန်းများအနက်မှ မီးရထားလမ်းသုံးပစ္စည်းအမျိုးမျိုးထုတ်လုပ်သည့် စက်ရုံ၊ ဒီဇယ် အင်ဂျင်ထုတ်လုပ်သည့်စက်ရုံများမှ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံနိုင်ဖို့ စီစဉ်ထားရှိပြီး အဆိုပါ ကုန်ပစ္စည်းများကို ရောင်းချလိုရုံမဟုတ်ဘဲ မြန်မာနိုင်ငံအတွင်း ပူးပေါင်းထုတ်လုပ်သွားနိုင်ရေးတို့ကိုပါ ဆွေးနွေးညှိနှိုင်းသွားကြမှာ ဖြစ်ပါတယ်။

နောက်ထပ်လည်း မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ အလိုအလျောက်ငြိမ်းသတ်သည့် စက်ပစ္စည်းများ ထုတ်လုပ်တဲ့ လုပ်ငန်းရှင်များနဲ့လည်း တွေ့ဆုံသွားရန်ရှိပါတယ်။ မိမိတို့အနေနဲ့ သိရှိထားရတဲ့အချက်မှာ မြန်မာနိုင်ငံမှာ ပွင့်လင်းခြောက်သွေ့သည့် ရာသီများတွင် မီးဘေးအန္တရာယ်နဲ့ မကြာခဏရင်ဆိုင်ရလျက်ရှိတာကြောင့် မိမိတို့ တီထွင်ထုတ်လုပ်ထားပြီး ကောင်းစွာ အသုံးပြုနေပြီဖြစ်သော နည်းပညာများနဲ့ မိတ်ဆက်ပေးမျှဝေသွားမှာ ဖြစ်ပါတယ်။ ထို့အပြင် မြစ်ချောင်းများနဲ့ ပင်လယ်ကမ်းခြေတစ်လျှောက် ကူးသန်းပို့ဆောင်ရေးလုပ်ငန်းငယ်များတွင် အသုံးပြုနိုင်မည့် ရေယာဉ်နဲ့ သင်္ဘောငယ်များကိုလည်း ပူးပေါင်း ထုတ်လုပ်သွားရန် ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။ ထိုရေယာဉ်များကို အသုံးပြုပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ အခြားကုန်သွယ်စီးဆင်းမှုများကို ဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။

**မေး ။ ။ နောက်ဆုံးမေးခွန်းလေးပါရှင့်။ ရုရှား-မြန်မာဆက်ဆံရေး အပြင် အခြားသော စီးပွားရေးကဏ္ဍအသီးသီးမှာ ပူးပေါင်းဆောင်ရွက်ရေးတွေမြှင့်တင်နိုင်ဖို့ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းအနေဖြင့် ဘယ်လိုများ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားပါမလဲရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ ယခုမြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံသို့ လာရောက်ပြီးနောက် မကြာမီအချိန်မှာပဲ မြန်မာနိုင်ငံသို့ ရုရှားကိုယ်စားလှယ်အဖွဲ့ စေလွှတ်သွားနိုင်ရန် ပြင်ဆင်လျက်ရှိပါတယ်။ ဇူလိုင်လထဲမှာလည်း ဖြစ်နိုင်သလို ရာသီဥတုအခြေအနေအရ မိုးနည်းသွားတဲ့ ဩဂုတ်လထဲမှလည်း ဖြစ်နိုင်ပါတယ်။ ပထမဆုံး ဖြေရှင်းဆောင်ရွက်ရမယ့် ကိစ္စရပ်ကတော့ ငွေပေးချေမှုယန္တရားပဲ ဖြစ်ပါတယ်။ သို့မှသာလျှင် နှစ်နိုင်ငံအကြားကုန်စည်ကူးသန်းရောင်းဝယ်သွားနိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာလည်း ကြားခံငွေကြေးစနစ်တစ်ခုမပါဝင်သည့် ရုရှားနိုင်ငံသုံး ရူဘယ်နဲ့ မြန်မာကျပ်ငွေတို့အကြား တိုက်ရိုက်ကူးသန်းပေးချေနိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး သို့မှသာလျှင် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဟာ လွတ်လပ်ခိုင်မာနေမှာ ဖြစ်ပါတယ်။

ထိုခရီးစဉ်အတွင်းမှာလည်း မြန်မာနိုင်ငံဘက် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းရှင်များနဲ့လည်း တွေ့ဆုံသွားရန် ရှိပါတယ်။ ထို့အတူ မိမိတို့လက်ရှိ ရုရှားနိုင်ငံတွင် တွေ့ဆုံပေးရန် စီစဉ်ထားသည့် လုပ်ငန်းရှင်များကိုလည်း မြန်မာနိုင်ငံသို့ ခေါ်ဆောင်လာမှာဖြစ်ပြီး ပထမအချက်အနေဖြင့် မြန်မာနိုင်ငံအား သိကျွမ်းရင်းနှီးစေမှာဖြစ်သလို မြန်မာနိုင်ငံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖော်ဆောင်သွားမယ့် အနာဂတ်စီမံကိန်းများကို လေ့လာသွားစေမှာဖြစ်ပြီး ရုရှားနိုင်ငံ ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ ပေါ်ထွက်လာဖို့လည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ စွမ်းအင်အရင်းအမြစ်လုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားလျက်ရှိပါတယ်။ ဒါ့အပြင် ထိုကဲ့သို့သော နှစ်နိုင်ငံ တိုက်ရိုက်ငွေပေးချေမှုစနစ်ကို တည်ဆောက်နိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှ တစ်ဆင့် မည်သည့်နိုင်ငံ ထုတ်ကုန်ပစ္စည်းကိုမဆို ဒေါ်လာ၊ ယူရို အစရှိသည့် ငွေကြေးများကို အသုံးမပြုဘဲ မိမိတို့ငွေသားစနစ်ကို အသုံးပြု၍သာ ဝယ်ယူတင်ပို့သွားနိုင်မှာလည်း ဖြစ်ပါတယ်။

**မေး ။ ။ ဟုတ်ကဲ့ပါရှင့်။ မြန်မာနိုင်ငံအတွက် စကားလက်ဆောင်နဲ့ ဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောပေးပါဦးရှင့်။**

ဖြေ ။ ။ "ရုရှား-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်ပါစေ" ကျွန်တော့်အတွက် မြန်မာနိုင်ငံဆိုတာ ဒုတိယအမိမြေပါပဲ။ ကျွန်တော်ရဲ့ မိသားစုပြောသလိုပဲ ကျွန်တော် ကိုယ်တိုင်ကလည်း မြန်မာပြည်ကို အရမ်းချစ်တဲ့လူတစ်ယောက်ပါ။ "ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ ၁၉၇၈၊ ၁၉၇၉ ခုနှစ်မှာ စာသင်ခဲ့တယ်။ ဒါကြောင့် ကျွန်တော် မြန်မာပြည်ကို သိပ်ကြိုက်တယ်။ သိပ်ချစ်တယ်။"

**မေး ။ ။** ဟုတ်ကဲ့ ။ ခုလို အချိန်ပေးပြီးဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ရှိပါတယ်ရှင့်။ ။



○ ပထမဆုံး ဖြေရှင်းဆောင်ရွက်ရမယ့် ကိစ္စရပ်ကတော့ ငွေပေးချေမှုယန္တရားပဲ ဖြစ်ပါတယ်။ သို့မှသာလျှင် နှစ်နိုင်ငံအကြားကုန်စည် ကူးသန်းရောင်းဝယ်သွားနိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာလည်း ကြားခံငွေကြေးစနစ်တစ်ခုမပါဝင်သည့် ရုရှားနိုင်ငံသုံး ရူဘယ်နဲ့ မြန်မာကျပ်ငွေတို့အကြား တိုက်ရိုက်ကူးသန်းပေးချေနိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး သို့မှသာလျှင် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဟာ လွတ်လပ်ခိုင်မာနေမှာ ဖြစ်ပါတယ်

◆ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၀၈) ခု | (၆၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၆) ခု | (၁၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၂) ခု | (၄၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၂၀) ခု | (၅၇) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၃၄) ခု | (၁) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၃) ခု | (၂၃) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၁) ခု | (၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၃၈) ခု | (၃၈၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၄၁၈) ခု | (၁,၂၁၀) ဦး |
| စုစုပေါင်း | (၉,၀၅၄) ခု | (၁,၈၇၇)ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက် ကုသ

**နေပြည်တော် ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်း တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲ တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ်၊ ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့်တပ်မတော်မှဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး လျက်ရှိသည်။

ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံး ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ် ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၃**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၅၁၀၀ ဦးနှင့် အတွင်းလူနာပေါင်း ၇၇၀၂၂ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၃၁၆ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၄၈၇ ဦး၊ စုစုပေါင်း ၁၈၈၀၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွား လူနာ ၆၂၂၄ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၈၅၆ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၀၈၀ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့သစ်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မြို့သစ် ဇူလိုင် ၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် မိုးရာသီလူထု စုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့သစ်မြို့နယ် အောင်ချမ်းသာကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းတွင် ယနေ့နံနက် ၈ နာရီက ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးသီဟအောင်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ များက မာတာကွတ်ပင်၃၀၊ မယ်ဇယ်ပင် ၃၀၊ ကုက္ကိုပင် ၃၀၊ ယင်းမာ ပင် ၃၀၊ ဗာဒံ ၁၀ပင်၊ ဆီးဖြူပင် ၃၀၊ စိန်ပန်း ၁၅ပင်၊ ကျွန်း ၁၀ပင်၊ မဲဇလီ ၁၀ပင်၊နံ့သာနီ ၅ပင် စုစုပေါင်းအပင်၂၀၀အား သတ်မှတ်နေရာ များတွင် စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။



မြို့သစ်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စုစုပေါင်းသစ်ပင် ၂၉၀၀ ပျိုးထောင် ထားပြီး စာသင်ကျောင်းများ၊ သစ်ပင်ချစ်သူများနှင့်အတူ ပူးပေါင်း၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တော ဦးစီးဌာနမှ သိရ သည်။

**သန်းဝင်းထွန်း (မြို့သစ်)**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲများကျင်းပ



မော်လမြိုင်မြို့ မုရောင်းကျေးရွာ မြဆည်းဆာ ဘိုးဘွားရိပ်သာဝင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က ပြုလုပ်ရာ မြို့နယ်စီမံ အုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတင်ယုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီး ရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်း သစ်ပင် စိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)

### တောင်တွင်းကြီး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ရတနာပွင့်လှ ကန်တော်ကြီး အရှေ့ဘက်ကားလမ်းဘေးဝဲယာတွင် မြန်မာအမျိုး သမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၈ နာရီက ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစည်သူရှိန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်း များ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့် သစ်ပင်ချစ်သူများ က သစ်ပင်များစိုက်ပျိုးပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဒေသရာသီဥတုနှင့် ကိုက်ညီသည့် ကျွန်းပင်၊ ရေတမာပင်၊ ပန်းမဲဇလီပင်၊ စိန်ပန်းပင်၊ စွယ်တော်ပင် စသည့် အရိပ်ရပင်၃၀၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရ သည်။

**မြို့နယ်ပြန်/ဆက်**

### စစ်ကိုင်း

စစ်ကိုင်းခရိုင်/မြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ မြန်မာအမျိုး သမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီက ရွှေမင်းရပ်ကွက်ရှိ ပေါ်တော်မူဘုရားအနီးဝန်းကျင်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်း ထွန်းစိန်၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ရပ်ကွက် နေပြည်သူများနှင့် အခြားအဖွဲ့အစည်းများက တယ်ပင် ၁၀၀၊ ခရေ ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ကံ့ကော် ၁၀၀၊ ယူကလစ် ပင်၁၀၀ နှင့် အင်ကြင်းပင် ၅၀၊ စုစုပေါင်း အပင် ၅၅၀တို့ စိုက်ပျိုးခဲ့ကြကြောင်း မြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့၌ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်သူများ၏ တိုက်ခိုက်မှုများကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံများအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်



နေပြည်တော် ဇူလိုင် ၃

**ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့၌ ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်သူများ၏ တိုက်ခိုက်မှုများကြောင့် ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအိမ်များတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။**

အဆိုပါ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်များ၌ နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဘာသာရေးအဆောက်အအုံတစ်လုံး၊ ဌာနဆိုင်ရာအဆောက်အအုံ ၄၀၊ နေအိမ် ၁၆ လုံး၊ ဖယ်ခုံမြို့နယ်နှင့် မိုးဗြဲမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံတစ်လုံးနှင့် နေအိမ် ၂၃ လုံးတို့ကို ပြန်လည်ပြုပြင်ပေးနိုင်ခဲ့သည်။

ထို့ပြင် အဆိုပါမြို့နယ်များအတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဘိလပ်မြေအိတ် ၂၆၀၀၊ သွပ် အချပ် ၁၂၂၀ နှင့် အုတ် ၆၆၀၀ တို့ကို နယ်မြေခံတပ်နယ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြဝတီမြို့ စည်ပင်ဝန်ထမ်းများနှင့် မိသားစုများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးပြုလုပ်ပေး

မြဝတီ ဇူလိုင် ၃

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဇူလိုင် ၁ ရက်က နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ပြုလုပ်ပေးရာ ဆောင်ရွက်ပြီးစီးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးထွန်းတို့ကပေးအပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရောဘတ်ထူးနှင့် ဝန်ထမ်းများက လက်ခံရယူပြီး မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ၁၈ စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၅ ကတ်ကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန(Call Center)မှ ပြည်သူများ သိရှိလိုသည်များကို ဖြေကြားပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာများ၊ လိုက်နာဆောင်ရွက်ရန် အချက်အလက်များနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားနိုင်ရန်အတွက် (၂၂-၆-၂၀၂၁) ရက်နေ့၊ နံနက်(၀၈၀၀) နာရီမှ စတင်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ်-၄၊ နေပြည်တော်တွင် သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center)အား ဖွင့်လှစ်ထားရှိလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိမိတို့ သိရှိလိုသည့် ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ အချက်အလက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန သတင်းအချက်အလက်များ မေးမြန်းစုံစမ်းရန်ဌာန (Call Center)ရှိ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ နေ့စဉ် နံနက်(၀၈၀၀)နာရီမှ ည (၂၁၀၀) နာရီအတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည် -

(၁) ၀၆၇- ၃၄၃၁၁၅၀၈
(၂) ၀၆၇- ၃၄၃၁၁၅၀၉
(၃) ၀၆၇- ၃၄၃၁၁၃၄၄
(၄) ၀၉- ၈၈၂၅၅၇၉၉၁
(၅) ၀၉- ၈၈၂၅၅၇၉၉၂
(၆) ၀၉- ၈၈၂၅၅၇၉၉၃

**သတင်းစဉ်**

## ဘားအံ၊ သာစည်နှင့် ဟိုပန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အားကစားကွင်းရှေ့ ယာဉ်ရပ်နားသည့်နေရာ၌ ရန်အောင်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊



အောင်မျိုးဝင်း(ခ)အကရမ်း၊ မယမုံစိုး(ခ)ယမုံ တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတား ဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင်အမှတ် ၂၀/၆ အနီးတွင် အောင်မျိုးဝင်း (ခ) အကရမ်း မောင်းနှင်ပြီး မယမုံစိုး (ခ) ယမုံ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့နယ် ရွှေဝါကျေးရွာအုပ်စု ရွှေဝါကျေးရွာနေ မအိုအွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

▼ *ကျောဖုံးမှ*

ယူရိုပြိုင်ပွဲတွင် ပုံစံကောင်းရရှိနေသည့် အသင်းနှစ်သင်း တွေ့ဆုံပြီး တိုက်စစ်ဆင်ကစားမှုကြောင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲချိန် ၁၃ မိနစ်တွင် အီတလီအသင်းမှ ဘိုနူချီ ဘယ်လ်ဂျီယံအသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ရုပ်သံကြည့်ရှုစနစ်ဖြင့် ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

ပွဲချိန် ၃၁ မိနစ်တွင် အီတလီအသင်းက အဖွင့်ဂိုးရရှိခဲ့ပြီး ဗာရတ်တီ၏ ဖန်တီးပေးမှုမှ တစ်ဆင့် ဘာရယ်လာက သွင်းယူပေးနိုင်ခဲ့သည်။ အီတလီအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၄၄ မိနစ်တွင် အစ်ဆစ်ဂ်နီက သွင်းယူပေးနိုင်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို လူကာကူက အမှားအယွင်းမရှိ ကန်သွင်းယူနိုင်ခဲ့သည်။

### ကွာတားဖိုင်နယ်မှထွက်ခွာ

ဒုတိယပိုင်းတွင် ဘယ်လ်ဂျီယံအသင်းသည် ကစားအားကျလာသည့် တိုင်လီမန်းစ်၊ မူနီယာတို့၏နေရာကို မာတင်စ်၊ နာဆာချဒလီတို့ဖြင့် အစားထိုး ကစားစေခဲ့သည်။ သို့သော်လည်း ဘယ်လ်ဂျီယံအသင်းသည် လိုအပ်နေသည့် ဂိုးများကို သွင်းယူနိုင်ခြင်းမရှိဘဲ အီတလီအသင်း ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ကာ ယူရို ၂၀၂၀ ပြိုင်ပွဲကို ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသည်။

### အီတလီနှင့် စပိန် ဆီမီးတွေ့ဆုံ

ယနေ့ပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော အီတလီအသင်းသည် ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အသင်းကြီး စပိန်အသင်းနှင့် ဇူလိုင် ၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ စပိန်အသင်းသည် ကွာတားဖိုင်နယ်တွင် ဆွစ်ဇာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

## ယူရို ၂၀၂၀ ပြိုင်ပွဲ ကွာတားဖိုင်နယ်ရလဒ်

၃ - ၇ -၂၀၂၁

ချက် ၁ - ၂ ဒိန်းမတ်

# ဂျပန်နိုင်ငံတွင် ရွှံ့နွံများပြိုဆင်းမှု ဖြစ်ပေါ်ပြီးနောက် လူ ၂၀ ပျောက်ဆုံးလျက်ရှိ

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံကမ်းရိုးတန်းမြို့တွင် ရွှံ့နွံများပြိုဆင်းမှု ဖြစ်ပေါ်ပြီးနောက် လူ ၂၀ ပျောက်ဆုံးနေဆဲဖြစ်ပြီး ၎င်းတို့ လုံခြုံ စိတ်ချရခြင်း ရှိ မရှိကို အတည်ပြုနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်ဟု ရှီဇူအိုကာခရိုင်မှ အာဏာပိုင်များက ပြောသည်။

ဂျပန်နိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အတာမီမြို့တွင် သဘာဝဘေးပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ရွှံ့နွံများပြိုဆင်းမှုမှာ ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခွဲတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု အီဇူဆန်ရေိယာတစ်ဝိုက်တွင် နေထိုင်သည့်ဒေသခံတစ်ဦး၏ သတင်းပို့မှုကို အခြေခံကာ မီးသတ်ဌာနအရာရှိများက ပြောသည်။ ယင်းဖြစ်ရပ်ကြောင့် နေအိမ်ပေါင်းများစွာ ပျက်စီး ဆုံးရှုံးခဲ့ရသည်ဟု ၎င်းတို့က ပြောသည်။ ပျောက်ဆုံး နေသည့်လူများကို မီးသတ်ဌာနနှင့် ရဲများက ဆက်လက်ရှာဖွေဆဲဖြစ်သည်။

အခင်းဖြစ်ပွားသည့်အခါ ကုန်းမြင့်သို့ ထွက်ပြေးခဲ့သည့်အတွက် လွတ်မြောက်ခဲ့သည်ဟု လက်တွေ့ကြုံတွေ့ခဲ့ရသူတစ်ဦးက အင်န်အိတ်ချ်ကေသို့ ပြောသည်။

ရှီဇူအိုကာနှင့် ကာနာဂါဝါ ခရိုင်တို့မှ အဆိုးဆုံးပင်ဖြစ်သည်ဟု သိရသည်။ အနိမ့်ပိုင်းနေရာများတွင် ရေကြီးမှုများနှင့် နောက်ထပ်မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်သေးသည်ဟုလည်း သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**



အတာမီမြို့တွင် ရွှံ့နွံများ ပြိုကျလာမှုကြောင့် တံတားတစ်စင်း ပျက်စီးသွားသည်ကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။

# ဂျပန်ကထောက်ပံ့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး မလေးရှားနှင့် အင်ဒိုနီးရှားသို့ ရောက်ရှိ

**တိုကျို ဇူလိုင် ၃**

ဂျပန်နိုင်ငံမှ ထောက်ပံ့ပေးသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်သန်းကို မလေးရှားနိုင်ငံက ရယူပြီးဖြစ်ကြောင်း သိရသည်။ ကွာလာလမ်ပူမြို့အနီးရှိ လေဆိပ်သို့ ဇူလိုင် ၁ ရက်တွင် အက်စ်ထရာဇနီကာကာကွယ်ဆေးများ ပေးပို့သည့် လေယာဉ် ဆိုက်ရောက်ခဲ့သည်။

အဆိုပါကာကွယ်ဆေးများကို တတ်နိုင်သမျှ မြန်မြန်အသုံးပြုသွားမည်ဟုလည်း သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်မှုဆိုင်ရာဝန်ကြီး ခါဟာရီဂျမာလူဒင်က ပြောသည်။

မလေးရှားနိုင်ငံသည် မေလလယ်မှစတင်ကာ ကူးစက်မှုမြင့်မားခြင်းနှင့် ရင်ဆိုင်ခဲ့ရသည်။ စီးပွားရေးဆိုင်ရာ လှုပ်ရှားမှုများကိုလည်း ကန့်သတ်ထားခဲ့ရသည်။ ကာကွယ်ဆေးများ ရရှိရန်မှာ တိုင်းပြည်အတွက် လွန်စွာအရေးကြီးနေသည်။

လူဦးရေ ၁၆ သန်းကျော် တိုင်းပြည်လူဦးရေထက်ဝက်နီးပါးမှာ ကာကွယ်ဆေးထိုးလိုကြသည်ဟု သိရသည်။ ယခုအချိန်အထိ လူပေါင်း ၅ ဒသမ ၇ သန်းကျော်သာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရသေးသည်။

အင်ဒိုနီးရှား နိုင်ငံမှလည်း ဂျပန်နိုင်ငံက ပေးပို့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်သန်းခန့်ကို လက်ခံရရှိခဲ့သည်ဟု သိရသည်။

ဂျပန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့လည်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပေးပို့ခဲ့ပြီး ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သို့လည်း ကာကွယ်ဆေးများ ပေးပို့သွားမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**






ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်မှုကို ဇွန် ၃၀ ရက်က တွေ့ရစဉ်။

# ကနေဒါနိုင်ငံအနောက်ပိုင်း တောမီး မြို့ပြများသို့ ကူးစက်လာနိုင်ဖွယ်ရှိ ကယ်ဆယ်ရေးများလုပ်ဆောင်ရန် တပ်ဖွဲ့ဝင်များ အသင့်စောင့်ဆိုင်း

**အော့တဝါ ဇူလိုင် ၃**

ကနေဒါနိုင်ငံအနောက်ပိုင်းတွင် စံချိန်တင်အပူလှိုင်းကြောင့် တောမီးလောင်မှုများ ၁၀၀ ကျော်ဖြစ်ပေါ်လျက်ရှိပြီး မြို့ပြများမှ လူများကို ကယ်တင်နိုင်ရေးအတွက် အော့တဝါတွင် စစ်ဘက်သုံးလေယာဉ်နှင့် အခြားသောအကူအညီများ အဆင်သင့်ပေးပို့နိုင်ရေးအတွက် ဇူလိုင် ၂ ရက်တွင် ပြင်ဆင်ခဲ့ကြောင်း သိရသည်။

ဗြိတိသျှ ကိုလံဘီယာပြည်နယ်တွင် တောမီးလောင်မှု ၁၄၃ ခုထက်မနည်း ဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့အနက် ၇၇ မှာ ပြီးခဲ့သည့် နှစ်ရက်အတွင်းမှ လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

ကနေဒါတပ်ဖွဲ့မှာလည်း ကူညီရန်အသင့်ရှိသည်ဟု ကာကွယ်ရေးဝန်ကြီး ဟာဂျစ်ဆာဂျင်က ပြောသည်။ ဗြိတိသျှ ကိုလံဘီယာတွင်လည်း လူပေါင်း ၁၀၀၀ ကျော် တောမီးကြောင့် ထွက်ပြေးခဲ့ရသည်ဟု သိရသည်။

အာဏာပိုင်များက ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်ဟု သိရသည်။

**အေအက်ဖ်ပီ**

# ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုများ တစ်ကမ္ဘာလုံး ပျံ့နှံ့

**ဂျီနီဗာ ဇူလိုင် ၃**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများမှာ တစ်ကမ္ဘာလုံးအနှံ့ ပြန်လည် ဖြစ်ပေါ်လာပြီး ဗီဇပြောင်းများ၏ ကူးစက်မှုကြောင့်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို စိတ်ပူပင်စရာဖြစ်စေခဲ့သည်။ အိန္ဒိယတွင် ပထမဆုံးတွေ့ရှိရသည့် ဒယ်လ်တာသည် တိုင်းပြည်အတွင်း ကူးစက်မှုများပြားရခြင်း၏ အဓိကအကြောင်းဖြစ်ပြီး နေ့စဉ်ကူးစက်မှုမှာ ၄၀၀၀၀၀ ကျော် တွေ့လာရသည်။

အိန္ဒိယတွင် တင်းကျပ်သည့် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ချမှတ်ပြီးနောက် နေ့စဉ်ကူးစက်မှုမှာ သိသိသာသာကျဆင်းလာခဲ့သည်။ ဖြေလျှော့မှုများ လုပ်ဆောင်လာသည့်နောက် စီးပွားရေးပြန်လည်လုပ်ဆောင်မှုများ ရှိလာသည်။ နှစ်လကြာမြင့်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် တာ့ဂျ်မဟာကို ဇွန် ၁၆ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

သို့သော်လည်း ဒယ်လ်တာပလက်စ်ဟု ခေါ်သော ဗီဇပြောင်းကူးစက်မှုကြောင့် တိုင်းပြည်၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်စရာကောင်းနေဆဲပင်ဖြစ်သည်။

ပီရူးနိုင်ငံတွင်လည်း လမ်ဒါဟုခေါ်သည့် ဗီဇပြောင်းကူးစက်ခံရပြီး ဧပြီလမှစတင်ကာ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဗီဇပြောင်းကို အာဂျင်တီးနားနှင့် ချီလီနိုင်ငံတို့တွင်လည်း တွေ့လာရသည်။

အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ အပါအဝင် အာရှနိုင်ငံများတွင်လည်း ကူးစက်မှုများ ပြန်လည်များပြားလာသည်။

ဗြိတိန်နှင့် တောင်အာဖရိကတို့တွင်လည်း ကူးစက်မှုများ ပြန်လည်များပြားလာသည်ကို တွေ့လာရသည်။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ထပ်မံ၍ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၄၈၃ ဦးရှိ

**ဒါကာ ဇူလိုင် ၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင် ၂ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၈၄၈၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီး သေဆုံးသူ ၁၃၂ ဦးရှိသည်ဟု သိရသည်။

ထို့ကြောင့် တစ်တိုင်းပြည်လုံးအနှံ့ စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၉၃၀၀၄၂ ဦးရှိပြီး သေဆုံးသူ ၁၄၇၇၈ ဦးရှိလာသည်ဟု ကျန်းမာရေးဦးစီးဌာနက ပြောသည်။

ဇူလိုင် ၂ ရက်တွင် ပြန်လည်ကျန်းမာလာသူ ၄၅၀၉ ဦး တိုးလာသည့်အတွက် စုစုပေါင်းပြန်လည်ကျန်းမာလာသူ ၈၂၅၄၂၂ ဦးအထိ ရှိလာသည်။

တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၅၉ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၈၈ ဒသမ ၇၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုတွေ မိုးထိမြင့်လာတဲ့အတွက် တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှုလုပ်ဆောင်နေတဲ့ အင်ဒိုနီးရှား

လင်းဟန်သစ်

**အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံဟာ ဇူလိုင် ၃ ရက်မှာ မြို့တော်ဂျကာတာ၊ ဂျာဗားနဲ့ ဘာလီကျွန်းတွေမှာ တစ်စိတ်တစ်ပိုင်း အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံမှာ မမျှော်လင့်ထားတဲ့ ကိုဗစ်–၁၉ ကူးစက်မှုတွေ တိုးလာတဲ့အတွက် အခုလို လုပ်ဆောင်ရခြင်းပဲ ဖြစ်ပါတယ်။**

### စံချိန်တင်မြင့်တက်လာ

အင်ဒိုနီးရှားနိုင်ငံရဲ့ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားရာ အဓိက နေရာတွေမှာရှိတဲ့ ဘာသာရေးအဆောက်အအုံတွေ၊ စားသောက်ဆိုင်တွေ၊ ဈေးဝယ်ကုန်တိုက်တွေကို ပိတ်ထားပါတယ်။ ဇူလိုင် ၂ ရက်က ကိုဗစ်–၁၉ကူးစက်ဖြစ်ပွားသူ ၂၅၀၀၀ ကျော်ရှိခဲ့ပြီး သေဆုံးသူ ၅၃၉ ဦးရှိခဲ့ပါတယ်။ ဒါဟာ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်နဲ့ သေဆုံးသူအရေအတွက်နှစ်မျိုးစလုံး စံချိန်တင်မြင့်တက်ခဲ့တာပဲ ဖြစ်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ နေ့စဉ်ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုဟာ တစ်လမပြည့်ခင်မှာ လေးဆကျော်လောက် မြင့်တက်လာခဲ့ပါတယ်။ သို့သော်လည်း အင်ဒိုနီးရှားနိုင်ငံရဲ့ တရားဝင်စာရင်းထုတ်ပြန်ချက်မှာတော့ ကိုဗစ်–၁၉ အတည်ပြုလူနာအရေအတွက်ဟာ ၂ ဒသမ ၂ သန်း ကျော်လွန်ခဲ့ပြီး သေဆုံးသူအရေအတွက်ကလည်း ၅၉၅၃၄ ဦး ကျော်လွန်ခဲ့ပြီလို့ ဖော်ပြထားပါတယ်။ သို့သော်လည်း စစ်ဆေးမှုတွေနည်းနေတဲ့အတွက် တကယ့် ကိုဗစ်–၁၉ စာရင်းအမှန်ထက် အများကြီးကွာဟမှုရှိနေမယ်လို့ အများစုက ယုံကြည်လက်ခံထားပါတယ်။

### ကျန်းမာရေးစနစ်ကို ပြိုလဲလုနီးနီးဖြစ်စေ

ဒီအကျပ်အတည်းဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ အင်အားချည့်နဲ့နေတဲ့ ကျန်းမာရေးစနစ်ကို ပြိုလဲလုနီးနီးဖြစ်စေခဲ့ပါတယ်။ ပြည့်ကျပ်နေတဲ့ ဆေးရုံတွေရဲ့ အပြင်ဘက်မှာ ကျန်းမာရေးကုသမှုပေးတဲ့ လက်ဖြစ်တဲလေးတွေကိုလည်း ဆောက်လုပ်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေကိုလည်း မနိုင်မနင်းလုပ်ဆောင်နေရပါတယ်။

ဆေးရုံတွေရဲ့ စင်္ကြံလမ်းတွေမှာလည်း ငြီးညူနေတဲ့ လူနာတွေ ပြည့်လျှံနေပြီး သာမန်ကူးစက်လူနာတွေကိုလည်း စုပြုံကျလာနိုင်တဲ့ ရောဂါပြင်းထန်သူတွေကို ကုသပေးဖို့ ဆေးရုံမှ ဆင်းခိုင်းလျက်ရှိပါတယ်။

### နိုင်ငံပေါင်း ၈၅ နိုင်ငံအထိကူးစက်ပျံ့နှံ့

အိန္ဒိယနိုင်ငံမှာ ပထမဆုံးတွေ့ရှိခဲ့တဲ့ ဒယ်လ်တာ ကိုဗစ်–၁၉ မျိုးစိတ်သစ်ဟာ အခုတော့ နိုင်ငံပေါင်း ၈၅ နိုင်ငံအထိ ကူးစက်ပျံ့နှံ့လျက်ရှိပြီး မကြာသေးမီက တစ်ကျော့ပြန်ဖြစ်ပွားလာတဲ့ ကိုဗစ်–၁၉ လှိုင်းဂယက်ကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဒီကိုဗစ်–၁၉ မျိုးစိတ်သစ်ကြောင့် ဖြစ်ပါတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အခုချိန်အထိ အတည်ပြုချက်တွေအရ ဒယ်လ်တာ ကိုဗစ်–၁၉ မျိုးစိတ်သစ်ဟာ တခြားကိုဗစ်–၁၉ မျိုးကွဲတွေထက် ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံး ဖြစ်ပါတယ်။ အခုလို ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုတွေတိုးလာတဲ့ အဓိကအကြောင်းကတော့ ဒယ်လ်တာ မျိုးစိတ်သစ်ကြောင့်ဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်က ဇူလိုင် ၂ ရက်က ပြောခဲ့ပါတယ်။

### ဘယ်သူမှ စိတ်မချရဘူး

ဒယ်လ်တာမျိုးစိတ်က နိုင်ငံတိုင်းမှာရှိတယ်၊ ဘယ်သူမှ စိတ်မချရဘူးလို့ သူက ပြောပါတယ်။

ကျွမ်းကျင်ပညာရှင်တွေကတော့ မွတ်စလင်ဥပုသ်လ ပြီးတဲ့နောက်မှာ သန်းနဲ့ချီတဲ့သူတွေ ခရီးသွားလာမှုတွေ လုပ်ပြီးနောက်မှာ ဒီလိုကူးစက်မှုတွေ ဖြစ်လာတယ်လို့ ပြောပါတယ်။

အင်ဒိုနီးရှား သမ္မတဂျိုကို ဝီဒိုဒိုက ဇူလိုင် ၂၀ ရက် မတိုင်မီမှာ နေ့စဉ်ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားတဲ့အရေအတွက် ၁၀၀၀၀ အောက်ကျလာဖို့ ရည်မှန်းချက်ထား လုပ်ဆောင်ဖို့လိုကြောင်း ပြောခဲ့ပါတယ်။

ဂျိုကိုဝီလို့လူသိများကြတဲ့ အင်ဒိုနီးရှားသမ္မတ ဂျိုကို ဝီဒိုဒိုဟာ ဗိုင်းရပ်စ်ဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရတဲ့ တခြားတိုင်းပြည်တွေရဲ့ တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကို အချိန်အတော်ကြာ ခုခံပြောကြားခဲ့ပါတယ်။



ကိုဗစ် – ၁၉ စမ်းသပ်စစ်ဆေးရန် တို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

### အိမ်ကနေအလုပ်လုပ်ဖို့ အမိန့်ထုတ်ပြန်ထား

ဒါပေမယ့်လည်း သိပ်အရေးမကြီးတဲ့ အလုပ်သမားတွေကိုတောင် အခုဆိုရင် အိမ်ကနေ အလုပ်လုပ်ဖို့ အမိန့်ထုတ်ပြန်ထားပါတယ်။ တချို့သင်တန်းတွေကိုလည်း အွန်လိုင်းကပဲ သင်ကြားပေးဖို့ ပြောကြားထားပါတယ်။

အဲဒီလို ကန့်သတ်မှုတွေကို အားလပ်ရက်နန်းတော်ဖြစ်တဲ့ ဘာလီကျွန်းမှာ ကျင့်သုံးနေတာဖြစ်ပါတယ်။ အဲဒီကျွန်းမှာ မကြာသေးမီက ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ တိုးလာခဲ့တဲ့အတွက် နိုင်ငံတကာခရီးသွားတွေကို ပြန်လည်ဖွင့်ပေးဖို့ နှောင့်နှေးခဲ့ရပါတယ်။

### တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှုတွေ ကျင့်သုံးရုံနဲ့မလုံလောက်

ကျန်းမာရေးကျွမ်းကျင်သူတွေက တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှု တွေကို ကျင့်သုံးရုံနဲ့တောင် မလုံလောက်တော့ဘူးလို့ ပြောပါတယ်။

ကန့်သတ်ချက်တွေကို တစ်ခါတစ်ရံမှာ ပြည့်ကျပ်နေတဲ့ ပြည်သူ့သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေမှာ လူဦးရေပမာဏကန့်သတ်ချက်နဲ့ ခွင့်ပြုပေးထားပါတယ်။ ပြည်တွင်း ပင်လယ်ရေကြောင်း၊ လေကြောင်းနဲ့ ဘတ်စ်ကားခရီးစဉ်တွေမှာတော့ ကိုဗစ်–၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးထားတဲ့သူတွေကို ခွင့်ပြုပေးထားပါတယ်။

အင်ဒိုနီးရှားအစိုးရဟာ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို တားဆီးထိန်းချုပ်မှုတွေ လုပ်ဆောင်နေသလို စီးပွားရေးကိုလည်း မပြိုလဲစေချင်တဲ့အတွက် အတတ်နိုင်ဆုံး ထိန်းညှိလုပ်ဆောင်လျက် ရှိပါတယ်။

စီအင်န်အေ

**“အင်ဒိုနီးရှားနိုင်ငံရဲ့ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ တစ်လမပြည့်ခင်မှာ လေးဆကျော်လောက် မြင့်တက်လာခဲ့ပါတယ်။ သို့သော်လည်း အင်ဒိုနီးရှားနိုင်ငံရဲ့ တရားဝင်စာရင်းထုတ်ပြန်ချက်မှာတော့ ကိုဗစ်-၁၉ အတည်ပြုလူနာအရေအတွက်ဟာ ၂ ဒသမ ၂ သန်းကျော်လွန်ခဲ့ပြီး သေဆုံးသူအရေအတွက်ကလည်း ၅၉၅၃၄ ဦး ကျော်လွန်ခဲ့ပြီလို့ ဖော်ပြထားပါတယ်။ သို့သော်လည်း စစ်ဆေးမှုတွေနည်းနေတဲ့အတွက် တကယ့် ကိုဗစ်-၁၉ စာရင်းအမှန်ထက် အများကြီးကွာဟမှုရှိနေမယ်လို့ အများစုက ယုံကြည်လက်ခံထားပါတယ်”**

ကျော်ဖုံးမှ ❑

စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများ မပါ၊

(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှား လေယာဉ်ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/ တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေ ကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်း ပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း (CMP) စက်ရုံ၊ အလုပ်ရုံများတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask)တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင်နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာ ဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန်သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၄-၇-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၃**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခေတ္တရာမြို့သစ်ရပ်ကွက် (၁၃)လမ်းရှိ ကြည်သာအေးမြ ဘုန်းတော်ကြီး ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID–19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ရခိုင်ပြည်နယ် အမ်းမြို့ အောက်ရွာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ သိမ်ပြုပြင်ရန်အတွက် အမ်းတပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ မိသားစုဝင်များ စုပေါင်းလှူဒါန်းသည့် အလှူငွေနှင့် နဝကမ္မအလှူငွေ စုစုပေါင်း ငွေကျပ် ၁၂၈၀၀၀၀ ကို ဇူလိုင် ၂ ရက်တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်းက ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် ဇူလိုင် ၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မြန်မာ့အလင်း**

### ၃-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၅၈၀၁၉၈ | ၂၉၀၇၂၈၈၁ | ၆၂၁၆၁ |
| ၂။ | အိန္ဒိယ | ၃၀၅၀၂၃၆၂ | ၂၉၆၀၅၇၇၉ | ၄၀၁၀၆၈ |
| ၃။ | ဘရာဇီး | ၁၈၆၈၇၄၆၉ | ၁၆၉၈၉၃၅၁ | ၅၂၂၀၆၈ |
| ၄။ | ပြင်သစ် | ၅၇၈၀၆၄၈ | ၅၆၂၆၆၇၅ | ၁၁၁၁၃၅ |
| ၅။ | ရုရှား | ၅၅၈၅၇၉၉ | ၅၀၅၃၄၁၇ | ၁၃၇၂၆၂ |
| ၆။ | တူရကီ | ၅၄၃၅၈၃၁ | ၅၃၀၅၈၅၆ | ၄၉၈၂၉ |
| ၇။ | ဗြိတိန် | ၄၈၅၅၁၆၉ | ၄၃၂၉၇၆၉ | ၁၂၈၁၈၉ |
| ၈။ | အာဂျင်တီးနား | ၄၅၁၂၄၃၉ | ၄၁၁၄၀၉၆ | ၉၅၃၈၂ |
| ၉။ | ကိုလံဘီယာ | ၄၂၉၇၃၀၂ | ၃၉၉၃၆၅၁ | ၁၀၇၇၂၃ |
| ၁၀။ | အီတလီ | ၄၂၆၁၅၈၂ | ၄၀၈၆၁၈၈ | ၁၂၇၆၁၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃ - ၇ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၂၅၆၈၅၁ | ၁၉၁၅၁၄၇ | ၆၀၀၂၇ |
| ဖိလစ်ပိုင် | ၁၄၃၀၄၁၉ | ၁၃၅၁၆၉၁ | ၂၅၀၆၃ |
| မလေးရှား | ၇၇၂၆၀၇ | ၇၀၀၂၁၅ | ၅၄၃၄ |
| ထိုင်း | ၂၇၇၁၅၁ | ၂၁၇၄၉၉ | ၂၁၈၂ |
| မြန်မာ | ၁၆၃၀၈၇ | ၁၃၈၀၂၆ | ၃၃၈၄ |
| စင်ကာပူ | ၆၂၆၀၆ | ၆၂၂၅၀ | ၃၆ |
| ကမ္ဘောဒီးယား | ၅၃၂၉၈ | ၄၆၁၂၃ | ၆၉၆ |
| ဗီယက်နမ် | ၁၈၃၆၀ | ၇၃၉၅ | ၈၄ |
| လာအို | ၂၂၁၃ | ၂၀၁၉ | ၃ |
| ဘရူနိုင်း | ၂၆၂ | ၂၅၀ | ၃ |

# အဖျက်သမားတွေရဲ့ နိဂုံးအဆုံးသတ် နီးပါပြီ

မောင်သောမန

**မြန်မာနိုင်ငံမှာ ပြည်သူတွေ အထိတ်တလန့်ဖြစ်ရတာ အခုမှ မဟုတ်ပါဘူး။ လွတ်လပ်ရေး မရမီ၊ ရပြီးကနေ ယနေ့ထက်တိုင်အောင် ဖြစ်နေတာပါပဲ။ လွတ်လပ်ရေးမရမီက ဗိုလ်ချုပ်အောင်ဆန်းနဲ့ အမျိုးသားခေါင်းဆောင်ကြီးတွေ ပစ်ခတ်သတ်ဖြတ် လုပ်ကြံခံရမှုကနေ လွတ်လပ်ရေးရပြီး ပြည်တွင်းသောင်းကျန်းမှုကာလ တစ်လျှောက်နဲ့ ယနေ့ထက်တိုင်အောင် ပြည်သူတွေ အထိတ်တလန့်ဖြစ်စေတဲ့ ဗုံးပေါက်ကွဲမှုဖြစ်စဉ်လို ဖြစ်စဉ်ကြီးငယ်တွေ မကြာခဏ ပေါ်ပေါက်ခဲ့ပါတယ်။**

### နိုင်ငံရေးပယောဂ

နိုင်ငံအတွင်းမှာ အများပြည်သူတွေရဲ့လုံခြုံရေးကို တိုက်ရိုက်ခြိမ်းခြောက်နေတဲ့ အများပြည်သူဆိုင်ရာ နေရာတွေမှာ လုယက်မှုတွေ၊ လူသတ်မှုတွေ၊ ဗုံးဖောက်ခွဲမှုတွေ စတဲ့ အထိတ်တလန့် ဖြစ်စရာတွေဟာ အရင်ကလည်း ဖြစ်ခဲ့ဖူးပါတယ်။ ဖြစ်စဉ်တွေကို ဖော်ထုတ်ဖမ်းဆီးနိုင်တာတွေရှိသလို မဖော်ထုတ်၊ မဖမ်းဆီးနိုင်သေးတဲ့ အမှုတွေလည်း ရှိပါတယ်။ တိုင်းပြည် ကောင်းရာကောင်းကျိုးကို ဆောင်ရွက်တဲ့နေရာမှာ တိုင်းပြည်ပျက်စီးရာ ပျက်စီးကြောင်း လုပ်တဲ့သူတွေ အမြဲရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ တိုင်းပြည်ကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်ရာမှာ ပြည်သူတွေ အထိတ်တလန့်ဖြစ်အောင် ဗုံးဖောက်ခွဲတဲ့ လုပ်ရပ်တွေကို အလွယ်လုပ်ကြပါတယ်။ ဒီလိုလုပ်ကြတာဟာ အများသောအားဖြင့် နိုင်ငံရေးပယောဂကြောင့် နောက်ဆက်တွဲ အဖြစ်များပါတယ်။



၆-၆-၂၀၂၁ ရက်က မိတ္ထီလာမြို့နယ် ရွှေအုန်းပင်စားသောက်ဆိုင်ခြံဝိုင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာနှင့် ဖောက်ခွဲရေး ပစ္စည်းများတွေ့ရှိသည့် ဖြစ်စဉ်နေရာပြပုံ။

❑ **အဖျက်လုပ်ရပ်တွေကို ဘယ်သူတွေ လုပ်ကြတာလဲဆိုတော့ ရိုးရိုးရှင်းရှင်း ပြောရင် နိုင်ငံရေးအစွန်းရောက်တွေနဲ့ ကိုယ်ကျိုးရှာသမားတွေက လုပ်ကြတာများ၊ တောကြောင်တွေကလည်း အခြေအနေပေးရင်ပေးသလို ဖျက်ဆီးနေကြတာကို တွေ့ရမှာဖြစ်၊ ဒီလိုတိုင်းပြည်ကို ဝိုင်းဝန်းဖျက်ဆီးနေတာကြောင့် တိုင်းပြည်ဟာ ရှေ့ခရီးဆက်ဖို့ ခက်ခဲလွန်း**

### ဝိုင်းဝန်းဖျက်ဆီး

မြန်မာနိုင်ငံ မတိုးတက်တာကို ရှည်ရှည်ဝေးဝေး ပြောနေစရာ လိုမယ်မထင်ပါဘူး။ လွတ်လပ်ရေးရပြီးကတည်းက နိုင်ငံကို တည်ဆောက်တဲ့သူက တည်ဆောက်၊ ဖျက်ဆီးတဲ့သူက ဖျက်ဆီးခဲ့ကြတာ တောက်လျှောက်ပါပဲ။ ယုံကြည်ချက်တွေ၊ ခံယူချက်တွေ၊ အယူဝါဒတွေ ကွဲပြားတာနဲ့ တိုင်းပြည်ကို ဖျက်ဆီးဖို့ ဝန်မလေးခဲ့ကြပါဘူး။ ဒါဟာ ဒီမိုကရေစီလားလို့ မေးခွန်းထုတ်ချင်ပါတယ်။ တိုင်းပြည် စည်းလုံးမှုလျော့နည်းတဲ့အခါ၊ တိုင်းပြည်မှာ အားနည်းချက်တွေ၊ မတည်ငြိမ်မှုတွေ ပေါ်လာတဲ့အခါတိုင်းမှာ အဖျက်လုပ်ရပ်တွေလည်း ပေါ်ပေါက်လာစမြဲပါပဲ။

**အဖျက်လုပ်ရပ်တွေကို ဘယ်သူတွေ လုပ်ကြတာလဲဆိုတော့ ရိုးရိုးရှင်းရှင်း ပြောရင် နိုင်ငံရေးအစွန်းရောက်တွေနဲ့ ကိုယ်ကျိုးရှာသမားတွေက လုပ်ကြတာများပါတယ်။ တောကြောင်တွေကလည်း အခြေအနေပေးရင်ပေးသလို ဖျက်ဆီးနေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလို တိုင်းပြည်ကို ဝိုင်းဝန်းဖျက်ဆီးနေတာကြောင့် တိုင်းပြည်ဟာ ရှေ့ခရီးဆက်ဖို့ ခက်ခဲလွန်းပါတယ်။**

### နောက်ကွယ်ကကြိုးကိုင်

မဝေးကွာလှတဲ့ကာလကို ပြန်ကြည့်မယ်ဆိုရင် ၂၀၀၄ ခုနှစ်မှာ ရန်ကုန်ဘူတာကြီးအနီး ဗုံးထောင်ဖောက်ခွဲမှု၊ ၂၀၀၅ ခုနှစ်က မြေနီကုန်း ဒဂုံစင်တာ၊ ရှစ်မိုင်လမ်းဆုံ Junction-8 နဲ့ ပုဇွန်တောင် ကုန်သွယ်ရေးဗဟိုဌာနတွေကို တစ်ပြိုင်တည်း ဗုံးဖောက်ခွဲခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဒေါပုံမြို့နယ်က Capital Hyper Market ပေါက်ကွဲမှု၊ တောင်ဒဂုံ လဝကရုံး ပေါက်ကွဲမှု၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးဝင်းနဲ့ မရမ်းကုန်းမြို့နယ် Ocean Super Center ပေါက်ကွဲမှုတွေ ဖြစ်ခဲ့ပါတယ်။ ယနေ့အချိန်မှာတော့ ပေါက်ကွဲမှုတွေ နေ့စဉ်နေ့တိုင်းလိုလို ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီဗုံးဖောက်ခွဲမှုတွေဟာ ဘယ်သူတွေရဲ့လက်ချက်လဲဆိုတာ အထွေအထူးပြောစရာလိုမယ်မထင်ပါဘူး။ ဒီဗုံးဖောက်ခွဲမှုတွေဟာ အားအားယားယားရှိတိုင်း လက်ယားပြီး ဖောက်ခွဲနေတာမဟုတ်ပါဘူး။ ဒီလိုဗုံးဖောက်ခွဲဖို့အတွက် နောက်ကွယ်က ကြိုးကိုင်လှုပ်ရှားတဲ့သူ၊ ငွေကြေးပစ္စည်း ထောက်ပံ့ပေးတဲ့သူ၊ တွန်းအားပေးနေတဲ့သူတွေ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အဲဒီတုန်းကလည်း ရှိခဲ့ပါတယ်၊ အခုလည်းရှိနေပါတယ်။

### လူထုအုံကြွစေရန်

နမူနာအနေနဲ့ တင်ပြရမယ်ဆိုရင် ၂၀၀၅ ခုနှစ်က ပြည်ပက ဆရာကြီးတွေနဲ့ ပြည်တွင်း၊ ပြည်ပက အကြမ်းဖက် အဖျက်သမား (Terrorist)တွေက နိုင်ငံတော်ကို သုံးဖက်သုံးတန်ညှပ်တိုက်ဖို့ စီမံခဲ့ကြပါတယ်။ အဖျက်သမားတွေရဲ့ မြေပေါ်၊ မြေအောက်၊ ပြည်ပြေး တိုက်ကွက်တွေ အားလုံးနီးပါးကို နိုင်ငံတော်က ကြိုတင်ကာကွယ်တားဆီးချေမှုန်းပစ်နိုင်ခဲ့ပါတယ်။

ပြည်ပအခြေစိုက် (National Council of the Union of Burma-NCUB) လို့ခေါ်တဲ့ မြန်မာနိုင်ငံအမျိုးသားကောင်စီနဲ့ (Federation of Trade Union Burma-FTUB) လို့ခေါ်တဲ့ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ဆိုတဲ့ ပြည်ပြေးအဖွဲ့တွေရဲ့ အထွေထွေအတွင်းရေးမှူးမောင်မောင် ခေါ် ပြည်သစ်ညွန့်ဝေဟာ တစ်ဖက်နိုင်ငံမှာရှိတဲ့ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (Network for Democracy and Development-NDD) အမည်ခံ အကြမ်းဖက်အဖွဲ့ကို ကြားခံထားပြီး မြန်မာနိုင်ငံအတွင်းရှိ ဝန်ထမ်းတွေနဲ့ လူတန်းစားအလွှာ အသီးသီးထဲမှာ မြေပေါ်အမာခံအချို့ကို မြှုပ်နှံစည်းရုံးမွေးမြူပြီး ငွေကြေးအထောက်အပံ့တွေ ထောက်ပံ့ကာ ပြည်တွင်းရေး မငြိမ်မသက်ဖြစ်ပွားစေရန်နဲ့ လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်ခဲ့ပါတယ်။

### မြေအောက်လုပ်ငန်း

FTUB ကို ၁၉၉၁ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ တစ်ဖက်နိုင်ငံ ချင်းမိုင်၊ မဲဟောင်ဆောင်နဲ့ မဲဆောက်မြို့တွေမှာ ရုံးခန်းတွေဖွင့်လှစ်ခဲ့သလို ဝါရှင်တန်၊ ဆစ်ဒနီနဲ့ တိုကျိုမြို့တွေမှာလည်း ရုံးခန်းတွေဖွင့်လှစ်ပြီး အလုပ်သမားရေးရာ ကိစ္စတွေကိုဗန်းပြကာ ပြည်တွင်းရေး မငြိမ်မသက်ဖြစ်အောင် ဝင်ရောက်လှုပ်ရှားခဲ့ပါတယ်။ FTUB ဟာ လယ်သမား၊ အလုပ်သမားနဲ့ အခြားသော ရနိုင်သမျှ သတင်းတွေကို စုဆောင်းပြီး ILO နဲ့ အနောက်နိုင်ငံတွေက အလုပ်သမားအဖွဲ့တွေဆီ ပေးပို့ပါတယ်။ ပေးပို့တဲ့အခါ ထောက်ပံ့ငွေရပါတယ်။ အဲဒီထောက်ပံ့ငွေနဲ့ တစ်ဖက်နိုင်ငံကိုရောက်လာတဲ့ မြန်မာနိုင်ငံသားအချို့ကို စည်းရုံးလေ့ကျင့်အသုံးချပြီး ပြည်တွင်းဆူပူမှုဖြစ်စေရန် မြေပေါ်အဖျက်လုပ်ငန်းနဲ့ မြေအောက်လုပ်ငန်းတွေ လျှို့ဝှက်လုပ်ဆောင်ခဲ့ပါတယ်။

### နိုင်ငံရေးအန်တုမှု

မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ဆိုတာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ ကိုးဖွဲ့၊ ပြည်ပရှိဆန့်ကျင်ဘက်အဖွဲ့အစည်း ၂၆ ဖွဲ့နဲ့ ပြည်ပကို ထွက်ပြေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ သမဂ္ဂ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) စတဲ့ အဖွဲ့တွေ ပေါင်းစပ်ပြီး နိုင်ငံတော်ကို နည်းမျိုးစုံနဲ့ ဆန့်ကျင်တိုက်ခိုက်ဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်ပါတယ်။

NCUB နဲ့ FTUB အထွေထွေအတွင်းရေးမှူးဖြစ်တဲ့ မောင်မောင် ခေါ် ပြည်သစ်ညွန့်ဝေဟာ အနောက်နိုင်ငံကြီးအချို့ရဲ့ ငွေကြေးထောက်ပံ့မှုကို လျှို့ဝှက်တစ်မျိုး၊ ပေါ်ပေါ်ထင်ထင်တစ်ဖုံ ရယူပြီး အဲဒီငွေတွေနဲ့ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု NDD မှ သိန်းဝင်းကတစ်ဆင့် ပြည်တွင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်း၊ ဝန်ထမ်းဟောင်းနဲ့ အရပ်သားတွေကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်းက မဲဆောက်မှာ ထောက်ပံ့ပေးခဲ့ပါတယ်။ ၎င်းတို့ကိုတွေ့ဆုံရာမှာ ပြည်တွင်းသတင်းတွေ၊ ဝန်ထမ်း၊ အလုပ်သမား၊ လယ်သမားထုအတွင်း လှုံ့ဆော်သွေးထိုးရမယ့် အစီအစဉ်တွေ၊ မြေအောက်စနစ်၊ နိုင်ငံရေးအန်တုမှု သင်တန်းတွေကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ပါတယ်။

### ပုံမှန်ထောက်ပံ့ငွေကြေး

လေ့ကျင့်ပေးထားတဲ့ အမာခံတွေကို နိုင်ငံတော်အစိုးရ ဆန့်ကျင်ရေး စိတ်ဓာတ်တွေ၊ သတင်းယူနည်း၊ ဆက်သွယ်နည်းတွေကို စမ်းသပ်ကြည့်ရှုစိတ်ကျေနပ်ပြီဆိုတာနဲ့ ပြည်တွင်းမှာ အဖျက်အမှောင့်လုပ်ရမယ့် ရည်မှန်းချက်တာဝန်တွေကို ချမှတ်ပေးပြီး ပြည်တွင်းကို ပြန်လည်စေလွှတ်လိုက်ပါတယ်။ အဲဒီအမာခံတွေအပြန်မှာ ထောက်ပံ့ကြေးငွေတွေ သိန်းနဲ့ချီပြီးပေးလိုက်သလို နောက်ပိုင်းမှာ ပုံမှန်ထောက်ပံ့ငွေတွေကိုလည်း ကြားခံတွေကတစ်ဆင့် ပေးပို့ခဲ့ကြပါတယ်။ NDD မှ သိန်းဝင်းဟာ ပဲခူးဇာတိဖြစ်ပြီး ၁၉၈၈ ခုနှစ် အရေးအခင်းအပြီးမှာ ပဲခူး NLD လူငယ်ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ယူခဲ့ပါတယ်။ ပဲခူးမြို့မှာ ဆူပူအုံကြွမှုတွေဖြစ်အောင် လုပ်ဆောင်မှုကြောင့် ၁၉၉၀ မှာ ထောင်လေးနှစ် ကျခဲ့ပါတယ်။ ၁၉၉၅ မှာ ထောင်ကလွတ်ပြီး ABSDF ထဲ ဝင်ရောက်သွားသူဖြစ်ပါတယ်။

### ဗုံးဖောက်ခွဲဖို့စေလွှတ်

သိန်းဝင်းဟာ ABSDF အဖွဲ့ဝင်အဖြစ် ဆောင်ရွက်စဉ် ၁၉၉၈ ခုနှစ်မှာ ပြည်ပြေး ဒေါက်တာ စိန်ဝင်းနဲ့ မိုးသီးဇွန်တို့ ဦးဆောင်ဖွဲ့စည်းတဲ့ (People's Power 21 st Century - PP-21) လို့ခေါ်တဲ့ (၂၁) ရာစု ပြည်သူ့စွမ်းအားအဖွဲ့ထဲကို ဝင်ရောက်ပြီး ဖောက်ခွဲရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ PP-21 အဖွဲ့ဟာ ၁၉၉၉ ခုနှစ်အတွင်း ပြည်တွင်းမှာ နေရာအနှံ့ ဆူပူအုံကြွမှုတွေ ဖြစ်ပေါ်လာစေဖို့ နိုင်ငံကြီးတစ်နိုင်ငံရှိ P.D. Burma ဆိုတဲ့ အဖွဲ့ရဲ့ ထောက်ပံ့ငွေနဲ့ ဖွဲ့စည်းခဲ့တဲ့ အဖွဲ့လည်းဖြစ်ပါတယ်။ ဖောက်ခွဲရေးတာဝန်ခံ သိန်းဝင်းဟာ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ ပျော်ပွဲရွှင်ပွဲတွေနဲ့ လူစည်ကားနေတဲ့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီးမှာ ဗုံးဖောက်ခွဲဖို့ စိုးသီဟ ဦးဆောင်တဲ့ လေးဦးပါအဖွဲ့ကို တာဝန်ပေးစေလွှတ်ခဲ့ပါတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

### မြေပေါ်အမာခံတွေ

အဲဒီအဖွဲ့ဟာ မဟာဗန္ဓုလပန်းခြံအနီး ချိန်ကိုက်ဗုံးတစ်လုံး ချထားခဲ့သော်လည်း လုံခြုံရေးအဖွဲ့တွေက ကြိုတင်တွေ့ရှိ ရှင်းလင်းနိုင်ခဲ့လို့ အပြစ်မဲ့ပြည်သူတွေ သေကျေ ဒဏ်ရာရတဲ့ အဖြစ်ဆိုးကြီးက လွတ်မြောက်ခဲ့ပါတယ်။ ဖောက်ခွဲဖို့ ကြိုးပမ်းခဲ့တဲ့ စိုးသီဟနဲ့ အဖွဲ့ဟာ လက်မတင်လေး လွတ်မြောက်သွားခဲ့ပါတယ်။ အဲဒီအဖွဲ့ဟာ ဧပြီလအတွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးတွေ လုပ်ဆောင်ဖို့ ဒုတိယအကြိမ် ပြည်တွင်းကို ထပ်မံဝင်ရောက်လာရာမှာ ဧပြီလ ၁ ရက်နေ့မှာ စိုးသီဟကို လုံခြုံရေးတပ်ဖွဲ့တွေက ဖမ်းဆီးရမိခဲ့ပါတယ်။

စိုးသီဟကို စစ်ဆေးချက်အရ နောက်ထပ်အဖွဲ့ဝင်တွေကို ဖောက်ခွဲရေး ပစ္စည်းတွေနဲ့ အတူ ဧပြီလ ၁၀ ရက်နေ့မှာ မြဝတီနဲ့ ကျုံဒိုးမြို့မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ NDDရဲ့ပြည်တွင်းသတင်းကွန်ရက်တာဝန်ခံ သိန်းဝင်းဟာ ပဲခူးသားအချို့ကို လိုအပ်တဲ့ သတင်းရယူနည်းသင်တန်း၊ မြေအောက်ဆက်သွယ်မှု သင်တန်းတွေ ပေးပြီး ငွေကြေးထောက်ပံ့မှုတွေနဲ့ နိုင်ငံတကာကို ဆက်သွယ်လို့ရမယ့် တရားမဝင်ဂြိုဟ်တုဖုန်းတွေ တပ်ဆင်ပေးပြီး ပဲခူးမြို့မှာ မြေပေါ်အမာခံအဖြစ် ၂၀၀၃ ခုနှစ် တစ်ဝိုက်ကစလို့ မြှုပ်နှံခဲ့ပါတယ်။

### အမာခံတွေဖြန့်ကြက်

၎င်းတို့အဖွဲ့ဟာ မရေရာတဲ့ သတင်းအစအနတွေယူပြီး လုပ်ကြံချဲ့ကားထားတဲ့ မမှန်ကန်တဲ့ သတင်းတွေကို ဂြိုဟ်တုဖုန်းကိုအသုံးပြုကာ ပြည်ပကိုပေးပို့ပြီး ထောက်ပံ့ငွေတွေ ရယူနေကြတာ ဖြစ်ပါတယ်။ ထို့အပြင် BBC နဲ့ တွေ့ဆုံမေးမြန်းခန်းပြုလုပ်ပြီး ပုံကြီးချဲ့ထားတဲ့ သတင်းတွေကို အကြိမ်ကြိမ်ပေးပို့ခဲ့ကြောင်း ဝန်ခံခဲ့ပါတယ်။ အလားတူ အခြားမြို့ခံ အမာခံအချို့ထံမှလည်း ဂြိုဟ်တုဖုန်းသုံးလုံး သိမ်းဆည်းရမိခဲ့ပါတယ်။ ၎င်းဂြိုဟ်တုဖုန်းတွေနဲ့ မဲဆောက်ကို အပြန်အလှန်ဆက်သွယ် သတင်းပေးပို့ခဲ့ကြပါတယ်။ NDD သိန်းဝင်းဟာ ပြည်တွင်းအမာခံတွေဆီက ရယူထားတဲ့ သတင်းအချက်အလက်တွေကို ILO၊ FTUB စတဲ့ အဖွဲ့တွေဆီပေးပို့ပြီး ထောက်ပံ့ကြေးတွေ ရယူခဲ့ပါတယ်။ သိန်းဝင်းဟာ FTUB က ပြည်သစ်ညွန့်ဝေရဲ့ အထောက်အပံ့ကို အဓိကအားယူပြီး အဖျက်လုပ်ငန်းတွေ ပိုမိုလုပ်ဆောင် လာနိုင်ပါတယ်။ ပြည်တွင်းအမာခံတွေကို တိုးချဲ့စည်းရုံးပြီး ငွေကြေးထောက်ပံ့နိုင်တာကြောင့် ပြည်တွင်းမှာ အမာခံတွေ ဖြန့်ကြက်ထားနိုင်ခဲ့ပါတယ်။

**“ယနေ့ ဗုံးခွဲတိုက်ခိုက် ဖျက်ဆီးမှုဖြစ်စဉ်တွေနဲ့ အတိတ်ကဖြစ်စဉ်တွေဟာ တိုင်းပြည်ပျက်စီးအောင် ပြည်တွင်း/ပြည်ပ ချိတ်ဆက်လုပ်ဆောင်ခဲ့ကြတာတွေ ဘယ်လိုပုံစံအမျိုးမျိုးတွေ ဖြစ်ခဲ့ဖြစ်ခဲ့ ထူးမခြားနား မီးစာကုန် ဆီခန်းနေပြီဖြစ်တဲ့ မထူးဇာတ်လမ်းတွေရဲ့ နိဂုံးအဆုံးသတ်ကို တစ်နေ့တော့ ရောက်လာမှာ ဖြစ်ပါတယ်”**

### ဆက်စပ်ဖြစ်ပေါ်လာ

NDD က သိန်းဝင်းနဲ့ ၎င်းရဲ့ဆရာ FTUB က ပြည်သစ်ညွန့်ဝေတို့ မြန်မာပြည်ဖျက် စီမံကိန်းတွေဟာ အမြောက်အမြားပါပဲ။ ပြည်သစ်ညွန့်ဝေဟာ NCGUB က ဒေါက်တာစိန်ဝင်းနဲ့ ၁၉၉၇ ခုနှစ်ဝန်းကျင်မှာ နှစ်ကိုယ့်တစ်စိတ် လုပ်ကြံခဲ့တဲ့ အစီအစဉ်တွေ မအောင်မြင်တာကို လက်မလျှော့ဘဲနဲ့ နောက်ပိုင်း တစ်လျှောက်လုံး အဖျက်လုပ်ရပ်တွေ လုပ်ဆောင်ခဲ့တာ တစ်ပုံတစ်ပင်ပါပဲ။ နောက်ဆက်တွဲအနေနဲ့ ရန်ကုန်မြို့သုံးနေရာမှာ တစ်ချိန်တည်း တစ်ပြိုင်တည်း အချိန်ကိုက်ဖောက်ခွဲခဲ့တဲ့ အဖြစ်ဆိုးကြီးဟာ ၎င်းတို့လက်ချက်တွေ ဖြစ်ပါတယ်။ မြန်မာပြည်ဖျက်စီမံကိန်းတွေ အဲဒီအချိန်က လုပ်ဆောင်ခဲ့တာတွေဟာ ယနေ့ကာလ ဖြစ်ပျက်နေတာတွေနဲ့ သဘောတရား အတူတူဖြစ်သလို ဆက်စပ်ဖြစ်ပေါ်လာတာတွေ အများကြီးပါပါတယ်။

**ယနေ့ ဗုံးခွဲတိုက်ခိုက် ဖျက်ဆီးမှုဖြစ်စဉ်တွေနဲ့ အတိတ်ကဖြစ်စဉ်တွေဟာ တိုင်းပြည်ပျက်စီးအောင် ပြည်တွင်း/ပြည်ပ ချိတ်ဆက်လုပ်ဆောင်ခဲ့ကြတာတွေ ဘယ်လိုပုံစံအမျိုးမျိုးတွေ ဖြစ်ခဲ့ဖြစ်ခဲ့ ထူးမခြားနား မီးစာကုန် ဆီခန်းနေပြီဖြစ်တဲ့ မထူးဇာတ်လမ်းတွေရဲ့ နိဂုံးအဆုံးသတ်ကို တစ်နေ့တော့ ရောက်လာမှာ ဖြစ်ပါတယ်။** ။

# ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် Mask Campaign များ မြို့နယ်အသီးသီး၌ပြုလုပ်

## ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အတွက် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများနှင့် ဈေးရောင်း/ဈေးဝယ်ပြည်သူများအနေဖြင့် နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ကြစေရန် ရည်ရွယ်လျက် အသိပညာပေးသည့် Mask Campaign လှုပ်ရှားမှုကို ပုလွေရွှေဆိပ်ကမ်း၌ ဇူလိုင် ၂ ရက်က ဆောင်ရွက်သည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များဖြစ်သည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်စာရေးများက နှာခေါင်းစည်း အခုရေ ၁၀၀၀ ကို ပြည်သူများအား အခမဲ့ဖြန့်ဝေပေးကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးခဲ့ခြင်းဖြစ်သည်။ ကသာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့အဝင် ကျန်းမာရေးစစ်ဆေးရေးဂိတ်ကိုလည်း ဇွန် ၁၄ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ထားကာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ကျောင်းကုန်း

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများကို ဆေးရုံလမ်းနှင့် မင်းလမ်းဆုံ၌ ဇူလိုင် ၃ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် သူနာပြုတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဒေသခံပြည်သူများနှင့် အမှတ်(၃) ရပ်ကွက် တာဦးဈေးအတွင်းရှိ ဈေးသည်များအား ရောဂါကာကွယ်ရေး အသိပညာပေး၍ နှာခေါင်းစည်း အခုရေ ၁၅၀၀ ကိုလည်း အခမဲ့ ဖြန့်ဝေပေးသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးသည့် Mask Campaign ကို ထွေ/အုပ်၊ ကျန်းမာရေးနှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် မျိုးဆက်သစ်ရောင်နီ ပရဟိတ လူမှုကူညီရေး အသင်းဝင်များ ပူးပေါင်း၍ အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂ ရက်တွင် ဗလမင်းထင်ကျောက်တိုင်အနီးရှိ နမ့်မိန်တံတားလမ်းဆုံ၌ ပြုလုပ်ကြသည်။

Mask Campaign တွင် ပြည်သူများအနေဖြင့် အသိ သတိရှိစွာ နေထိုင်သွားလာကြရန်၊ လက်ကို မကြာခဏ ဆေးကြောသန့်စင်ရန်၊ အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းတပ်ဆင်ပြီးမှသာ သွားလာကြရန်၊ လူစုလူဝေးများ မပြုလုပ်ကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ နေထိုင်သွားလာကြရန် စသည့် အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ပြီး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးသည်။

**အားချာ**

## မိုးကောင်း

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ကာကွယ်နိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ပြည်သူများအား နှာခေါင်းစည်းများဖြန့်ဝေပြီး ရောဂါကာကွယ်ရေး အသိပညာပေးသည့် Mask Campaign ကို ဇူလိုင် ၃ ရက်က ပြုလုပ်သည်။

မိုးကောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်စံနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဌေးနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၅၀ ခန့်က အုပ်စု လေးစုခွဲ၍ မိုးကောင်းမြို့ရှိ လူစည်ကားရာ နေရာများဖြစ်သည့် မန္တလေး-မြစ်ကြီးနားပြည်ထောင်စုလမ်းမ မီးပွိုင့်လမ်းဆုံ၊ မြို့မဈေးနှင့် ပုံကျဈေးများ၌ နှာခေါင်းစည်း အခု ၁၀၀၀ ကို ပြည်သူများထံ ဖြန့်ဝေပေးသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်အကြမ်းဖက်သူများက တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဇူလိုင် ၃

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်အကြမ်းဖက်သူများက တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။**

ထိုသို့ တိုက်ခိုက်ရာတွင် ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့သည် နယ်မြေအေးချမ်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် နံနက် ၈ နာရီခွဲခန့်တွင် ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာ အရှေ့ဘက် အရောက်၌ လက်နက်ကိုင် အကြမ်းဖက်သူ အင်အား ၁၀၀ ခန့်မှ လမ်းဘေးဝဲ/ယာ တောင်ကုန်းများပေါ်မှ တူမီးသေနတ်၊ လက်နက်ငယ်၊ လက်လုပ်သေနတ်များဖြင့် ချောင်းမြောင်းပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် လက်နက်ကိုင် အကြမ်းဖက်သူများသည် အနောက်တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး ၎င်းတို့ တိုက်ခိုက်ခဲ့သည့် နေရာတစ်ဝိုက်အား လိုက်လံစစ်ဆေးခဲ့ရာ အဆိုပါ နေရာများမှ လက်လုပ်စိန်ပြောင်း လေးလက်၊ တူမီးသေနတ် ခြောက်လက်တို့အား သိမ်းဆည်းရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**အကြမ်းဖက်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာ**

အလားတူ နံနက် ၈ နာရီခွဲခန့်တွင် မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာ၌ အခြေပြုလျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ် တိုက်ခိုက်ရန်အတွက် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူ အင်အား ၅၀ ခန့်သည် မောက္ကတော်ကျေးရွာဘက်မှ ချင်းတွင်းမြစ်အတိုင်း စက်လှေနှစ်စင်းဖြင့် ထွက်ခွာလာကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုတင်စောင့်ဆိုင်း၍ အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ ပန်းဆက်ကျေးရွာ အနောက်ဘက် လေးဖာလုံခန့်အကွာရှိ ဆိပ်ကမ်းသို့ရောက်ရှိစဉ် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများမှာ နံနက် ၉ နာရီတွင် မောက္ကတော်ကျေးရွာဘက်သို့ စက်လှေနှစ်စင်းဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ထို့အတူ ကောလင်းမြို့နယ် ရွာရှည်တောင်ကျေးရွာ၌ လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ် သုံးစီးဖြင့်သွားရောက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်ခန့်တွင် သစ်ဆိမ့်ကုန်းကျေးရွာအထွက် အရောက်တွင် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက ကားလမ်းပေါ်တွင် လက်လုပ်မိုင်းများ ဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ မွန်းလွဲ ၃ နာရီခွဲခန့်တွင် လက်နက်ကိုင် အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်းနှင့် ထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ် တစ်စီး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်ခန့်တွင် ကောလင်းမြို့မရဲစခန်းအား လက်နက်ကိုင် သောင်းကျန်းသူများက ရဲစခန်း၏ အရှေ့တောင်ဘက်ကိုက် ၃၀၀ ခန့်အကွာ ကောလင်းမြို့ ကျော်ဇေယျာ (၁)ရပ်ကွက် ဘုန်းကြီးကျောင်းအနောက်ဘက်မှ လက်နက်ကြီးဖြင့် ခုနစ်ချက်ခန့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် လက်နက်ကိုင်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ထိုသို့တိုက်ခိုက်မှုကြောင့် ရဲစခန်းရုံးအတွင်းရှိ အမျိုးသမီးအချုပ်ခန်း အမိုးသွပ် တစ်ချပ် အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။



ဒီပဲယင်းမြို့နယ် ဆပ်ပြာကျင်းကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချောင်းမြောင်းတိုက်ခိုက်ခဲ့သည့် လက်နက်ကိုင်အကြမ်းဖက်သူများထံမှ သိမ်းဆည်းရမိသည့် လက်နက်များကို တွေ့ရစဉ်။

**လှည့်ကင်းဆောင်ရွက်နေစဉ် ချောင်းမြောင်းပစ်ခတ်**

ထို့အတူ ကသာမြို့နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလှည့်ကင်း ဆောင်ရွက်နေစဉ် ည ၁၂ နာရီခွဲခန့်တွင် ထီးချိုင့်မြို့နယ် ကျောက်အိုင်ကျေးရွာအနီးအရောက်၌ လက်နက်ကိုင်သောင်းကျန်းသူများက ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ထိတွေ့မှုဖြစ်ပွားခဲ့ကာ ဇူလိုင် ၃ ရက် နံနက် ၁ နာရီခွဲတွင် လက်နက်ကိုင် သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်းနှင့် ထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးကာ လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော အင်အားများ ဖြည့်တင်း၍ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**

မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများကို ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် အောင်လံမြို့နယ်မှ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် နယ်မြေ လုံခြုံရေးအတွက် လှည့်ကင်း ဆောင်ရွက်နေစဉ် ပြလို့ကျေးရွာနှင့် ပွဲသာကျေးရွာကြားရှိ တောင်စောင်းအနီး မြေကျင်း တစ်ခုအတွင်းမှ လက်လုပ်ဗုံး ၇၅ လုံး၊ Black Powder မှုန့်များ ထည့်ထားသည့် ဆပ်ပြာဘူးကြီး လေးဘူးနှင့် ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသော ပုလဲခာတ်မြေဩဇာငါးကီလိုခန့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ မြိုင်ကုန်းကျေးရွာရှိ "ဝိလာသာရာမ ကျောင်းသစ်" ကျောင်းတိုက်အတွင်း၌ လက်လုပ်မိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ ကျောင်းထိုင်ဆရာတော်ဦးပညာသာမိ(၄၀နှစ်) (၂၄)ဝါ (ဘ) ဦးချစ်ပါ သံဃာသုံးပါးနှင့် မြင်းခြံကုန်းကျေးရွာနေ ဦးမောင်မောင်ဒီ (၃၃ နှစ်) (ဘ) ဦးထွန်းထွန်းဦးပါ အမျိုးသားရှစ်ဦးတို့ကိုတွေ့ရှိရပြီး ဆက်လက်ရှာဖွေခဲ့ရာ ကျောင်းဝင်းအတွင်းရှိ စတိုခန်းအတွင်းမှ လက်လုပ်မိုင်း အခွံ ၁၂ ခု၊ ကန့် တစ်ပိဿာ၊ ယမ်းမှုန့် တစ်ပိဿာ၊ ယမ်းကြိုး ၁၅ ချောင်းနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သဖြင့် ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။



အောင်လံမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် ပြလို့ကျေးရွာနှင့် ပွဲသာကျေးရွာကြားရှိ တောင်စောင်းအနီး မြေကျင်းတစ်ခုအတွင်းမှ လက်လုပ်ဗုံး ၇၅ လုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိစဉ်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာရှိ သစ်သားတံတား တစ်စင်းကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး

နေပြည်တော် ဇူလိုင် ၃

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာရှိ သစ်သားတံတား တစ်စင်းကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁ နာရီခန့်တွင် ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာ အိုးဖိုတန်းရပ်ကွက်မှ ကင်းစေတီဘုရားသို့ အသွားလမ်းပေါ်ရှိ သစ်သားတံတားတစ်စင်းကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းပေါ်ရှိ အလျား ၁၀ ပေ၊ အကျယ် ၁၅ ပေခန့်ရှိ သစ်သားတံတားတစ်စင်းကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတားတစ်စင်းလုံး မီးလောင်ပျက်စီးလျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ အများပြည်သူသွားလာရေး လွယ်ကူစေရန် ဆောက်လုပ်ထားရှိသော တံတားကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အဆိုပါတံတားကို အသစ်ပြန်လည်တည်ဆောက်၍ အသုံးပြုနိုင်ရေး တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**စစ်တွေ ဇူလိုင် ၃**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက်က ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်သော အန္တရာယ်မကျမီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊ ဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်နှင့် ပတ်သက်ပြီး ဘေးမဖြစ်ပွားမီ၊ ဘေးဖြစ်ပွားနေစဉ်၊ ဘေးဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများကလည်း ကောင်းမွန်သော အကြံဉာဏ်များကိုပေးပြီး ပူးပေါင်းဆွေးနွေးပေးကြစေလိုကြောင်းနှင့် မိမိတို့တာဝန်ယူ ဆောင်ရွက်ကြရမည့် အခန်းကဏ္ဍများတွင် တက်တက်ကြွကြွ တာဝန်ယူပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၇-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၆၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၄၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၂ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၈၂၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၇၀ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၃ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၂ . ၈၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၈၉၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၄၁၅ | ၂၁၄၇၄၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၂ | ၂၁၇၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၅ | ၁၀၂၅၀၀ |
| TMH | ၂၈၀၀ | ၂၇၅၀ | ၃၂၂ | ၈၅၄၁၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၆၁ | ၃၀၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၇-၂၀၂၂ တနင်္ဂနွေနေ့

**MRTV**

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင် အမိမြန်မာပြည်တစ်ခွင်
**၀၈:၄၀** တရုတ်ကာတွန်း '**ပိုးကောင်ကြီး ဥယျာဉ်ခွန့်တားခန်း**' (အပိုင်း-၂၅)
**၁၀:၀၀** ဆင်နွဲချိန်ခါမင်္ဂလာတေးသံသာ
**၁၀:၂၀** '**ဝသန်မိုးရာသီ**'တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၀** အသိပညာနှင့်အမှန်တရား
**၁၂:၃၀** This Week's Special Interest
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဇာတ်ကားရုပ်ရှင် '**ပတ်ပူးရောင်**' (ဇော်လင်း၊ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း)
**၁၇:၂၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၃၅** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လှျို့ဝှက်ချက်**' (အပိုင်း-၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၀:၄၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ဇွန်လ)(စတုတ္ထပိုင်း)
**၂၁:၂၀** ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
**၂၁:၄၅** ဟိုးတုန်းကကာဆက်ဇာတ်လမ်းများ '**သုံးမည်ရသုံးဘွဲ့**' (ပထမပိုင်း)

**mitv**

**07:01** News
**07:27** Chef Life - Phyo Arbidans
**07:35** Myanmar Traditional Instruments - Myanma Harp (Episode-1)
**08:01** Discovering Tribes: Da Nu (Their Life and Customs) Part 1
**08:16** Today Myanmar: Drug Destruction Ceremony
**08:25** Those Who Never Give Up (Ep-6) In Pursuit of a dream
**09:01** Applied Myanmar Traditional Martial Art (Part-1)
**09:27** History Of Kyaik Wyne Pagoda
**09:46** Myanmar's Bamboo Hat
**10:01** Weekly Review
**10:42** Conflict & Solution Between Man & Elephant
**11:01** Ecotourism: The Tourist Attractions of Mingun, Sagaing
**11:51** Kyaikhteeyoe: My Father The Porter

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** တစ်ပိုင်တစ်နိုင်စပျစ်စိုက်ခင်းဆီ
**ကယား (၀၈:၀၀ မှ ၁၀:၀၀)** ကယားဒေသမှအင်ဥရှာထွက်မယ်
**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** အဆိုတော်အယ်လယ်သနှင့်တွေ့ဆုံခြင်း
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** ထီလာပုဂံ
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁)
**ချင်း(လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)** သိကောင်းစရာငှက်ဖျားရောဂါအကြောင်း
**ချင်း(ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** စံပြလူသား
**မွန် (၁၅:၀၀ မှ ၁၇:၀၀)** တင်ဆာရောဂါအကြောင်းသိကောင်းစရာ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ထိန်းသိမ်းစို့လေ ရိုးရာအမွေ(ရထားဆွဲပွဲ)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ငှက်ပျောဖူးဟင်းထုပ်ပြုလုပ်နည်း
**ဝ (၂၁:၀၀ မှ ၂၃:၀၀)** ရိုးရာခေါပုတ်ထောင်းပြုလုပ်နည်း

**MRTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၁၆:၀၀** ၂၀၂၂ခုနှစ်တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal
SCAN ME

### ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ပုဗ္ဗေစ ကတပုညတာ

## ရှေးယခင်ကပြုခဲ့သော ကောင်းမှုကုသိုလ်ရှိခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

**ကုသိုလ်ဆိုသည်မှာ ကောင်းသည့်အလုပ်ဖြစ်ပါသည်။ အကုသိုလ်ဆိုသည်မှာ မကောင်းသည့်အလုပ်ဖြစ်ပါသည်။ ကံကောင်းသည်၊ ကံမကောင်းသည်ဟု ကျွန်တော်တို့အမြဲပြောဆိုသုံးစွဲပါသည်။ ကံဆိုသည့် ဝေါဟာရသည် ပါဠိမှလာခြင်းဖြစ်ပြီး အလုပ်ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ကံကောင်းရန် အလုပ်ကောင်းဖို့ လိုပါသည်။ ရှေးယခင်က ပြုခဲ့သည့် ကောင်းသောအလုပ်များ ရှိမှသာလျှင် ယနေ့ ကံကောင်းပါမည်။ တစ်နည်းပြောရလျှင် ကျောင်းသားသည် စာမှန်မှန် ကျက်ရန်လိုပါသည်။ စာမှန်မှန် ကျက်ခြင်းသည် အလုပ်ကောင်းခြင်းဖြစ်ပါသည်။ စာမှန်မှန်ကျက်သော ကျောင်းသားသည် အချိန်ကျသည့်အခါ စာမေးပွဲအောင်ပါသည်။ အလုပ်ကောင်း၍ ကံကောင်းခြင်းကို ရပါသည်။ တစ်နှစ်တစ်တန်း မှန်မှန်အောင်ပြီး နှစ်စဉ် ကြိုးစားခဲ့သည့် ကျောင်းသားသည်လည်း တက္ကသိုလ်ဝင်တန်းကို အခက်အခဲမရှိ အောင်မြင်မှာဖြစ်ပြီး မိမိလိုချင်သည့် တက္ကသိုလ်ကို သွားခွင့်ရမှာ ဖြစ်ပါသည်။**

မိမိအလုပ်ကို အစဉ်အမြဲ ကြိုးစားလုပ်သူသည် ရှေးယခင်က ပြုခဲ့သည့် ကောင်းမှုကုသိုလ်ရှိသည်ဟု ဆိုနိုင်ပါသည်။ တစ်ချိန်တွင် ဤကောင်းမှုကုသိုလ်က မိမိကို အောင်မြင်မှုများ ဖြစ်စေပါမည်။ ယနေ့ လူငယ်အများစုသည် အလုပ်တစ်ခုတွင် အချိန်ပေးပြီး ကြိုးကြိုးစားစား လုပ်သည်ထက် ပိုကောင်းသော အလုပ်၊ လခပိုရသောအလုပ်ကို တစ်ခုပြီး တစ်ခု ပြောင်းနေကြပါသည်။ အင်တာနက်ခေတ် တိုးတက်လာသည့်အတွက် သတင်းအချက်အလက်များသည် လျင်မြန်စွာ ပျံ့နှံ့ရောက်ရှိသွားပါသည်။ ဖေ့စ်ဘွတ်ကဲ့သို့ ဆိုရှယ်မီဒီယာများမှတစ်ဆင့် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း သတင်းအချက်အလက်များသည် လူတိုင်းဆီသို့ ရောက်သွားသည်။ သတင်းအချက်အလက်တွေ မြန်လာသည်နှင့်အမျှ လူငယ်များ၏ စိတ်တွေလည်း မြန်လာသည်။

အောင်မြင်မှုကို မြန်မြန် လိုချင်လာသည်။ သို့သော် လူငယ်တော်တော်များများ မေ့နေသည်က ခေတ်တွေပြောင်း၍ မြန်လာသော်လည်း လောကနိယာမများက ပြောင်းလဲခြင်းမရှိ တည်မြဲနေဆဲ ဖြစ်ပါသည်။ လောကနိယာမများကို လိုက်နာကျင့်သုံးမှ အောင်မြင်မှုကို ရမည်။

### သစ်စေ့နိယာမ

ဥပမာအနေဖြင့် သစ်စေ့နိယာမကို ရှင်းပြလိုပါသည်။ စပါးစိုက်သော လယ်သမားသည် စပါးမစိုက်မီ အားစိုက်၍ လယ်ကို ပြုပြင်ထွန်ယက်ရပါသည်။ ထို့နောက် စပါးကိုပျိုး ရပါသည်။ အရွယ်ရောက်လာသည့် ပျိုးပင်များကို ပြုပြင်ထားသည့်လယ်ထဲသို့ ပြောင်းစိုက်ရပါသည်။ ကြားပေါင်းလိုက်ရပါသည်။ လိုအပ်သလို ရေသွင်းရေထုတ် လုပ်ရပါသည်။ ပိုးမွှားမကျအောင် ကာကွယ်ရပါသည်။ သုံးလကျော် အားစိုက်ထုတ်မှ စပါးကိုရပါသည်။ ယနေ့ပျိုးထောင်ပြီး မနက်ဖြန် စပါးမရပါ။ အားစိုက်ထုတ်ရသလို အချိန်လည်းပေးရပါသည်။ လယ်သမားသည် အားစိုက်၍ ကောင်းမှုကုသိုလ်လုပ်ခြင်းကြောင့် စပါးကို ရပါသည်။

ကျွန်တော်တို့သည် အောင်မြင်မှုကို အလိုရှိလျှင် အားစိုက်၍ ကောင်းသောအလုပ်ကို လုပ်ရပါမည်။ အချိန်ပေးရပါမည်။ ကောင်းသောအလုပ်ကို လုပ်ခြင်းသည် အနာဂတ်အတွက် ကောင်းမှုကုသိုလ် လုပ်နေခြင်းဖြစ်ပါသည်။

**“ဘာသင်တန်းပဲတက်တက်၊ ဘာအလုပ်ပဲလုပ်လုပ် အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ဆိုသည်မှာ ရှေးယခင်က ပြုခဲ့သည့် ကောင်းမှုကုသိုလ်ရှိအောင် ကြိုးစားအားထုတ်နိုင်ခြင်း ဖြစ်ပါသည် …”**

### မြန်မာစကားပုံများ

ကောင်းသောအလုပ်နှင့် ပတ်သက်၍ မြန်မာစကားပုံများကလည်း လမ်းညွှန်ထားပါသည်။ “ကံမခိုင် သံတိုင် အိမ်ဆောက်သော်လည်း ကံမှောက်လျှင်ကျိုး” ဆိုသည့် စကားပုံရှိပါသည်။ အကျယ်ဖွင့်ပြီး စဉ်းစားလျှင် ကုသိုလ်ကံဇာတာညံ့သည့်အချိန်ဖြစ်ပါက သံတိုင်ကို အိမ်ထူ၍ ဆောက်စေကာမူ သံတိုင်ကျိုးသည့်အဖြစ်နှင့် ကြုံရမည်ဟု ဆိုလိုပါသည်။ အစကတည်းက ကောင်းသောအလုပ်ကို စေ့စေ့စပ်စပ် သေသေချာချာ ကြိုးစားမလုပ်ခဲ့လျှင် ကုသိုလ်ကံဇာတာ ညံ့မည်သာ ဖြစ်ပါသည်။ “အစကောင်းမှ အနှောင်းသေချာသည်” ဆိုသကဲ့သို့ စတင်သည့် အချိန်မှ စ၊ လယ်၊ ဆုံး အလုပ်ကို နည်းလမ်းမှန်မှန်ဖြင့် ကြိုးစားအားထုတ်မှသာ အနာဂတ်တွင် ရှေးယခင်က ပြုခဲ့သော ကောင်းမှုကုသိုလ်များ၏ အကျိုးကို မင်္ဂလာတရားတော်နှင့်အညီ ခံစားရပါမည်။

### အင်္ဂလိပ်စကားပုံများ

အလုပ်တစ်ခုကို သေသေချာချာ ပြင်ဆင်လုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ အင်္ဂလိပ်တွင်လည်း စကားပုံရှိပါသည်။ ဆီလျော်အောင်ပြန်ရလျှင် “အလုပ်တစ်ခုကို ပြင်ဆင်မှုမရှိဘဲနှင့် လုပ်ခဲ့မယ်ဆိုရင်တော့ အောင်မြင်ဖို့ထက် ကျဆုံးဖို့ပဲ များမယ်” ဟု စကားပုံက ဆိုပါသည်။ ပြင်ဆင်မှုဆိုသည်မှာ ရှေးယခင်က ကောင်းမှုပင်ဖြစ်ပါသည်။ ဘဝမှာ လူရယ်လို့ဖြစ်လာလျှင် နေ့စဉ် ကောင်းမှုလုပ်ရန်လိုပါသည်။

### လောကသာရပျို့

ကန်တော်မင်းကျောင်းဆရာတော်ဘုရားရေးသားတော်မူအပ်သော လောကသာရပျို့တွင်လည်း–

“အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပွဲပြင်နိစ္စ၊ ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်သင်လော့၊ ပေါ့လွှင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း”ဟု ဆုံးမခဲ့ပါသည်။

ကောင်းသည့်အလုပ်ကို မြတ်နိုး၍ ကောင်းအောင်ကြိုးစားပြီး ကုသိုလ်ကောင်းမှုပြုရန် ပြောခဲ့ပါသည်။ နေ့စဉ်စိတ်ထားကောင်းအောင် ပြုစုပျိုးထောင်ရပါမည်။ မိတ်ဆွေသင်္ဂဟများအောင် နေ့စဉ် ကြိုးစားအားထုတ်ရပါမည်။ အများအကျိုးကို ဆောင်ရွက်ရပါမည်။ လူအများကို ထိခိုက်နိုင်သည့် အလုပ်၊ အပြောအဆို အပြုအမူများကို ရှောင်ရှားရပါမည်။ နေ့စဉ်ကောင်းမှု ပြုလုပ်ခြင်းသည် ပုဗ္ဗေစ ကတပုညတာဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ရှေးယခင်က ပြုခဲ့သည့် ကောင်းမှုကုသိုလ် တိုးပွားအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

### အစက်များကို ဆက်ခြင်း

ရှေးယခင်က ကောင်းသည့် အလုပ်ကို လုပ်ခဲ့၍ အောင်မြင်ခဲ့သည့် လူတစ်ယောက်ကိုလည်း တင်ပြလိုပါသည်။ ကွယ်လွန်သွားပြီ ဖြစ်သည့် အဲပယ် (Apple) ၏ ဖခင်ကြီး စတိဗ်ဂျော့ (Steve Jobs) ဖြစ်ပါသည်။

စတိဗ်ဂျော့သည် ဘွဲ့မရပါ။ ရိဒ်ကောလိပ် (Reed College) တွင် ပထမနှစ်တက်နေစဉ် မိဘငွေကို မဖြုန်းချင်၍ ကျောင်းမှ ထွက်ခဲ့ပါသည်။ ကျောင်းက ထွက်လိုက်သော်လည်း ကျောင်းမှာပင် စတိဗ်ဂျော့က ဆက်နေပါသည်။ ကျောင်းလခ မပေးရသော သင်တန်းများကို ရှာ၍ စတိဗ်ဂျော့က လိုက်တက်ပါသည်။ ရိဒ်ကောလိပ်၏ Calligraphy ခေါ် လက်ရေးလှသင်တန်းသည် အလွန်နာမည်ကြီးပါသည်။ ကျောင်းလခလည်း မပေးရ၍ စတိဗ်ဂျော့ တက်ပါသည်။ နောက်ပိုင်း အဲပယ်ကုမ္ပဏီ အောင်မြင်လာသည့်အချိန် အဲပယ်မှာ လာအလုပ်လုပ်သည့် ဘွဲ့ရကျောင်းသူ ကျောင်းသား တော်တော်များများသည် စတင်းဖို့တက္ကသိုလ် (Stanford)မှ ဖြစ်သည်ကို စတိဗ်ဂျော့ သတိထားမိပါသည်။ စတင်းဖို့ တက္ကသိုလ်သည် အိုင်တီပညာတွင် နာမည်ကြီးပါသည်။ စတင်းဖို့ တက္ကသိုလ်က ဖိတ်ကြား၍ စတင်းဖို့တွင် “အစက်များကို ဆက်ခြင်း” ဆိုသည့် ကမ္ဘာကျော် မိန့်ခွန်းကို စတိဗ်ဂျော့ ပြောခဲ့ပါသည်။ မိန့်ခွန်းတွင် “ဘာသင်တန်းပဲ တက်တက်၊ ဘာအလုပ်ပဲ လုပ်လုပ် အကောင်းဆုံး ဖြစ်အောင် လုပ်ဖို့၊ စိတ်နှစ်ပြီး လုပ်ဖို့၊ သင်နေတဲ့ပညာက အနာဂတ်တွင် ဘယ်နေရာမှာ အသုံးကျမလဲဆိုတဲ့ အတွေးကို မစဉ်းစားဖို့၊ မိမိအကောင်းဆုံးသင်ယူခဲ့သည့်ပညာများ၊ အကောင်းဆုံး လုပ်ခဲ့သည့် အလုပ်များသည် တစ်ချိန်တွင် အစက်များကိုဆက်၍ အရုပ်ဖော်သကဲ့သို့ သူ့နေရာနှင့်သူ အသုံးဝင်မည်ဖြစ်ကြောင်း၊ လက်ရေးလှသင်တန်းကို တက်ခဲ့၍ ယနေ့ အဲပယ်ကွန်ပျူတာများတွင် ဖွန့် (font) လှလှများကို မြင်ရခြင်းဖြစ်ကြောင်း” စသဖြင့် ပြောခဲ့ပါသည်။

စတိဗ်ဂျော့ မိန့်ခွန်းမှာ ပြောခဲ့သည့် “ဘာသင်တန်းပဲတက်တက်၊ ဘာအလုပ်ပဲ လုပ်လုပ်အကောင်းဆုံး ဖြစ်အောင်လုပ်ဖို့” ဆိုသည်မှာ ရှေးယခင်ကပြုခဲ့သည့် ကောင်းမှုကုသိုလ်ရှိအောင် ကြိုးစားအားထုတ်နိုင်ခြင်း ဖြစ်ပါသည်။ ယနေ့လူငယ်များလည်း ကျောင်းတစ်ကျောင်းပြီးတစ်ကျောင်း ပြောင်း၍ ဘွဲ့လက်မှတ်၊ အောင်လက်မှတ်များ စုဆောင်းနေရုံနှင့် ကျေနပ်မနေသင့်ပါ။ မိမိသင်နေသည့် ပညာရပ်တွင် အကောင်းဆုံးဖြစ်အောင်၊ အကျွမ်းကျင်ဆုံးဖြစ်အောင် လေ့လာသင်ကြားစေချင်ပါသည်။ သို့မှသာ ရှေးယခင်ကပြုခဲ့သည့် ကောင်းမှုကုသိုလ်တွေ များလာပြီး အနာဂတ်တွင် ချမ်းသာအောင်မြင်ကျော်ကြားသူများ ဖြစ်လာပါမည်။ ယခင်က မလုပ်ခဲ့လျှင် ယနေ့ပင် စတင်၍ ပြုပြင်ပြောင်းလဲစေလိုပါသည်။ ယနေ့သည် အနာဂတ်အတွက် ပြင်ဆင်ရန် အကောင်းဆုံးအချိန် ဖြစ်ပါသည်။ ယနေ့ပြင်ဆင်မှ အနာဂတ်လှပါမည်။ ယနေ့မှစ၍ ကောင်းမှုကို နေ့စဉ်ပြုလျှင် အနာဂတ်တွင် ရှေးယခင်က မိမိပြုခဲ့သော ကောင်းမှုကုသိုလ်ကြောင့် ကေန်မုချ ကောင်းကျိုးချမ်းသာကို ရမည်ဖြစ်ပါသည်။

**❖ ယနေ့သည် အနာဂတ်အတွက် ပြင်ဆင်ရန် အကောင်းဆုံး အချိန် ဖြစ်ပါသည်။ ယနေ့ပြင်ဆင်မှ အနာဂတ်လှပါမည်။ ယနေ့မှစ၍ ကောင်းမှုကို နေ့စဉ်ပြုလျှင် အနာဂတ်တွင် ရှေးယခင်က မိမိပြုခဲ့သော ကောင်းမှုကုသိုလ်ကြောင့် ကေန်မုချ ကောင်းကျိုးချမ်းသာကို ရမည်ဖြစ်**

နိဂုံးချုပ်အနေဖြင့် ဘဝကို ဆင်းဆင်းရဲရဲ မွေးလာသည့်သူများကလည်း အတိတ်ကံ မကောင်းလို့ပါဟု ကံကိုသာ ပုံမချသင့်ပါ။ စိတ်ဓာတ်မကျစေလိုပါ။ ယနေ့မှစပြီး ကောင်းမှုကုသိုလ်လုပ်ပါ။ ကောင်းမှုကုသိုလ်ဆိုသည်မှာ ကောင်းသောအလုပ်ကို လုပ်ခြင်းပါ။ လူတွေအပေါ်မှာ မေတ္တာစေတနာထားပါ။ လူတွေကို ကူညီပါ။ စိတ်ကောင်းထားပါ။ တရားသောနည်းဖြင့် စီးပွားရှာပါ။ နေ့စဉ် နေ့စဉ် မိမိအပြောအဆို အပြုအမူများကို မှန်ကန်အောင်ကြိုးစားအားထုတ်ပါ။ ဤကောင်းမှုကုသိုလ်တွေများလာသည့် အချိန်တွင် ချမ်းသာအောင်မြင်မှုတွေ ရရှိပါမည်။ မိုက်ကရိုဆော့ဖ် ကုမ္ပဏီကို တည်ထောင်ခဲ့သည့် ဘီလ်ဂိတ်၏ အဆိုမှာလည်း အလွန်မှတ်သားဖို့ ကောင်းပါသည်။ “ဆင်းဆင်းရဲရဲနှင့် မွေးလာတာ ကိုယ့်အပြစ် မဟုတ်ပါ။ ဒါပေမဲ့ ဆင်းဆင်းရဲရဲနှင့် သေသွားရင်တော့ ကိုယ့်အပြစ်ပါ” ဟု ဘီလ်ဂိတ်က ဆိုပါသည်။

**“မှတ်သားစရာ”**

**နေ့စဉ် ကြိုးစား၍ ကောင်းမှုကုသိုလ် များပြုလုပ်လျှင် ကောင်းမှုကုသိုလ်၏အကျိုးကို တစ်ချိန်တွင် မုချခံစားရပါမည်။**

ကျမ်းကိုး:

၁။ မြန်မာစကားပုံ။ မြန်မာစာအဖွဲ့ ဦးစီးဌာန။

၂။ လောကသာရပျို့။ ကန်တော်မင်းကျောင်းဆရာတော်။

၃။ Connecting the Dots by Steve Jobs.

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်း စာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

## ရှာငံမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ဆောင်ရွက်မည်

ရှာငံ ဇူလိုင် ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်ရှိ ကျေးရွာသုံးရွာတွင် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီ ထောက်ပံ့ပေးပြီး စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် ကျေးရွာသုံးရွာမှာ ဆတ်ခြံ၊ ငွေးပင်၊ တောင်ဦးကျေးရွာများဖြစ်ပြီး ယင်းကျေးရွာများတွင် ကျေးရွာတစ်ရွာလုံးဖွံ့ဖြိုးရေးအတွက် ကျေးရွာတစ်ရွာ၏ လိုအပ်ချက်နှင့် အခွင့်အလမ်းများအပေါ် အခြေခံရေးဆွဲထားသည့် လုပ်ငန်းများ၊ ကျေးရွာပြည်သူလူထုကိုယ်တိုင်ကျေးရွာ၏ ပကတိလိုအပ်ချက်များ ဖော်ထုတ်ပြီး ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျစုပေါင်းပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ပြောသည်။

ငြိမ်းသူ

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံစာရေးဆရာအသင်း တောင်ဥက္ကလာပမြို့နယ်မှ အသင်းဝင်စာရေးဆရာများ၏ ကိုယ်တိုင်လုံးချင်းစာအုပ်များကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပသည်။




ရှေးဦးစွာ တောင်ဥက္ကလာပစာရေးဆရာအသင်းဥက္ကဋ္ဌ အောင်ကြည်ညွန့် (တက္ကသိုလ်)၊ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းအတွင်းရေးမှူး ပန်းမျိုးခင်က စာအုပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဆရာမပေါက်ပေါက်က လှူဒါန်းကြသော စာရေးဆရာ၊ ဆရာမများကိုယ်စား မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌသို့ စာအုပ်များ ပေးအပ်လှူဒါန်း၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌက တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ **(အပေါ်ပုံ)** စာအုပ်လှူဒါန်းပွဲတွင် စာရေးဆရာ ၃၅ ဦးက အုပ်ရေ ၁၆၀၅ အုပ်၊ တန်ဖိုးငွေကျပ် ၂၇၆၄၁၈၁ ကျပ်ကို လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်မြင့်သန်းနှင့်အဖွဲ့ အင်းတော်မြို့နယ် ငါးပြည့်အင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေစာရင်းပုံစံများ စာရင်းပေးသွင်းထားမှုအခြေအနေနှင့် ချေးငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ကိုက်ညီမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။

လှအောင်(ကသာ)

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# နေမိဇာတ်တော်

**မြတ်မင်းလှိုင်**




*ယမန်နေ့မှအဆက်*

တာဝတိံသာ နတ်ဘုရင် မာဃသိကြားမင်းသည် အသုရာပြည်သို့ မထင်မရှားဝင်ရောက်ကာ သုဇာတာ နတ်သမီးကို ယူဆောင်ခဲ့ပြီး မိဖုရားကြီး တင်ထားလေသည်။ အသုရာနတ်သည် ပြည်ကို စွန့်ရသည့်အပြင် သမီးကိုလည်း စွန့်ရပြန်သည့် ရန်ငြိုးရန်စနှစ်ခုကြောင့် နှစ်စဉ်သခွတ်ပွင့်ချိန်တိုင်း သိကြားမင်းအား ရန်ပြုစစ်ခင်းလေ့ ရှိပေသည်။ ထို့ကြောင့် အသုရာစစ်သည်တို့ မချဉ်းကပ်ဝံ့စေရန် မာဃသိကြားမင်း၏ ရုပ်သွင်တော်များစွာကို ဤ စိတ္တကုဋ်တံခါးမုခ်ပြန်တန်ဆောင်း၌ စီရင်ထားခြင်းဖြစ်သည်။

ထို့နောက် နေမိမင်းကြီးအား မာတလိနတ်သားက ခုနစ်အင်သော ရတနာအဖြာဖြာ အသွယ်သွယ်တို့ဖြင့် အံ့ဖွယ်ကောင်းလှသည့် ဘုံနန်းဗိမာန်ရေကန်ဥယျာဉ်တို့ကို ပြသပြီး သုဒဿနမြို့တွင်းသို့ ဝင်လေသည်။ နတ်သဘင်၌ စည်းဝေးနေကြသော နတ်အပေါင်းတို့သည် နေမိမင်းကြီးရောက်လာသည်ကိုမြင်လျှင် နတ်ပန်းများဖြင့် ပူဇော်ကြိုဆိုကြလေသည်။

နတ်သဘင်စည်းဝေးနေသည့် သုဓမ္မာသဘင်သည် ရွှေ၊ ငွေ၊ ဖလ်ပုလဲ၊ ကျောက်မျက်ရွဲတို့ဖြင့် ပြည့်လျှံနေသည်။ ဤသုဓမ္မာဇရပ်ကြီးသည် သိကြားမင်း၏ မိဖုရားသုဓမ္မာဒေဝီ၏ ကောင်းမှုအာနိသင်ဖြစ်ပြီး နတ်သားအပေါင်းတို့သည် သုံးလေးလတစ်ကြိမ် လူ့ပြည်သို့ဆင်း၍ ကောင်းမှုပြုလုပ်သူများ စာရင်းကို ကောက်ယူလျက် မှတ်တမ်းတင်သာခုခေါ်ရာ ဇရပ်ဖြစ်လေသည်။

နေမိမင်းကြီးအား သိကြားမင်း စီစဉ်ပေးသော ပလ္လင်ထက်သို့ ကြွရောက်စေသည်။ နတ်သားတို့လည်း မင်းကြီးအား နတ်စည်းစိမ် အလုံးစုံကို အပ်နှင်း၍ နတ်ပြည်၌သာ စိုးစံရန်၊ မင်းကြီး၏အဆုံးအမကို ခံယူလိုကြောင်း ဖိတ်မန္တကပြုကြသည်။ နေမိမင်းကြီးလည်း မိမိ လူ့ပြည်သို့ဆင်း၍ သီတင်းသီလ ဆောက်တည်ကာနတ်စည်းစိမ်ကို ထာဝရပိုင်အောင် ကြိုးစားလိုကြောင်း၊ လူအများကိုလည်း ဒါနသီလဖြည့်ဆည်းအောင် တိုက်တွန်းနှိုးဆော်ပြီး ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးလိုသေးကြောင်း၊ လူ့ပြည်မှ မိဖုရားကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့ စိတ်ပူပန်ခြင်းဖြစ်မည်ကြောင့် လူ့ပြည်သို့ ပြန်ခွင့်တောင်းလေသည်။

သိကြားမင်းလည်း ခွင့်ပြုပြီး မာတလိနတ်သားကိုပင် ဝေဇယန္တာ ရထားဖြင့် ပို့ဆောင်စေသည်။ နေမိမင်းကြီးသည် လူ့ပြည်သို့ ပြန်ရောက်သည့်အခါ မိမိမြင်ခဲ့ရသော ငရဲပြည်၊ နတ်ပြည်အကြောင်းတို့ကို ပြောပြဆုံးမလေသည်။ နေမိမင်းကြီးသည် တတိယအရွယ်သို့ ရောက်သောအခါ ဆတ္တာသည်အား ဆံပြုပြင်စေရာ ဆံဖြူတစ်ချောင်း တွေ့ရလေလျှင် ရှေးမင်းအဆက်ဆက်တို့ကဲ့သို့ သားတော်ကာလရဋ္ဌအား ထီးနန်းလွှဲအပ်ကာ တောထွက်တော်မူလေသည်။ ။

**“နေမိမင်းကြီးသည် လူ့ပြည်သို့ ပြန်ရောက်သည့်အခါ မိမိမြင်ခဲ့ရသော ငရဲပြည်၊ နတ်ပြည်အကြောင်းတို့ကို ပြောပြဆုံးမလေသည်။ နေမိမင်းကြီးသည် တတိယအရွယ်သို့ ရောက်သောအခါ ဆတ္တာသည်အား ဆံပြုပြင်စေရာ ဆံဖြူတစ်ချောင်း တွေ့ရလေလျှင် ရှေးမင်းအဆက်ဆက်တို့ကဲ့သို့ သားတော်ကာလရဋ္ဌအား ထီးနန်းလွှဲအပ်ကာ တောထွက်တော်မူ”**

## အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း အသိပညာပေးသင်တန်းဖွင့်

ရမည်းသင်း ဇူလိုင် ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသော ကျား/မ လူမှုရေးရာ၊ အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအသိပညာပေးသင်တန်းကို ဇွန်၃၀ရက်က ရမည်းသင်းခရိုင် လူမှုဝန်ထမ်းမူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ရမည်းသင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်တိုးတိုးသန်းက ကျား/မ ရေးရာအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်အိမွန်ခိုင်က အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအကြောင်း၊ ဌာနစိတ်မှူး ဒေါ်ဆုမွန်ဖြိုးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအကြောင်းတို့ကို ရှင်းလင်းပြီး သင်တန်းတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းသည်။

**ခရိုင် (ပြန်/ဆက်)**



# မြန်မာ့ပညာရေးစာပေ(၁၀)

**မောင်ခင်မင်(ဓနုဖြူ)**

"ဆယ့်နှစ်ရာသီပွဲတော်တွေ ရှိတယ်မဟုတ်လား။ တန်ခူးလသင်္ကြန်ပွဲကစပြီး တပေါင်းလသဲပုံစေတီပွဲအထိလေ"

"သမီးသိပါတယ် ဘဘ"

"အဲဒီလိုဆိုရင် နယုန်လမှာ ကျင်းပတဲ့ပွဲက ဘာပွဲလဲ ပြောပြပါအုံး"

"ဟုတ်ကဲ့။ နယုန်လမှာ စာပြန်ပွဲကျင်းပပါတယ် ဘဘ"

"ဟုတ်တယ်။ စာပြန်ပွဲဆိုတာ စာသင်သားရဟန်းတွေ၊ သာမဏေတွေ၊ စာသင်သားလူငယ်တွေက သင်ယူထားတဲ့ ပိဋကတ်စာပေတွေကို ပြန်ဆိုရတဲ့ ပွဲပေါ့ကွယ်။ ခုခေတ်ဆိုရင်တော့ စာမေးပွဲပေါ့၊ မင်းညီမင်းသားတွေလဲ ပထမကြီး၊ ပထမလတ်၊ ပထမငယ်နှင့် စာပြန်ပွဲတွေမှာ ဝင်ပြီး စာပြန်ကြတဲ့အကြောင်း ရာဇဝင်ကျမ်းတွေမှာပါတယ်။ ဆရာတော်ကြီးတွေက ကြီးကြပ်စစ်မေးရတာပေါ့"

" ဟုတ်ကဲ့ပါ "

"အဲဒီလို ဘုန်းတော်ကြီးကျောင်း ပညာရေးအစဉ်အလာနဲ့အညီ ပညာရေးစာပေအမျိုးမျိုးလဲ ခေတ်အဆက်ဆက် ပေါ်ပေါက်ခဲ့တာပေါ့။ ဒါဆိုရင် သမီးဆက်ပြီးလေ့လာလို့ရလောက်ပါပြီ။ လေ့လာဖို့ စာအုပ်စာတမ်းတွေ ဘဘဆီမှာလဲ ရှိပါတယ်။ ရှာပေးမှာပေါ့"

"ဟုတ်ကဲ့ပါ ဘဘ။ ဒါဆိုရင် လောကနီတိလို စာမျိုးတွေ အများကြီးရှိအုံးမှာပေါ့နော် ဘဘ"

"ရှိတာပေါ့ကွယ်။ ထင်ရှားတာ တစ်ခုပြောရရင် ကုန်းဘောင်ခေတ်က စာတော်ပြင်ဆရာကြီး ဦးပညာရေးတဲ့ သားရွှေဥဆုံးမစာဆိုတာ တော်တော်ထင်ရှားတယ်။ စာစပြီးသင်တဲ့အခါ လက်ရေးလှဖို့ကစပြီး လမ်းညွှန်ထားတာတွေ ရှိတယ်။ 'လက်ရေး ကောင်းက၊ စာကြောင်းဖြောင့်မတ်၊ အသက်အတင်၊ အငင်အဆွဲ၊ ညီညွတ်မြဲတည့်၊ စိန်ရွဲ အကယ်၊ စီသောနှယ်သို့၊ ရှုဖွယ်လှလွန်းစက်လိုဝန်း–' တဲ့။ စာရေးရင် စာကြောင်းဖြောင့်ဖြောင့် ရေးဖို့၊ အသက်အတင် အငင်အဆွဲဆိုတဲ့ ရေးဆွဲပုံတွေ မှန်ကန်ဖို့၊ စာလုံးလေးတွေက စိန်ရွဲလုံးကလေးတွေ စီထားသလို ဝန်းဝိုင်းနေဖို့ လမ်းညွှန်ထားတာပေါ့ကွယ်။ သမီးတို့ဆိုဖူးတဲ့ 'ဝ– ဝကလေးဝိုင်းဝိုင်းရေး' ဆိုတာမျိုးပေါ့"

"ဟုတ်ကဲ့ပါ ဘဘ"

"ပြီးတော့ စာရေးတဲ့အခါ သတ်ပုံသတ်ညွှန်း မှန်ကန်ဖို့၊ သင်ပုန်းပေါ်မှာ ကံ့ကူဆန်နဲ့ မျဉ်းသားတာကစပြီး ရေးပုံသားပုံတွေ အသေးစိတ်ညွှန်ပြထားတယ်လေ"

"သမီးလေ့လာပါ့မယ် ဘဘ"

"ဩော်၊ တစ်ခုပြောရအုံးမယ်။ ရှေးက ပညာသင်တဲ့အခါ အဋ္ဌာရသ ၁၈ ပါးကို သင်ကြားတယ်လို့ စာတွေထဲမှာ ပါတယ်မဟုတ်လား။ မင်းညီမင်းသားတွေကို ဒိသာပါမောက္ခဆရာကြီးက အဋ္ဌာရသ ၁၈ ပါး သင်ကြားပေးတယ်ဆိုတာလေ"

"ဟုတ်ပါတယ် ဘဘ"

"ဗုဒ္ဓစာပေတွေမှာ ဒီပညာရပ်တွေအကြောင်း တွေ့နိုင်တာပေါ့။ ဘဘတို့ပြောခဲ့တဲ့ လောကနီတိမှာလဲ ဖော်ပြထားတယ်"

"အဋ္ဌာရသ ၁၈ ရပ်လို့ပဲ သိပြီး တစ်ခုစီအသေးစိတ်မသိပါဘူး ဘဘ။ ပြောပြပါ"

"အကြားအမြင် အတတ်ဆိုတဲ့ အတတ်က စတယ်။ ဗဟုသုတပေါ့။ ပြီးတော့ ဓမ္မသတ်၊ သင်္ချာ၊ လက်သမားအတတ်၊ နီတိကျမ်းအတတ်၊ ယာယီယတြာအတတ်၊ဆောင်းငြင်းကဗျာအလင်္ကာအတတ်၊ လက်ပစ်အတတ်၊ လေးအတတ်၊ စကားပြောင်းအတတ်...တဲ့"

"ဟုတ်ကဲ့"

"ပြီးတော့ ဆေးအတတ်၊ သမိုင်းအတတ်၊ ဗေဒင်အတတ်၊ မာယာအတတ်၊ ဆန်းကျမ်း၊ သံတမန်အတတ်၊ မန္တန်အတတ်၊ သဒ္ဒါကျမ်းအတတ် ဆိုပြီး အတတ် ၁၈ ပါး ပြထားတယ်။ အဋ္ဌာရသဆိုတာ ၁၈ ကို ပြောတာလေ"

"တော်တော်စုံတယ်နော် ဘဘ။ လက်ရုံးရည်ရော နှလုံးရည်ရော နှစ်ဖက်စလုံးပါတာပဲ"

"ခုခေတ် သင်ကြားနေတဲ့ ပညာရပ်တွေနဲ့ ညှိယူပေါ့ကွယ်။ အဲဒီမှာ သမိုင်းအတတ်ဆိုတာက ပါဠိမှာ 'ဣတိဟာသ'လို့ ပြတယ်။ ဘာသာပြန်တော့ တချို့က 'ရယ်ရွှင်ခြင်းအတတ်'လို့ ပြန်ကြတယ်။ ဟာသဖန်တီးတတ်တဲ့ အတတ်ပေါ့။ ဒါပေမဲ့ ဣတိဟာသ ဆိုတာ အရင်ကဖြစ်ခဲ့တဲ့ သမိုင်းဖြစ်ရပ်ကို ရေးသားပြုစုတဲ့ အတတ်လို့ ဘာသာပြန်တာများတယ်။ သမီးပြောသလို လက်ရုံးရည်ပြည့်ဝဖို့ လေးအတတ်လို အတတ်မျိုးပါသလို နှလုံးရည်ပြည့်ဝဖို့မှာ စာပေကျမ်းဂန်တွေ သာမက ကဗျာလင်္ကာ အနုပညာတွေလဲ ပါတယ်။ ယာယီယတြာ ဂါထာမန္တန်အတတ်တွေလဲပါတယ် ဆိုတော့ တော်တော်စုံပါတယ်"

> **"ဣတိဟာသဆိုတာ အရင်ကဖြစ်ခဲ့တဲ့ သမိုင်းဖြစ်ရပ်ကို ရေးသားပြုစုတဲ့ အတတ်လို့ ဘာသာပြန်တာများတယ်။ သမီး ပြောသလို လက်ရုံးရည်ပြည့်ဝဖို့ လေးအတတ်လို အတတ်မျိုး ပါသလို နှလုံးရည်ပြည့်ဝဖို့မှာ စာပေကျမ်းဂန်တွေ သာမက ကဗျာလင်္ကာအနုပညာတွေလဲ ပါတယ်။ ယာယီယတြာ ဂါထာ မန္တန်အတတ်တွေလဲ ပါတယ်ဆိုတော့ တော်တော်စုံ ပါတယ်"**

"အသေးစိတ်သိရလို့ ဝမ်းသာပါတယ် ဘဘ"

"ဟုတ်ပြီ။ ရှေ့နည်းနည်းဆက်ရရင်တော့ မြန်မာနိုင်ငံမှာ ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်နဲ့ သင်ကြားနေရာက ကိုလိုနီခေတ်ရောက်တဲ့အခါကျတော့ အတန်းကျောင်းပညာရေးစနစ် ပေါ်လာတာပေါ့ကွယ်"

"အနောက်တိုင်းပညာရေးစနစ်ပေါ့နော် ဘဘ"

"အခုတော့ တစ်ကမ္ဘာလုံးကျင့်သုံးနေလို့ ကမ္ဘာ့ပညာရေးစနစ်၊ နိုင်ငံတကာပညာရေးစနစ်လို့ ပြောနိုင်တာပေါ့ကွယ်၊ ဒါနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေလဲ အများကြီးရှိပါတယ်"

"ဟုတ်ကဲ့၊ လေ့လာစရာတွေ အများကြီးပါပဲနော်"

"အတန်းကျောင်းပညာရေးစနစ်မှာ အတန်းလိုက်သင်ဖို့ ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်တွေ ပြုစုရတယ် မဟုတ်လား။ ပညာရပ်အများစုက အင်္ဂလိပ်ဘာသာနဲ့ ရှိပြီးသားဆိုတော့ အဲဒီစာအုပ်တွေကို မှီငြမ်းပြီး ပြုစုတာပေါ့။ ဘာသာပြန်တာလဲ ရှိတာပေါ့။ သမိုင်းတို့၊ သိပ္ပံတို့၊ ပထဝီဝင်တို့ စတဲ့ ဘာသာရပ်တွေပေါ့"

"ဟုတ်ကဲ့ပါ"

"ပြောရအုံးမယ်။ သင်္ချာနဲ့ပတ်သက်လို့ စာအုပ်တစ်အုပ်နာမည်က 'အရိသမတိတ်တွက် ပုံစာ' တဲ့ "

"ဟင်၊ အဲဒါ ဘာပါလဲ ဘဘ"

"ဂဏန်းသင်္ချာပေါ့ကွယ်။ Arilk metic ကို အရိသမတိတ်လို့ အသံထွက်ထားတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဘဘမူလတန်းအရွယ်က ထူးထူးဆန်းဆန်း စာအုပ်နာမည်တစ်ခုကို မှတ်မိနေတယ်။ ဘဘ ရေးပြမယ်။ 'ဂဲဩမေဋ္ဌရီ'တဲ့" (ရေးပြလိုက်သည်)

"အဲဒါကော၊ ဘာစာအုပ်ပါလဲ ဘဘ"

"ဘဘလဲတွေ့စက ထူးဆန်းနေတာပေါ့။ အတန်းကြီးလာတော့မှ Geometry ကို အသံလှယ်ထားတာမှန်း သိရတယ်။ နောက်တော့ 'ဂျီဩမေတြီ' လို့ ရေးကြတယ်။ ပညာမင်းကြီးအဖြစ် ဆောင်ရွက်သွားတဲ့ ဆရာကြီး ဦးဘိုးသုန်ပြုစုထားတဲ့ စာအုပ်တွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"နောက် 'လောကဓာတ်'ဆိုတဲ့ ဘာသာရပ် ရှိတယ်။ အဲဒါက Science ကို ဘာသာပြန်တာလေ။ နောက်တော့ 'သိပ္ပံ'ပေါ့ကွယ်။ ဘဘတို့ငယ်ငယ်က သိပ္ပံဘာသာရပ်တွေပေါင်းထားတဲ့ 'အထွေထွေသိပ္ပံ' သင်ရတယ်။ General Science လို့ခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီ ဘာသာရပ်တွေအပြင် မြန်မာစာနဲ့ အင်္ဂလိပ်စာလဲ သင်ရတာပေါ့။ ပထဝီဝင်နဲ့ သမိုင်းလည်း သင်ရတယ်။ မြန်မာစာအတွက် ဖတ်စာအုပ်တွေရယ်၊ သဒ္ဒါစာအုပ်တွေရယ် ပေါ်ပေါက်လာတယ်"

"ဩော်...ဟုတ်ကဲ့"

"ဖတ်စာကတော့ အင်္ဂလိပ်စာ Reader တွေလို အတန်းလိုက်ဖတ်ဖို့ ပြုစုထားတာပေါ့။ ဆရာကြီး ဦးဖေမောင်တင်တို့၊ ဆရာကြီး ဦးလင်းတို့၊ ဦးရွှေကြူးတို့ ပြုစုတဲ့ ဖတ်စာတွေထင်ရှားတာပေါ့"

"သမီးဖတ်ဖူးပါတယ် ဘဘ"

"အဲ... ပြီးတော့ ကျောင်းတွေမှာ မြန်မာသဒ္ဒါသင်ဖို့ သဒ္ဒါစာအုပ်တွေလဲ ပြုစုကြတယ်။ ကျောင်းသင် မြန်မာသဒ္ဒါကို စပြုစုတဲ့ ပညာရှင်တွေက အနောက်နိုင်ငံသား ပညာရှင်တွေပေါ့။ နောက်တော့ မြန်မာပညာရှင်တွေပြုစုတဲ့ သဒ္ဒါတွေလဲပေါ်လာပြီး ကျောင်းတွေမှာ သင်ကြတာပေါ့ကွယ်။ ကဲ... ဒီလောက်ခြုံမိလောက်ပါပြီ"

## သရက်ချောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အမျိုးသမီးအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်



**သရက်ချောင်း ဇူလိုင် ၃**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သရက်ချောင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အမျိုးသမီး အပ်ချုပ်စက်သင်တန်းကို ဇူလိုင် ၁ ရက်က သရက်ချောင်းမြို့နယ် ကတွဲကျေးရွာ ဘုန်းကြီးကျောင်းတွင် ကျင်းပရာ ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးလင်းက တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ပြီး ခရိုင်ဦးစီးမှူး ဦးစိုးလင်းက ယခုသင်တန်းကို တက်ရောက်ခြင်းကြောင့် သင်တန်းသူများအနေဖြင့် ဤပညာရပ်ကို လက်တွေ့နယ်ပယ်တွင် အသုံးချ၍ တစ်ပိုင်တစ်နိုင်မှသည် ပညာရှင်အဆင့်ဖြင့် အသက်မွေးမှုပြုနိုင်အောင် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကာလမှာ ဇူလိုင် ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ နှစ်လတာ ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာများမှ သင်တန်းသူ ၁၅ ဦးကို ပြင်ပမှ စက်ချုပ်ပညာကျွမ်းကျင်သူ ဆရာမတစ်ဦးက သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ညီညီစိုး**

# ဒေသထုတ်ကုန်ဖြင့် လူမှုစီးပွားဘဝ တိုးတက်စေသည့် ပန်းတနော်မြို့နယ်မှ သင်ဖြူးဖျာလုပ်ငန်း

**သတင်းဆောင်းပါး - စိမ်းခက်၊ ဓာတ်ပုံ- ကိုနေ**

**မင်းသားများရန်မှထွက်ပြေးရင်း ဥမ္မာဒန္တီမင်းသမီးလေး ဦးခေါင်းထက်ကပန်းများ ကျခဲ့ရာနေရာတွင် တည်ထားခဲ့သည့် စေတီရှိရာအရပ်ကို ပန်းကျနော်ဟု ခေါ်ဝေါ်သမုတ်ရာမှ ပန်းတနော် ဖြစ်လာသည်ဟု ရာဇဝင်တွင် ဆိုထားသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပန်းတနော်မြို့နယ်လေး။ ထိုမြို့လေးသည် "သင်ဖြူးဖျာဆိုလျှင် ပန်းတနော်က"ဟု ဆိုရလောက်အောင်ပင် မိရိုးဖလာ လက်မှုလုပ်ငန်းဖြစ်သည့် သင်ဖျာလုပ်ငန်းဖြင့် အထူးထင်ရှားလှသည်။**



ဧရာဝတီတိုင်းဒေသကြီးအတွင်း သင်ဖြူးဖျာထုတ်လုပ်သော မြို့များအနက် ပန်းတနော်မြို့နယ်မှာ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်က သင်ဖျာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပြီး အသက်အရွယ်မရွေး သင်ဖျာလုပ်ငန်းအကြောင်းကို အနည်းနှင့်အများဆိုသလို သိရှိတတ်ကျွမ်းကြသူများ ဖြစ်သည်။

"ပန်းတနော်မှာရှိတဲ့ ရွာတွေထဲက ကြိုက်တဲ့ရွာကိုသွား၊ အိမ်တိုင်းနီးပါး ဖျာလုပ်တယ်။ ကိုယ်ပိုင်လုပ်နိုင်တဲ့သူက ကိုယ်ပိုင်၊ ကိုယ်ပိုင် မထောင်နိုင်တော့လည်း လက်ခစားပေါ့"ဟု ပန်းရော စက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်း လီမိတက်၏ သင်ဖျာလုပ်ငန်းတွင် လက်ခစားဖြင့် လုပ်ကိုင်နေသည့် ဒေသခံ ကိုစိုးဟန်က လက်နှစ်ဖက်ဖြင့် ဖျာစနှစ်ဖက်ကို အပေါ်အောက်ဟပ်ကာ ချည်ဖြင့်ချုပ်တွဲရင်း စကားဆိုသည်။

လက်ဖြင့် သင် စိတ်သူကစိတ်၊ ပါးစပ်၊ လက်၊ ခြေထောက်များဖြင့် သင် ငင်သူကငင်(သင်ခွာသူ)၊ လက်ဖြင့် ဖျာကူးသူကကူး၊ ဖျာရက်သူကရက်၊ အနားကွပ်သူကကွပ်၊ ချုပ်သူချုပ်ဖြင့် အဆင့်ဆင့် ပြုလုပ်ရသည့် သင်ဖျာလုပ်ငန်းတွင် လုပ်ငန်းအမျိုးအစားအလိုက် ရရှိသည့် လုပ်ခလစာများမှာ မတူညီပေ။ ဖျာချုပ်သူမှာ ချုပ်နိုင်သည့်အပေါ်မူတည်၍ တစ်ရက်ကျပ် ၈၀၀၀/ ၁၀၀၀၀ ရသည်။

**ပန်းရော စက်မှုလက်မှု ကုန်ထုတ်သမအသင်း**

ပန်းတနော်မြို့နယ်အတွင်းရှိစိတ်ဆန္ဒတူသူများ စုစည်း၍ ဖွဲ့စည်းထားသည့် ပန်းရော စက်မှုလက်မှုကုန်ထုတ်သမအသင်း၌ အသင်းသား ၄၀ ရှိသည့်အနက် အသင်းသားတစ်ဦးလျှင် အနည်းဆုံး အလုပ်သမားသုံး/လေးဦး ငှားရမ်းပြီး လက်ခစားစနစ်ဖြင့် ဖျာများထုတ်လုပ်လျက်ရှိရာ အသင်းသား ၄၀ က ခြောက်တောင်ညွှန့်ရှယ်ဖျာ နှစ်ယောက်အိပ် အချပ် ၈၀၊ ခြောက်တောင် ရိုးရိုးဖျာ ငါးစိတ် အချပ် ၁၀၀၊ လေးတောင်ညွှန့်ရှယ် တစ်ယောက်အိပ် အချပ် ၈၀၊ လေးတောင် ငါးစိတ်ဖျာ ကြမ်းချော အချပ် ၁၀၀ ခန့်ဖြင့် စုစုပေါင်း တစ်လလျှင် ဖျာအချပ်ရေ ၃၆၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။

"အလုပ်သမားတွေတိုင်းက အသင်းဝင်တွေ မဟုတ်ဘူး၊ လုပ်အားခနဲ့ လုပ်တဲ့သူတွေလည်းရှိတယ်။ နေ့စားသဘောမျိုးပေါ့၊ မိသားစုလိုက် အိမ်မှာယူလုပ်ကြတဲ့သူတွေလည်း ရှိတယ်။ မိသားစုလိုက်ဝင်ငွေရကြတယ်။ ဖျာကြမ်းက လူတိုင်းကို ခိုင်းလို့ရတယ်၊ ဖျာချောက အနုစိတ်တော့ လူတိုင်းမလုပ်တတ်လို့ အလုပ်သမား နည်းနည်းရှားတယ်"ဟု ပန်းရောအသင်း အတွင်းရေးမှူး ဒေါ်တင်တင်ခိုင်က ပြောသည်။

ပန်းရောအသင်းမှ ထုတ်လုပ်သည့် ဖျာအမျိုးမျိုးမှာ သင်ဖျာဈေးကွက်၌ နေရာတစ်ခု အခိုင်အမာ ရရှိနေပြီဖြစ်သလို သင်ဖြင့်လုပ်သည့် ဦးထုပ်၊ ဖိနပ်၊ ပိုက်ဆံအိတ်စသည့် အမှတ်တရ အသုံးအဆောင် ပစ္စည်းများကိုလည်း ပြည်တွင်း ပြည်ပ ခရီးသွားတို့ နှစ်သက်စွာ ဝယ်ယူလာကြသည်။

**ပန်းတနော်မြို့နယ်သည် သင်ဖျာလုပ်ငန်းသာမက သင်ခြံစိုက်ပျိုးရေးတွင်လည်း အောင်မြင်သော မြို့နယ်ဖြစ်သည်။ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၄ အုပ်စုတွင် သင်ခြံစိုက်ပျိုးမှု ၁၀၅၂၆ ဧကရှိပြီး ပန်းတနော်ဒေသမှထွက်သည့် သင်မှကုန်ကြမ်းများကို ဓနုဖြူ၊ မအူပင်၊ ညောင်တုန်း၊ ဝါးခယ်မ၊ အိမ်မဲ၊ ကျုံပျော်၊ ဟင်္သာတ၊ ကျောင်းကုန်းအစရှိသည့် အနီးအနားရှိ မြို့နယ်များနှင့် စစ်ကိုင်း၊ မန္တလေး စသောဒေသများကပါ ဝယ်ယူမှုများရှိသည့်အတွက် သင်ခြံစိုက်ပျိုးရေးသည် ထိုမြို့နယ်၏ အောင်မြင်သော လုပ်ငန်းတစ်ခုဟု ဆိုနိုင်သည်**

**သင်ခြံစိုက်ပျိုးရေး**

ပန်းတနော်မြို့နယ်သည် သင်ဖျာလုပ်ငန်းသာမက သင်ခြံစိုက်ပျိုးရေးတွင်လည်း အောင်မြင်သော မြို့နယ်ဖြစ်သည်။ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၄ အုပ်စုတွင် သင်ခြံစိုက်ပျိုးမှု ၁၀၅၂၆ ဧကရှိပြီး ပန်းတနော်ဒေသမှထွက်သည့် သင်မှ ကုန်ကြမ်းများကို ဓနုဖြူ၊ မအူပင်၊ ညောင်တုန်း၊ ဝါးခယ်မ၊ အိမ်မဲ၊ ကျုံပျော်၊ ဟင်္သာတ၊ ကျောင်းကုန်း အစရှိသည့် အနီးအနားရှိ မြို့နယ်များနှင့် စစ်ကိုင်း၊ မန္တလေး စသော ဒေသများကပါ ဝယ်ယူမှုများရှိသည့်အတွက် သင်ခြံစိုက်ပျိုးရေးသည် ထိုမြို့နယ်၏ အောင်မြင်သော လုပ်ငန်းတစ်ခုဟု ဆိုနိုင်သည်။

"သင်စိုက်ကေက သောင်းကျော်ရှိတယ်။ သင်က သုံးနှစ် တစ်ကြိမ် ခုတ်ယူနိုင်တဲ့အတွက် ကုန်ကြမ်းသင်အစိုတွေ လိုသလောက်ဝယ်ယူနိုင်တယ်။ ကုန်ကြမ်းထွက်ချိန်မဟုတ်တဲ့ မိုးတွင်းကာလမှာတောင် ကုန်ကြမ်းကို သင်ခြောက်လှောင်တဲ့သူတွေဆီက လိုသလောက်ဝယ်နိုင်လို့ ဒီဒေသမှာ ဖျာအတွက် ကုန်ကြမ်းပြတ်တာတော့ မရှိပါဘူး"ဟု သင်ဖျာလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးဝင်းမောင်က ဆိုသည်။

သင်ပင်စိုက်သည့်အချိန်မှ နောက်ဆုံး ကုန်ချောဖြစ်သည့် သင်ဖျာ ရက်လုပ်ပြီးစီးချိန်အထိ အချိန်၊ ငွေကြေး အရင်းအနှီးသာမက လုပ်သားအင်အားကိုလည်း အများဆုံး စိုက်ထုတ်လုပ်ကိုင်ရ၍ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများသည့် လက်မှုလုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

"သင်ဖျာလုပ်ငန်းမှာ သင်ပင်စိုက်သူကစလို့ သင်ဖျာရက်တဲ့သူအထိ အဆင့်ဆင့် ထိုက်သင့်တဲ့ သူ့လုပ်အားခနဲ့သူဆိုတော့ အဆင်ပြေကြပါတယ်။ ဒီလုပ်ငန်းနဲ့ စားဝတ်နေရေးဖြေရှင်းသူတွေရှိသလို ကြီးပွားသွားတဲ့သူတွေလည်းရှိတယ်"ဟု ပန်းရောအသင်း ဥက္ကဋ္ဌ ဦးလှိုင်ဝင်းက ပြောသည်။

**သမဝါယမဦးစီးဌာန၏ အကူအညီ**

ပန်းရောကဲ့သို့ သမဝါယမအသင်းအဖွဲ့များကို လိုအပ်သည့် ငွေကြေး အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်များကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာနကလည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။

တိုင်းဒေသကြီး သမအသင်းစုချုပ်မှ ဦးစောအင်ဒရူးပန်းက "သူတို့ လိုအပ်တဲ့အခါ အကြံဉာဏ်ပေးတယ်၊ ငွေရေးကြေးရေး လိုအပ်တာတွေကိုလည်း ဖြည့်ဆည်းပေးတယ်၊ ချေးငွေထုတ်ပေးတဲ့အခါမှာလည်း တင်ပြလာတဲ့ငွေကြေးအပိုင်းကို BOD အစည်းအဝေးခေါ်ပြီး ဆုံးဖြတ်ပေးတယ်။ စာချုပ်စည်းကမ်းနဲ့ မညီတဲ့သူတွေကို ဆက်မထုတ်ပေးဘဲနဲ့ ရပ်တံ့ထားပြီး ရအောင် တောင်းခံရတာတွေလည်း ရှိပါတယ်။ ဧရာဝတီတစ်တိုင်းလုံးမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေအတွက် သမဝါယမက ချေးငွေထုတ်ပေးတာ ကျပ်သိန်းပေါင်း ၃၀၀၀ ကျော်လောက်ရှိပါတယ်"ဟု ပြောသည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကလည်း SME ချေးငွေများ၊ ပက်မြန်မာ၊ ပီဂျီအမ်အက်ဖ် စသည့် ပြင်ပအသေးစားချေးငွေဌာနများနှင့် ချိတ်ဆက်ကာ ချေးငွေရရှိရေး ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျွမ်းကျင်လုပ်သားများ ဖြစ်လာရေးအတွက် သင်တန်းများလည်း ဖွင့်လှစ်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဦးစိုးနိုင်ထူးထံမှ သိရသည်။

**ကိုဗစ်ကာလ အခက်အခဲများ**

ကမ္ဘာ့နိုင်ငံအသီးသီးရှိ စက်မှုလက်မှုလုပ်ငန်းကြီးများသည်ပင် ကိုဗစ်ကာလအတွင်း အခက်အခဲ အကျပ်အတည်းမျိုးစုံ ရင်ဆိုင်ကြုံတွေ့နေရသည်ဖြစ်ရာ ပုံမှန်ကာလမှာပင် အရောင်းအဝယ်သွက်ကုန်စည် မဟုတ်သည့် မြန်မာ့လက်မှုလုပ်ငန်း ထုတ်ကုန်ဖြစ်သော သင်ဖျာလုပ်ငန်းမှာလည်း ရပ်တည်ရေးအတွက် ငွေကြေးအရင်းအနှီး၊ အလုပ်သမား၊ ရောင်းဝယ်ဖောက်ကားဖြန့်ချိနိုင်မှု စသည့် အခက်အခဲများကို ရင်ဆိုင်နေရသည်။ သင်ဖျာလုပ်ငန်းရှင်များသာမက အလုပ်သမား မိသားစုများသည်လည်း အခက်အခဲများ ရင်ဆိုင်ကြရသည်။

"ပြီးခဲ့တဲ့ ကိုဗစ်ကာလတုန်းက တော်တော်လေး ခံခဲ့ရတာ၊ အလုပ်သမားတွေက လာလို့မရတော့ မလာကြဘူး၊ လုံးဝ ရပ်ဆိုင်းလိုက်ရတဲ့အခြေအနေ၊ အလုပ်ကို မဖြစ်တော့တာ။ သမကိုပေးရမယ့်ငွေကို ခဏဆိုင်းငံ့ပေးထားတဲ့အတွက် အသက်ရှူချောင်သွားတာ၊ အခု ဈေးကွက်အခြေအနေက သုံးနေကြလူတွေ အော်ဒါပြန်မှာတာတော့ ရှိလာတယ်"ဟု ပန်းရောမှ ဥက္ကဋ္ဌ ဦးလှိုင်ဝင်းက ပြောသည်။

ထို့အတူ သင်ငင်သည့်အလုပ်ကို လုပ်ကိုင်သူ ဒေါ်ချိုချိုခိုင်ကလည်း "တစ်ရက်ကို ခြောက်ထောင်လောက် ရတယ်၊ ကိုယ်တွေက မရှိတဲ့သူ လက်လုပ်လက်စားဆိုတော့ ကိုဗစ်ကာလမှာလည်း အလုပ်မနားဘူး၊ ဒါပေမယ့် အလုပ်ပါးတယ်၊ အလုပ်ပြန်ဝင်တာ သုံးလလောက်ရှိပြီ"ဟု ပြောသည်။

ပန်းရောအသင်းအနေဖြင့် တစ်နှစ်လျှင် သင်ဖြူးဖျာရောင်းချရသည့် အမြတ်ငွေ ကျပ် ၈၄ သိန်းခန့်ရရှိပြီး အသင်းသားများ၏ သာရေး၊ နာရေးကိစ္စများတွင် ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်ရန် ကျပ် ၁၅ သိန်းနှင့် သားသမီးများ ပညာသင်စရိတ် ထောက်ပံ့ခြင်းများ ဆောင်ရွက်နိုင်ရန် ကျပ် ၁၀ သိန်း လျာထားသည်။ ထို့ပြင် အသင်းသားများအတွက် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ အသင်းက ချေးယူထားသည့် ချေးငွေ ကျပ်သိန်း ၂၀၀ ကို တစ်လလျှင် ငွေကြေးစရိတ် ၁ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် ရယူ၍ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေကြောင်းနှင့် နှစ်စဉ် အသင်း၏ အသားတင်အမြတ်ငွေကို ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အသင်းသားများ၏ သဘောတူညီချက်တို့ဖြင့် အစုအပေါ် အမြတ်ငွေခွဲဝေပေးခြင်း၊ အသင်း၏ ရန်ပုံငွေများ ခွဲဝေခြင်း၊ အခြားလျာထားငွေများ ခွဲဝေထားရှိခြင်းတို့အပြင် အသင်းမှထွက်ရှိသည့် သင်ဖျာ အရည်အသွေး ကောင်းမွန်ရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၂၄ သို့*

## ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်



**ပိုင်ကျုံ ဇူလိုင် ၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့်ပြုလုပ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၁ ရက်က ပိုင်ကျုံမြို့ ကစိုရွာသစ်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် (၃) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်က နိုင်ငံသားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ အခြေခံ(လှိုင်းဘွဲ့) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စံထူးကျော်တို့က ပိုင်ကျုံမြို့ ကစိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စုလူဦးရေစာရင်း ၂၈ စု၊ အမျိုးသား ၆၈ ဦးနှင့် အမျိုးသမီး ၅၁ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက်ပေးအပ်သည်။

ထို့နောက် ကစိုကျေးရွာနေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ တက်ရောက်လာသော ကျေးရွာသူရွာသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## အရေးပေါ် အသက်ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဆင်း

**မြစ်ကြီးနား ဇူလိုင် ၃**

မြစ်ကြီးနားမြို့ ရောဝတီကရုဏာ (အခမဲ့) လူမှုကူညီရေးအသင်းက ဦးဆောင်ဖွင့်လှစ်သည့် အရေးပေါ် အသက်ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဆင်းပွဲကို ကချင် ပြည်နယ် မြစ်ကြီးနားမြို့ အေးစေတီကျောင်းတိုက်၌ ဇွန် ၃၀ ရက်က ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမျိုးဆွေက သင်တန်းဆင်းအမှာစကားပြောကြားပြီး တစ်ဦးချင်းဆုရသင်တန်းသား သင်တန်းသူများနှင့် အသင်းအဖွဲ့အလိုက် ဆုရရှိသူများအား ဆုတံဆိပ်နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ လူမှုကူညီရေးအသင်းအဖွဲ့များအတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်အတွင်းမှ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များအား လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်)(YRO)မှ တာဝန်ရှိသူများက အရေးပေါ် အသက်ကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သင်ခန်းစာများကို ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။

**ယော်ဆောင်(ပြန်/ဆက်)**

## မော်လမြိုင်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**မော်လမြိုင် ဇူလိုင် ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မောင်ငံရပ်ကွက်အတွင်းနေ ပြည်သူများ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေးအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးချစ်ကိုကိုနှင့် ဝန်ထမ်းများက ဇူလိုင် ၁ ရက်က ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူ အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၈၉ ဦးနှင့် အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အကြား နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူ အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ၄၀ တို့အား ဆောင်ရွက်ပေးခဲ့ပြီး မော်လမြိုင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာ လေးရွာတို့တွင် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးပြီး ဖြစ်သည်။

မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း နေထိုင်ကြသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးရရှိစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများ ရရှိစေရေးအတွက် ပန်းခင်းစီမံချက်ကို မြို့နယ်အသီးသီး၌ ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## အောင်မြေသာစံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေ အရှေ့ရပ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းခြင်းကို ဇူလိုင် ၁ ရက်က ကျောင်းစာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါ စာအုပ်လှူဒါန်းခြင်းကို ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ဝင်း၊ ကျောင်းစာကြည့်တိုက်တာဝန်ခံ ဒေါ်သင်းသင်းရီနှင့် အလှူရှင် မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ (၂) ဦးထွဏ်းလှအောင်နှင့် ဖိတ်ကြားထားသော စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်သည်။

ရေးဦးစွာ အလှူရှင် ဦးထွဏ်းလှအောင်က မိမိပညာသင်ကြားခဲ့သော ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် ၁၅ အုပ်နှင့် မဂ္ဂဇင်း၊ ဂျာနယ်စာစောင် ခုနစ်အုပ် လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီးထံ စာအုပ်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကျောင်းစာကြည့်တိုက် တာဝန်ခံဆရာမ ဒေါ်သင်းသင်းရီက ကျောင်းစာကြည့်တိုက်အခြေအနေကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့အပြင် အဆိုပါ ကျောင်းစာကြည့်တိုက်အတွက် ကျောင်းသားဟောင်းများ၊ စာပေပညာရှင်များက စာအုပ်များ လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၉၄၀၂၆၇၈၉၂၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွဏ်းလှအောင်(မန္တလေး)**

*စာမျက်နှာ ၂၃ မှ*

ထို့ပြင် အသင်းသား ၄၀ က ထုတ်လုပ်သည့် သင်ဖြူးဖျာများကို အသင်းအမှုဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် သင်ဖျာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊ ရောဝတီတိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်မှတစ်ဆင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်များသို့ ချိတ်ဆက်ရောင်းချခြင်း၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားများတွင် အရောင်းဆိုင်ဖွင့်လှစ်ရောင်းချခြင်း၊ သင်ဖြူးဖျာထွက်ရှိခြင်းမရှိသည့် ဒေသများသို့ တင်ပို့ရောင်းချခြင်း၊ အညာဒေသ ဘုရားပွဲများတွင် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ အသင်းအနေဖြင့် သင်ဖြူးဖျာဝယ်ယူလိုသော သမဝါယမအသင်း အချင်းချင်း ချိတ်ဆက်ရောင်းချခြင်းတို့ဖြင့် ဈေးကွက်ကျယ်ပြန့်လာစေရန် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဖွဲ့စည်းလိုက်ပြီဖြစ်ရာ ကျေးလက်နေပြည်သူများနှင့် အခြေခံလူတန်းစားများအတွက် သမဝါယမလုပ်ငန်းသည် ယခင်ကထက် အားကိုးအားထားပြုရာ ဌာနတစ်ခုဖြစ်လာတော့မည်မှာ မလွဲပင်။

ရောဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးငွေမြင့်အောင်က “သမဦးစီးဌာနကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနဲ့ ပေါင်းပြီး ဝန်ကြီးဌာနတစ်ခုအဖြစ် သီးသန့်ဖွဲ့စည်းလိုက်တော့ ကျေးလက်ဒေသနဲ့ မြို့ပေါ်က အခြေခံလူတန်းစားတွေရဲ့ လူမှုရေး၊ စီးပွားရေးလုပ်ငန်းတွေကို ပိုပြီး ထိရောက်အကျိုးရှိအောင် ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်” ဟု သုံးသပ်ပြောကြားသည်။

**ရှေ့ဆက် ပို၍အောင်မြင်အောင်**

မြန်မာ့လက်မှုပညာစစ်စစ်၊ သေသပ်လှပစွာ အနုစိတ် ရက်လုပ်ထားသော၊ မြန်မာ့ရာသီဥတုနှင့် ကိုက်ညီပြီး ကျန်းမာရေးအတွက် အထူးသင့်လျော်ကာ ရှင်ပြု ရဟန်းခံ၊ မင်္ဂလာဆောင်ခန်းဝင်ပစ္စည်းတို့တွင် မပါမဖြစ် ပစ္စည်းလည်းဖြစ်၊ ဒေသထုတ်ကုန်ဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာကိုလည်း ဖန်တီးပေးနိုင်သည့် သင်ဖြူးဖျာလုပ်ငန်းနှင့် ပတ်သက်၍ ပန်းတနော်ဒေသခံတစ်ဦးဖြစ်သူ ပန်းရောစက်မှု လက်မှု ကုန်ထုတ်သမဝါယမအသင်း၏ အတွင်းရေးမှူး ဒေါ်တင်တင်ခိုင်က “သင်ဖြူးဖျာဆိုတာနဲ့ ပန်းတနော်လို့ တွဲသိလို့ ဂုဏ်ယူတယ်၊ မိရိုးဖလာလုပ်ငန်းဆိုတော့ အခက်အခဲတွေ ဘယ်လောက်ရှိရှိ ရှေ့ဆက် ဒီထက်ပိုပြီးအောင်မြင်အောင် လုပ်ချင်ပါသေးတယ်” ဟု ဆိုလေသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ရေးရာသင်တန်းကျောင်းများ၌ မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

**စစ်ကိုင်း ဇူလိုင် ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး မုံရွာနှင့် သင်တန်းကျောင်းများရှိ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသူများအနေဖြင့် သစ်ပင်နှင့် သစ်တော၏ တန်ဖိုးကို နားလည်ချစ်မြတ်နိုးသည့် စိတ်ဓာတ်ကို ဖော်ဆောင်ပေးရန် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး မုံရွာကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးလူငယ်သင်တန်းကျောင်း (ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ပင်လည်ဘူး)နှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီး၊ ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်း၊ ကလေး၊ ကသာ) စုစုပေါင်း သင်တန်းကျောင်း ၁၅ ကျောင်း၌ ဇူလိုင် ၁ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို သက်ဆိုင်ရာကျောင်းအလိုက် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ၅၃၅ ပင်၊ အရိပ်ရလေကာပင် ၁၃၀ နှင့် နှစ်ရှည်သီးနှံပင် ၂၀၅ ပင် စိုက်ပျိုးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# အလုပ်ဟူသမျှ ဂုဏ်ရှိစွ

ဇင်မင်းစိုး (ဗိုလ်ကလေး)

လူမှုဘဝပတ်ဝန်းကျင်တွင် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လူတိုင်းအလုပ်လုပ်ကြရမည် ဖြစ်သည်။ ကျင်လည်ရာဘဝတွင် တတ်မြောက်သည့် ပညာဖြင့် စားဝတ်နေရေး ဟူသော အခက်အခဲကိစ္စကို နည်းလမ်းမျိုးစုံဖြင့် ဖြေရှင်းနေကြရလေသည်။

အချို့က လွယ်ကူသူရှိသလို အချို့က အခက်အခဲများနဲ့ ရင်ဆိုင်ရလေသည်။ သို့သော် ဆင်းရဲသူပင် ဖြစ်စေ၊ ချမ်းသာသူပင် ဖြစ်စေ အလုပ်လုပ်ကြရမည်သာ ဖြစ်လေသည်။

နိုင်ငံ့ဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်း၊ ကိုယ်ပိုင်လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ လယ်ယာကိုင်းကျွန်းလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြားသော အသေးစားလုပ်ငန်းများထဲတွင် တစ်ခုမဟုတ်တစ်ခုတော့ ကျင်လည်လုပ်ကိုင်နေကြသည်ချည်း ဖြစ်လေသည်။

မိမိလုပ်ဆောင်ရမည့် လုပ်ငန်းအနေအထားအရ ကျွမ်းကျင်မှုအလိုက် အနိမ့်အမြင့် ရာထူးအဆင့် ကွဲပြားကြလေသည်။ မိမိက ရာထူးအဆင့်မြင့်လို့ မာန်မာန ထောင်လွှားရန် မလိုသလို အောက်ခြေလုပ်ငန်းများအတွက်လည်း စိတ်အားငယ် သိမ်ငယ်စရာမလိုပေ။

မိမိ၏ အလုပ်အပေါ်ထားရှိသော ရိုးသားမှုနှင့် သစ္စာရှိမှု၊ စေတနာထားမှုနှင့် တာဝန်ကျေပွန်မှုတို့ကသာလျှင် အောင်မြင်မှုအတွက် အခြေခံသလို အလုပ်ပြီးမြောက်မှုအတွက်လည်း အဓိက ပဓာနကျလေသည်။

**● သူတစ်ပါး အိပ်မောကျနေချိန်တွင် ရာသီဥတု ပူသည်၊ အေးသည် မရှိဘဲ တံမြက်စည်းရှည်ဖြင့် တရွှမ်းရွှမ်း လှည်းကျင်းနေတတ်သည့် လူမှုထူးချွန် အလုပ်သမားများဟု စိတ်ထဲမှ ကျိတ်၍ ချီးကျူးမိသည်။ လမ်းပြုပြင်နေကြသည်ကို မကြာခဏ တွေ့မြင်ရလေသည်။ နေပူစပ်ခါးကြီးတွင် ချွေး တလုံးလုံးဖြင့် ကျောက်ထုခြင်း၊ ကျောက်သယ်ခြင်း၊ လမ်းကြိတ်ခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများ လုပ်ဆောင်နေကြသည်**

### မိမိကိုယ်ကို ပြင်ဆင်ထားသင့်

အလုပ်လုပ်ရာတွင် စည်းကမ်းကျနမှု၊ သေသပ်မှု၊ စိတ်ရှည်သည်းခံမှုနှင့် ပူးပေါင်းဆောင်ရွက်တတ်မှု ရှိခြင်းများသည်လည်း အရေးပါလေသည်။ ပြီးစလွယ်ဖြစ်သလို အလုပ်လုပ်ခြင်းသည် ပျက်စီးခြင်း၊ ကျရှုံးခြင်း၏ လမ်းစဖြစ်ပြီး စိတ်ရှည်သည်းခံမှု၊ လိုက်လျောညီထွေမရှိမှုတို့သည် အောင်မြင်ခြင်း၏ ဆန့်ကျင်ဘက်လမ်းစဉ်ဖြစ်လေသည်။

အချင်းချင်း တိုင်ပင်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်ကြလျှင် လိုချင်သော ပန်းတိုင်ကို အမြန်ဆုံး ရောက်ရှိနိုင်ပြီး အမှားလည်း နည်းနိုင်လေသည်။

အလုပ်လုပ်ရာတွင် ရေသာခို အချောင်လိုက်ခြင်း၊ ပျင်းရိခြင်းတို့သည် မိမိအတွက်သာမက သူတစ်ပါးအတွက်ပါ ဝန်ထုပ်ဝန်ပိုးများသလို အလုပ်ပြီးမြောက်မှုအတွက်လည်း နှောင့်နှေးကြန့်ကြာစေလေသည်။ ထို့ကြောင့် အလုပ်လုပ်ချင်စိတ်ရှိအောင် မိမိကိုယ်ကိုယ်ပြင်ဆင်ထားသင့်ပေသည်။

"အပျင်းရောဂါ စွဲကပ်လာ၊ မြန်စွာ ကုဖို့ပြင်"ဟူသော ဆုံးမစာကို အစဉ်အမှတ်ရနေပြီး အလုပ်လုပ်ခြင်းသည် မိမိအတွက် ကျန်းမာရေးကောင်းသည်၊ လေ့ကျင့်ခန်းမည်၏၊ အများသူငါ ကြည်ဖြူ၏၊ လူအများက ချစ်ခင်၏ ဟု မိမိကိုယ်ကို ဖြည့်စွက်တွေးမှတ်၍ အလုပ်ပိုမိုကြိုးစားလိုသော စိတ်ဓာတ်ကို တိုးမြှင့်မွေးမြူထားသင့်ပေသည်။ အမှန်တကယ်ပင် အလုပ်လုပ်သောသူကို အများက ချစ်ခင်လေးစားတန်ဖိုးထားကြလေသည်။

ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် လုပ်ငန်းကိုယ်စီဖြင့် အလုပ်လုပ်နေကြသော လူငယ်လူရွယ်များကို နေ့စဉ်တွေ့မြင်ရလေသည်။ ဤနေရာတွင် မည်သည့်လုပ်ငန်းမဆို အလုပ်ဟူသာမှတ်ယူကြရန်ဖြစ်သည်။

### အလုပ်ဟူသမျှ ဂုဏ်ရှိစွ

ရူပဗေဒဘာသာရပ်၏အဆိုအရ အရာဝတ္ထုပစ္စည်းတစ်ခုကို တစ်နေရာမှ အခြားတစ်နေရာသို့ ရွှေ့လျားပြီးလျှင် အလုပ်ပြီးမြောက်သည် ဟူသော သဘောတရားနှင့် အတူတူပင် ဖြစ်လေသည်။ မည်သည့်အလုပ်ပင်ဖြစ်စေကာမူ အလုပ်လုပ်ခြင်းပင် ဖြစ်လေသည်။ မြင့်မားသည်၊ နိမ့်ကျသည် ဟူ၍ မရှိ။ အလုပ်ဟူသမျှ ဂုဏ်ရှိစွပင် ဖြစ်လေသည်။

ဈေးရောင်းခြင်း၊ ပစ္စည်းအဟောင်း လဲလှယ်ခြင်း၊ ဖိနပ်ထီးများချုပ်လုပ်ခြင်း၊ အဝတ်အစား လျှော်ဖွပ်သန့်စင်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပစ္စည်းသယ်ယူ ထမ်းပိုးခြင်းနှင့် အခြားဗာဟီရ လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့သည် "ကုသိုလ်လည်းရ ဝမ်းလည်းဝ" သည့် လုပ်ငန်းများဖြစ်ရာ ဂုဏ်ရှိသောအလုပ်များဟု ဆိုနိုင်လေသည်။

### စိတ်သဘောထား ပြည့်ဝသူများ

ကျွန်တော် တာဝန်ကျရာနေရာများတွင် မြို့တော် စည်ပင်သာယာမှ ဝန်ထမ်းများနှင့် ခင်မင်ရင်းနှီး သူငယ်ချင်း ဖြစ်ခဲ့ကြသည်။ လူငယ်လူရွယ်များဖြစ်ပြီး စိတ်သဘောထား ဖြူစင်ကြလေသည်။ မိုးလင်းမိုးချုပ် အလုပ်လုပ်ကြရသည်။

အခါကြီးရက်ကြီးများနှင့် သင်္ကြန်ကာလများတွင် စည်ပင်ဝန်ထမ်းများသည် နံနက် ၄ နာရီမှစကာ အမှိုက်ကောက်ခြင်း၊ အမှိုက်သိမ်းခြင်းများနှင့် အမှိုက်လှည်းခြင်း လုပ်ငန်းများ လုပ်ဆောင်ကြသည်ကို အဝေးပြေးဝင်းသွားရောက်စဉ် မကြာခဏ တွေ့ရလေသည်။

သူတစ်ပါး အိပ်မောကျနေချိန်တွင် ရာသီဥတု ပူသည်၊ အေးသည် မရှိဘဲ တံမြက်စည်းရှည်ဖြင့် တရွှမ်းရွှမ်း လှည်းကျင်းနေတတ်သည့် လူမှုထူးချွန် အလုပ်သမားများဟု စိတ်ထဲမှ ကျိတ်၍ ချီးကျူးမိသည်။

ကိုယ်ချင်းစာသူများက မုန့်၊ အအေး၊ သောက်ရေသန့်များ ဝေငှပေးလှူခဲ့ကြသည်။ ၎င်းတို့မျက်နှာတွင် ငြီးငွေ့ခြင်း၊ စိတ်ပျက်ခြင်း အမူအရာ လုံးဝမရှိ။ သီချင်းတကြော်ကြော်ဖြင့် စိတ်အားတက်ကြွဖွယ်ပင်ကောင်းလေသည်။

ဒါတွင် မပြီးသေး။ ခဏတစ်ဖြုတ်နားကာ လမ်းလယ်ကျွန်းများတွင် ပန်းအလှဆင်ခြင်း၊ မြက်ရိတ်ခြင်း၊ မြက်နုတ်ခြင်းနှင့် လမ်းဘေးပခုံးပလက်ဖောင်းများကို ဆေးသုတ်ခြယ်သခြင်းများကို ခိုကပ်ခြင်း၊ တွက်ကပ်ခြင်းမရှိဘဲ သူ့နေရာနှင့်သူ အပိုအလိုမရှိ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်ကြလေရာ ချီးကျူးဖွယ် စံပြအလုပ်သမားများဟူ၍ပင် ဆိုနိုင်ချေ၏။ ခံယူချက်နှင့် စိတ်သဘောထားပြည့်ဝသူများ ဖြစ်လေသည်။

ကျွန်တော်တို့ တစ်နေရာမှ တစ်နေရာသို့ ခရီးထွက်ရာတွင် အချို့လမ်းမကြီးများ၌ လမ်းပြုပြင်နေကြသည်ကို မကြာခဏ တွေ့မြင်ရလေသည်။ နေပူစပ်ခါးကြီးတွင် ချွေးတလုံးလုံးဖြင့် ကျောက်ထုခြင်း၊ ကျောက်သယ်ခြင်း၊ လမ်းကြိတ်ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ လုပ်ဆောင်နေကြသည်။

အများသူငါတို့ သွားရာလမ်း အဆင်ပြေချောမွေ့စေရေးနှင့် သက်သောင့်သက်သာ သွားလာနိုင်ရေးအတွက် ပူပြင်းတောက်လောင်သော နေရောင်အောက်တွင် ခွန်အားနှင့် လုပ်အားတို့ ရင်းနှီးပေးဆပ်သည့် မြင့်မြတ်သော ဂုဏ်ယူဖွယ် အလုပ်သမားများပင် ဖြစ်လေသည်။

### အာဂအလုပ်သမားကြီးများ

မိုးရာသီရောက်လျှင် လမ်းမကြီးများ၊ လူနေအိမ်များ၊ လျှပ်စစ်မီးကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းကြီးများကို အခေါင်မြင့်ဖျားက တက်ရောက် ခုတ်ထွင်ရှင်းလင်းနေသည့် အလုပ်သမားကြီးများ၏ လုပ်အားအလှသည်လည်း ဂုဏ်ယူဖွယ်ရာ မြင်ကွင်းများပင် ဖြစ်လေသည်။

ဝမ်းစာဖူလုံရေးအတွက် မြစ်ချောင်းအင်းအိုင်တို့တွင် သားငါးရှာဖွေ ဖမ်းဆီးပေးနေသည့် ရေလုပ်သားကြီးများနှင့် ဆန်ရေစပါး စိုက်ပျိုးပေးသည့် ကျေးဇူးရှင်ဦးကြီးများသည်လည်း ကျွန်တော်တို့၏ စံပြအလုပ်သမားကြီးများပင် ဖြစ်လေသည်။

ရုံးဝန်ထမ်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားကြီးများသည်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းရေးအတွက် ဆောင်ရွက်ပေးနေကြသည့် ဖြူစင်သော အာဂအလုပ်သမားကြီးများပင် ဖြစ်လေသည်။

ကျွန်တော်တို့၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် ကျရာအလုပ်တာဝန်များကို မိမိနိုင်သည့်ဘက်မှ စွမ်းသလောက် ကြိုးစားရုန်းကန်ကြရပေမည်။

အမြဲတမ်း လွယ်ကူနေမည်တော့ မဟုတ်ချေ။ ကြိုးစားရုန်းကန်လှုပ်ရှားနေရမည်သာ ဖြစ်လေသည်။

**"ဝမ်းတစ်ထွာ"**
**မိုးလင်းချိန် အိပ်ရာထ**
**ပူလောင်လှ ဝမ်းတစ်ထွာ**
**တစ်နေ့တွက်ရှာ...**
**အရှေ့မှာ နေထွက်လို့**
**အနောက်ဘက် နေအဝင်မှာ**
**သည်ခန္ဓာ သည်အရေး**
**တွေးမရှုနဲ့ကွယ်...**
**ဘေးအမှု သူငါတွယ်လိမ့်**
**သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက်ရယ်မို့**
**ကျင်လည်ရာ ဘဝလမ်းဆီက**
**ဆုံးရခက်သေး** ... ... ... ဟူသည့် ဆရာ မောင်အေးလူ (မြန်မာစာ)၏ 'ဝမ်းတစ်ထွာ' ကဗျာအရ ကျွန်တော်တို့ လူသားများ၏ စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းပြုရာတွင် မည်သည့်အလုပ်မဆို ဂုဏ်ရှိစွာ ဂုဏ်ယူစွာဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်ကြစေရန် တိုက်တွန်းနှိုးဆော် အသိပေး ရေးသားတင်ပြလိုက်ရပါတော့သည်။ ။

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်နည်း သင်တန်းဖွင့်

**ပန်းတနော် ဇူလိုင် ၃**

၂၀၂၀-၂၀၂၁ ခုဘဏ္ဍာနှစ်တွင် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံ မော်တော်ဆိုင်ကယ် ပြုပြင်နည်းသင်တန်းကို ကျုံတုံးကလေးကျေးရွာအုပ်စု အစုကြီးကျေးရွာတွင် ဇူလိုင် ၁ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဆန်းဗိုလ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်က ကျေးလက်နေပြည်သူများ လက်မှုအတတ်ပညာ သင်ယူတတ်မြောက်စေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံမော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်း ဖွင့်လှစ်ရခြင်းအကြောင်း ဆွေးနွေး ပြောကြားသည်။

အဆိုပါသင်တန်းတွင် အစုကြီးကျေးရွာ၊ ကွက်နီကုန်းကျေးရွာ၊ တလိုင်းစုကျေးရွာ၊ ကျုံတုံးကလေး ဘုရားကြီးဘက်ကျေးရွာ၊ မယ်သီလကုန်းကျေးရွာ၊ ဆပ်သေကျေးရွာ၊ အင်းမကျေးရွာ စုစုပေါင်း ခုနစ်ရွာမှ သင်တန်းသား ၂၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၁ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်

(ပြန်/ ဆက်)

# မိုးတွင်းကာလတွင် သမ္ဗန်စီးခရီးသည်များအတွက် အသက်ကယ်ကွင်းများက ပိုမိုအဆင်ပြေ

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်မှ ရန်ကုန်မြို့သို့ စက်တပ်သမ္ဗန်ဖြင့် သွားလာကြသူ ခရီးသွားများ တွက် စက်တပ်သမ္ဗန်များတွင် ထားရှိသည့် အသက်ကယ်အင်္ကျီများအစား ဝတ်ဆင်ရန်မလိုသည့် အသက်ကယ်ကွင်းများသာ ပြန်လည်ထားရှိ အသုံးပြုစေလိုကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

ဒလမြို့နယ်မှ ရန်ကုန်မြစ်အား စက်တပ်သမ္ဗန်ငယ်လေးများစီးနင်း၍ ခရီးသွားကြသူများအတွက် ယခင်က စက်တပ်သမ္ဗန်ငယ်များတွင် အသက်ကယ်ကွင်းများထားရှိကာ ခရီးသွားများ၏ အသက်အန္တရာယ် ဆုံးရှုံးမှုမဖြစ်စေရေး စီမံထားရှိအသုံးပြုခဲ့ရာမှ အသက်ကယ်အင်္ကျီများအား အစားထိုးအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြစ်ကူး ခရီးသည်တင်ဆောင် ပြေးဆွဲနေသည့် စက်တပ်သမ္ဗန်ငယ်မောင်းသူများနှင့် စက်တပ်သမ္ဗန်ငယ်များ၏ ပိုင်ရှင်အများစုတို့ကလည်း အသက်ကယ်အင်္ကျီများအစား အသက်ကယ်ကွင်းများကိုသာ အသုံးပြုစေလိုကြောင်း သိရသည်။

"အရင်ကတည်းက အသက်ကယ်ကွင်းတွေပဲ အသုံးပြုခဲ့တာ ခရီးသည်တွေ ဝတ်ဆင်စရာ မလိုဘူး။ အသက်ကယ်အင်္ကျီကတော့ သမ္ဗန်စီးရင် ဝတ်ထားရမယ်လို့ စည်းကမ်းသတ်မှတ်ထားတယ်။ ဘယ်သူမှ မဝတ်ချင်ကြဘူးလေ" ဟု စက်တပ်သမ္ဗန်မောင်းသူတစ်ဦးက ပြောသည်။

စက်တပ်သမ္ဗန်များတွင်ထားရှိသည့် အသက်ကယ်အင်္ကျီများသည် အချိန်ကာလကြာမြင့်ခြင်းနှင့် ရာသီဥတုဒဏ်တို့ကြောင့် မည်းညစ်နံစော်နေခြင်း၊ မိုးရွာလျှင် ရေစိုနေ၍ နေပူလျှင် အပူဒဏ်မခံနိုင်ခြင်းများကြောင့်လည်း ဝတ်ဆင်လိုခြင်း မရှိကြကြောင်း သိရသည်။ ထို့ပြင် အသက်ကယ်အင်္ကျီနှင့်အသက်ကယ်ကွင်းတစ်ခုစီ၏ ဈေးနှုန်းမှာ ကွာခြားသည့်အပြင် အသက်ကယ်အင်္ကျီသည် ခရီးသည် တစ်ဦး၏ အသက်ကိုသာ လုံခြုံမှုပေးနိုင်သော်လည်း အသက်ကယ်ကွင်းတစ်ခုလျှင် ခရီးသည် အနည်းဆုံး သုံးဦး၏ အသက်အား လုံခြုံမှုပေးနိုင်ကြောင်း သိရသည်။



စက်တပ်သမ္ဗန်များစီး၍ ခရီးသွားလာသူများအား တွေ့ရစဉ်။

"ကျွန်တော်တို့ သမ္ဗန် စမောင်းကတည်းက ကွင်း အသုံးပြုခဲ့တာ၊ အသက်ကယ်ကွင်းရဲ့ ဘေးမှာ ကြိုးကွင်းတွေပါတယ်။ ခရီးသည် သုံးယောက်လောက် အသာလေး ခိုထားလို့ရတယ်။ အသက်ကယ်အင်္ကျီတွေကို ကြည့်လေ မည်းညစ်ပြီးအရောင်ပြယ်နေတယ်။ ဘယ်ခရီးသည်က ဝတ်မလဲ။ ကျွန်တော်တို့က နေ့စဉ်သမ္ဗန် မောင်းနေရတာလေ ဝတ်ထားရတာ ပြဿနာမရှိ ဘူး" ဟု စက်တပ်သမ္ဗန်မောင်းသူနှင့် စက်တပ်သမ္ဗန် ပိုင်ရှင်တစ်ဦးက ပြောသည်။

ဒလမြို့နယ်မှ ရန်ကုန်မြစ်ဖြတ်ကူး၍ ခရီးသည်ပို့ဆောင် ပြေးဆွဲနေသည့် စက်တပ် သမ္ဗန်ဆိပ် ၁၀ ဆိပ်ရှိပြီး နေ့စဉ်စက်တပ်သမ္ဗန် အသုံးပြုသွားလာနေကြသူ ခရီးသည်မှာလည်း အလွန်များပြားကြောင်း သိရသည်။

**မောင်ယဉ်ဦး**

# လဟယ်မြို့နယ်၌ ကျေးလက်နမူနာ စံပြအိမ်ရာ ၂၃ လုံး တည်ဆောက်လျက်ရှိ

**လဟယ် ဇူလိုင် ၃**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ၏ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် ကျေးရွာနေပြည်သူများမှ ကျေးလက်နမူနာ စံပြအိမ်ရာအတိုင်း ကျန်းမာရေးနှင့်အညီ လေဝင်လေထွက်ကောင်းသည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရန် ရည်ရွယ်၍ (၂၇'x၁၈'x၁၂') အတိုင်းအတာရှိ ကျေးလက်နမူနာစံပြအိမ်ရာ ၂၃ လုံးကို တည်ဆောက်လျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းထံမှ သိရသည်။



ကျန်းမာရေးနှင့်အညီ တည်ဆောက်ထားသည့် စံပြအိမ်ရာ။

ကျေးလက်နမူနာစံပြအိမ်ရာများကို ကျေးရွာတစ်ရွာလျှင် တစ်လုံး၊ ကြမ်းခင်း၊ ပျဉ်နံရံကာများဖြင့် တည်ဆောက်ပေးလျက်ရှိရာ အဆိုပါ ကျေးရွာများမှာ ဂမ်းညရွာသစ်၊ ဆပ္ပလော်နောက်ကုန်း၊ လောင်ဂီး၊ တွေးညို၊ ဆော်လော်နောက်အင်း၊ ခါးလယ်(၂)၊ ဂဟုန်း၊ ကုန်းလမ်း၊ နောက်ညူကျထောက်၊ စံတုံ၊ ယမ်း ကြိမ်၊ ရွှေလောကျေးရွာတို့ဖြစ်ပြီး စံပြအိမ်ရာ ၁၂ လုံးတည်ဆောက်လျက်ရှိကြောင်း၊ လုပ်ငန်းပြီးစီးမှု အနေဖြင့် ၉၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အလားတူ မွန်ထွေ၊ စံပြ၊ ဝုထ၊ ခါးလယ်၊ ဝမ်တုံနောက်ကုန်း၊ ဝမ်တုံ နောက်အင်း၊ ဆပ္ပလော် ရှောင်၊ ပုံညိုနောက်အင်း၊ မကော်ရိန်၊ အဟန်းကူကူး၊ ညှင်ရှောင်ကျေးရွာတို့တွင် စံပြအိမ်ရာ ၁၁ လုံး တည်ဆောက်လျက်ရှိကြောင်း၊ လုပ်ငန်းပြီးစီးမှု အနေဖြင့် ၈၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မွေးကြူဇင်**

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပုလဲ ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ တောင်ပိုင်းရပ်ကွက် မြသိန်းတန်ဓမ္မာရုံ၌ ဇူလိုင် ၁ ရက်က ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးညီညီက လက်ရှိဇာတိမှာ အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးရန်၊ လက်ရှိဇာတိဒေသမှာ အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးရန်၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသမှာ အိမ်ထောင်စု လူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသမှာ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးရန်၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသမှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ် မရှိ၊ လက်ရှိဒေသမှာလည်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ပန်းခင်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ပုလဲမြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **(အောက်ပုံ)**

**မင်းခန့်စိုး(ဧယျာမြေ)**



# ဒေးဒရဲမြို့၌ စားသုံးဆီများတွင် မသန့်ရှင်းသောဆီများ ရောနှောရောင်းချမှုမရှိစေရေး ရှောင်တခင်စစ်ဆေး

**ဒေးဒရဲ ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲ မြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံသော စားသောက်ကုန်များအား စားသောက်နိုင်ကြပြီး အန္တရာယ်ကင်းရှင်းစေရန်နှင့် စားသုံးဆီများတွင် မသန့်ရှင်းသော ဆီများ ရောနှောရောင်းချမှုမရှိစေရန် ရည်ရွယ်၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကုန်မျိုးစုံဆိုင်များအား ဇူလိုင် ၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် ဒေးဒရဲ မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ် စစ်ဆေးရေးမှူး ဦးသိန်းမောင်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ ကုန်မျိုးစုံဆိုင်များတွင် ရောင်းချနေသည့် စားသုံးဆီများတွင် မသန့်ရှင်းသော ဆီများရောနှောရောင်းချမှု မရှိစေရေး၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှု ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးပြီး စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံမှု ရှိစေရေး ပူးပေါင်းအဖွဲ့က အသိပညာပေး ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ **ရွှေဒေးသူ**

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ပန်းတောင်း ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇူလိုင် ၁ ရက်က ပန်းတောင်းမြို့နယ် ထုံးဘိုအုပ်ချုပ်ရေးမှူးရုံးတွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လက်ရှိဒေသ၌ အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်း မရှိ/ ကိုင်ဆောင်လက်မှတ်မရှိသူများ၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး လက်ရှိဒေသ၌ ကိုင်ဆောင်လက်မှတ်မရှိသူများ၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသ/လက်ရှိဒေသတွင် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများ၊ အိမ်ထောင်စုစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများ သက်ဆိုင်ရာနည်းလမ်းလေးသွယ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သင်းသင်းအေး (ပြန်/ဆက်)**




Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာများကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာနတွင် လိုအပ်သည့် သင်ထောက်ကူပစ္စည်း(၅)မျိုးနှင့် ပရိဘောဂပစ္စည်း(၃)မျိုးအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - | ၇-၇-၂၀၂၁ |
| **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၂၀-၇-၂၀၂၁ |
| **ရောင်းချမည့်နေရာ** | - | သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး**
**နည်းပညာသုတေသနဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၃)၊ ဦးပိုင်အမှတ် (၁၂၀/၁က)၊ မြေဧရိယာ ၀.၁၈၄ ဧကရှိ မြေကွက်အား လွန်ခဲ့သော ၂၀၀၀ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ဦးအီဒရိစ်(ခ)ကိုလေး အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် ပိုင်ဆိုင် နေထိုင်ခဲ့ပြီး ဦးအီဒရိစ်(ခ)ကိုလေး ၁/မကန(နိုင်)၀၄၇၂၅၈ အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက် ၇-၁-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၁/၂၀၂၁)ကို ၁၁-၁-၂၀၂၁ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၅/၂၀၂၁)အဖြစ် မှတ်ပုံတင် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အကွက်အမှတ်(၃၈)၊ ဦးပိုင်အမှတ် (၅၆/ဃ/၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၇၂၂ ဧကအနက်မှ မြေပုံပေါ်တွင် M အမှတ်ပြ မြေဧရိယာ ၀ ဒသမ ၀၁၅ ရှိဘိုးဘပိုင်မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူလက်ရောက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဝင်းအေး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၄၂၅၃၆၃၈၈၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၂-ခ)၊ ဦးပိုင်အမှတ် (၃၁/၁)၊ မြေဧရိယာ ၁.၁၂၃ ဧကရှိ မြေကွက်ကို မူလက ဦးဖိုးဂျာခီအမည်ဖြင့်ပိုင်ဆိုင်ခဲ့ပြီး ၃-၁၁-၂၀၁၅ရက်တွင် ဦးဖိုးဂျာခီထံမှ ဦးဆိုင်းဒံနှစ်ဦးသဘောတူ အရောင်း အဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဆိုင်းဒံ၁/ကမန(နိုင်)၀၂၂၉၆၃ အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက် ၇-၁-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၆/၂၀၂၁)ကို ၁၁-၁-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၁၆/၂၀၂၁)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးဇော်မျိုးအောင် ၁၂/အစန(နိုင်)၁၁၁၄၉၃ (ဘ) ဦးအောင်သန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၄၈၂)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်သူဇာမြင့် ၅/ဘတလ(နိုင်) ၀၄၈၀၄၉ (ဘ)ဦးမြင့်ဆွေ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံ စွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လှိုင်မြို့နယ်၊ ရွှေပိတောက်ငါးဈေး အမည်ပြောင်းဆိုင်ခန်းများ လျှောက်ထားလာမှုအား ကန့်ကွက်ရန် ရှိ၊ မရှိ ကြေညာခြင်း

| စဉ် | ရုံ | ဆိုင် | ဆိုင်ခန်းအငှားချထားသူအမည် | မှတ်ပုံတင်အမှတ် | ဝယ်ယူသူအမည် | မှတ်ပုံတင်အမှတ် | အရောင်းအဝယ်စာချုပ် |
|---|---|---|---|---|---|---|---|
| ၁။ | A | ၄၆ | ဦးမြတ်ဇော်သန်း | ၁၁/စတန(နိုင်)၀၆၈၃၀၅ | ဦးသောင်းထွန်း | ၁၂/ကမတ(နိုင်)၀၀၀၀၆၅ | ၃၁-၁၂-၂၀၂၀ |
| ၂။ | B | ၂၄ | ဦးဌေးလွင် | ၁၂/လမတ(နိုင်)၀၁၆၅၃၄ | ဦးသောင်းထွန်း | ၁၂/ကမတ(နိုင်)၀၀၀၀၆၅ | ၆-၁-၂၀၂၁ |
| ၃။ | B | ၂၅ | ဦးဌေးလွင် | ၁၂/လမတ(နိုင်)၀၁၆၅၃၄ | ဦးသောင်းထွန်း | ၁၂/ကမတ(နိုင်)၀၀၀၀၆၅ | ၆-၁-၂၀၂၁ |
| ၄။ | F | ၂ | ဦးစိုင်းအောင်ဆန်း | ၁၃/နခန(နိုင်)၀၃၇၃၇၇ | ဦးညီညီအောင် | ၁၂/ကမတ(နိုင်)၀၆၈၂၆၁ | ၂၀-၇-၂၀၂၀ |

**ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးတာဝန်ခံ (ရွှေပိတောက်ငါးဈေး)၊**
**ဖုန်း-၀၉-၄၄၄၇၀၇၃၂၃**

# ကချင်ပြည်နယ် သမဝါယမ မိသားစုများ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၃**

၂၀၂၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် (၉၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်သမဝါယမမိသားစုနှင့် မြို့နယ်သမဝါယမမိသားစုများက ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ၊ အခြေခံစားကုန်၊ သောက်ရေသန့်ပစ္စည်းများ လှူဒါန်းပေးသည်။

ဇူလိုင် ၁ ရက်နှင့် ၂ ရက်တို့တွင် မြစ်ကြီးနားမြို့ရှိ အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင် (၃၀၀) နှင့် ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ လည်းကောင်း၊ မိုးညှင်းမြို့နယ်ရှိ ကိုဗစ်-၁၉ ကုသရေး Quarantine Center နှင့် ပြည်သူ့ဆေးရုံကြီးသို့လည်းကောင်း၊ မိုးကောင်းမြို့နယ်၊ ဗန်းမော်မြို့နယ်နှင့် မိုးမောက်မြို့နယ်များရှိ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ လည်းကောင်း၊ ရွှေကူမြို့နယ်ရှိ ကိုဗစ်-၁၉ ကုသရေး Quarantine Center သို့လည်းကောင်း၊ ဝိုင်းမော်မြို့နယ်ရှိ လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် မိဘမဲ့ကျောင်းများ၊ စစ်ရှောင်စခန်းများသို့လည်းကောင်း ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ကျောက်တော်မြို့နယ်တရားရုံး
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂

| | | |
|---|---|---|
| ဒေါ်စောယဉ်ဖြူ | **နှင့်** | ဦးအောင်ကျော် |
| **တရားလို** | | **တရားပြိုင်** |

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ကျောက်တော်ရပ်ကွက်နေ ဦးအောင်ကျော် (ဘ)စောသာအောင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စောယဉ်ဖြူက ပဋိညာဉ်အတိုင်း(၁၇-၃-၂၀၁၆) ရက်စွဲပါ အိမ်ခြံမြေ အရောင်း အဝယ် စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဇူလိုင် ၂၆ရက် (၁၃၈၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်စေရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇွန် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဦးဘသောင်း)**
**မြို့နယ်တရားသူကြီး**
**ကျောက်တော်မြို့နယ်တရားရုံး**

# မုတ်သုံလေ အားနည်းနေ

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။ **မိုး/ဇလ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၄၅ သမိုင်း )၊ ရွှေနှင်းဆီကန်လမ်း၊ မြေကွက်အမှတ် ( ၁/ခ - ၃၁၆ ) အကျယ်အဝန်း ( ၀.၀၉၄ ဧက ) ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ် (၆၀)မြေငှားဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးသိန်း ( ၁၂/မရက (နိုင်) ၀၇၁၈၅၃ ) နှင့် ဒေါ်အေးချမ်းပြည့် ( ၁၂ /မရက (နိုင်) ၁၄၅၅၂၇ )တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) |

**Hein Htet San Law Firm** ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ ရှုပရွာအကွက်၊ ဦးပိုင်မြေကွက်အမှတ်(၃၀၂-စ)မြေချိန်ဧရိယာ(၀. ၀၁၀)ဧက+ဦးပိုင်မြေကွက်အမှတ်(၃၀၂-ဇ)မြေချိန်ဧရိယာ(၀. ၀၀၃)ဧကရှိ ဘိုးဘပိုင်(အိမ်ရာ)မြေကွက်ကို (၁)ဒေါ်မသူဇာ(၁၁/စတန(နိုင်)၀၄၁၅၇၃) နှင့် (၂)ဒေါ်မလှသိန်း(၁၁/စတန(နိုင်)၀၃၆၁၃၃)တို့ကနှစ်ဦးပူးတွဲ၍လည်းကောင်း ၊ ဦးပိုင်မြေကွက်အမှတ်(၃၀၂-ဆ)မြေချိန်ဧရိယာ(၀. ၀၁၁)ဧက+ဦးပိုင်မြေကွက်အမှတ်(၃၀၂-ဈ) မြေချိန်ဧရိယာ(၀. ၀၀၂)ဧကရှိ ဘိုးဘပိုင်(အိမ်ရာ)မြေကွက်ကို (၁)ဒေါ်မမူယာ(ခ) ဒေါ်မလှခင်(၁၁/စတန(နိုင်)၀၃၃၉၁၇) နှင့် (၂)ဦးအောင်ကျော်ဖံ(၁၁/စတန(နိုင်)၀၃၃၉၁၈)တို့ကနှစ်ဦးပူးတွဲ၍ လည်းကောင်း၊ မြို့မြေစာရင်းတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြပါသည်။ ယခုအခါအဆိုပါမြေကွက်များနှင့် မြေပေါ်ရှိ သာဖံလှလမ်းနှင့်ရွှေဘမ်းလမ်းထောင့်ရှိအဆောက်အဦကို အထက်ဖော်ပြပါအမည်ပေါက်ပိုင်ရှင်များ တို့ကတရားဝင်ပိုင်ရှင်များအဖြစ်အရှုပ်အရှင်းကင်းရှင်းစွာလက်ရှိထားပိုင်ဆိုင်ကြပါကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် (စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာပါသည်။


( လွှဲအပ်ညွှန်ကြားချက်များအရ )

| | |
|---|---|
| **ဦးသန့်ဇင်** ( LL-B ) | **ဒေါ်ဟန်နွေနိုင်**(LL-B) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၃၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(D-2) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၀၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုမေ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၁.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုမေ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# အထူးဝမ်းနည်းကြေကွဲခြင်း

အမှတ် (၁၀၃)၊ ခြေမြန်တပ်ရင်းတွင် တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့သော ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော်(ငြိမ်း)သည် ၂-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**အမှတ် (၁၀၃)၊ ခြေမြန်တပ်ရင်း**
**အရာရှိ၊ စစ်သည်တော်ဟောင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ဦးစွန်တီ
**ပါမောက္ခဌာနမှူး၊ သင်္ချာဌာန၊**
**မကွေးဒီဂရီကောလိပ်(ငြိမ်း)**
**ကျောင်းအုပ်ကြီး၊ လုပ်သားများကောလိပ် ရန်ကုန်(ငြိမ်း)**
**အသက် (၈၁)နှစ်**

မကွေးကောလိပ်၊ မကွေးဒီဂရီကောလိပ်၊ မကွေးတက္ကသိုလ် သင်္ချာဘာသာရပ်(အဓိက)ကျောင်းသား/ ကျောင်းသူများ၏ ကန်တော့ခံကျေးဇူးရှင်ဆရာကြီး ဦးစွန်တီသည် ၂၈-၆-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကွေးကောလိပ်/ဒီဂရီကောလိပ်/တက္ကသိုလ်**
**သင်္ချာဘာသာရပ်(အဓိက) ကျောင်းသား/သူများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးချစ်ကို
**(မြန်မာ့လက်ရွေးစင် ဘိလိယက်နှင့် စနူကာအားကစားသမား)**
**အသက်(၃၇)နှစ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ပညာရေးပေါင်းစပ်ဌာနခွဲမှ ဦးချစ်ကို (နည်းပြ/ နည်းစနစ်) ၂-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**အားကစားနှင့် ကာယပညာဦးစီးဌာန**

---

## ဗိုလ်ကြီးဖြိုးပိုင်စန်းလွင်
**(ကြည်း-၅၆၇၄၆)**
**D.S.A (၅၂) ခလရ -၄၅**
**အသက် (၃၁)နှစ်**

မိတ္ထီလာမြို့၊ ဝါ/သု တိုးချဲ့ရပ်နေ ရဲမှူးကြီးရဲသီဟစန်းလွင်-ဒေါ်ကြည်မာမြင့်တို့၏သားငယ်၊ ဗိုလ်ကြီးဆန်းမင်းထွန်း-ဒေါ်သဇင်စန်းလွင်၊ ဦးသက်ပိုင်စန်းလွင်-ဒေါ်ဟန်နီလင်း(ခေတ္တ-ဂျပန်)တို့၏မောင်/ ညီ၊ မနှေးဝင့်ဝင့်လွင်၏အစ်ကို၊ မောင်ဖွဲ့လမင်းထွန်း၊ မဟန်စုသာတို့၏ ဦးလေး ဗိုလ်ကြီးဖြိုးပိုင်စန်းလွင်သည် မိတ္ထီလာတပ်မတော်ဆေးရုံ ခုတင် (၅၀၀)၌ ၂-၇-၂၀၂၂ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၂ ရက်တွင် မိတ္ထီလာမြို့ စစ်သင်္ချိုင်း၌ သင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက**
**အကယ်ဒမီများရှင် သရုပ်ဆောင်/ဒါရိုက်တာ**
## ဦးညွန့်ဝင်း
**အသက်(၈၂)နှစ်**

အနုပညာထူးချွန်လွန်းသူ တစ်ဦးမို့ အထူးပဲ ဝမ်းနည်းကြေကွဲရပါတယ်။
မောင်ညွန့်ဝင်း ကောင်းရာသုဂတိရောက်ပါစေကြောင်း ဆုတောင်းလိုက်ပါတယ်။

**ဗိုလ်ကလေးတင့်အောင်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးထွန်းအောင်
**ညွှန်ကြားရေးမှူး(ငြိမ်း) အခြေခံပညာဦးစီးဌာန**
**အသက် (၈၃)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၇)လမ်း၊ တာဝါအမှတ် (၁၆၁)နေ ဒေါ်ခင်ဝင်းသော် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) ထ(၁)ဗဟန်း)၏ခင်ပွန်း၊ ဦးသက်ထွဋ်အောင်-ဒေါ်ဝင်းမာထွန်း (Manager, MEHPCL) ဦးအောင်သီဟ (ညွှန်ကြားရေးမှူး၊ လဝက)-ဒေါက်တာဇင်မာထွန်း၊ ဗိုလ်မှူးကျော်ဝင်းထွန်း (OG) (၅/၃၀၀ တပ်မတော်ဆေးရုံ)၊ ဒေါက်တာဘုန်းစည်ဟိန်း (APLMA, S'PORE)- ဒေါက်တာခင်ချောကို (ခေတ္တစင်ကာပူ)တို့၏ ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၃-၇-၂၀၂၂ရက် (စနေနေ့) နံနက် ၂:၄၅ နာရီ တွင် အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီ တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ဦး
**ညွှန်ကြားရေးမှူး(ငြိမ်း)ဆည်မြောင်းဦးစီးဌာန**
**အသက်(၇၁)နှစ်**

၃-၇-၂၀၂၂ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားသော ဦးတင်ဦး ညွှန်ကြားရေးမှူး(ငြိမ်း)အတွက် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဇလဗေဒဌာနခွဲ မိသားစု**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ရန်ကုန်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်နွဲ့
**အသက် (၆၄)နှစ်**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ဦးမျိုးသူ (မန်နေဂျာ)၏ ချစ်လှစွာသောမိခင် ဒေါ်ခင်နွဲ့သည် ၃-၇-၂၀၂၂ရက် နံနက် ၀၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

---

## ဦးဝင်းဇော်(ပြည်-ပန်းတောင်း)
**အငယ်တန်းလက်ထောက်(ရုံး)၊ ပင်မစက်ပြင်အလုပ်ရုံ(သစ်စက်)**
**အသက် (၅၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ဥသျှစ်ပင်မြို့နေ ဦးမြင့်သန်း-ဒေါ်သိန်းဆုတို့၏သားကြီး၊ ဦးဝင်းကျော်-ဒေါ်စုမာ၊ ဦးတင်မိုး-ဒေါ်ဝင်းဝင်းအေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမောင်မောင်သိန်း)-ဒေါ်လွင်လွင်သိန်းတို့၏ သားသမက်၊ ဒေါ်လွင်သူဇာဦး (မြန်မာ့သစ်လုပ်ငန်း အင်/ယာဌာန(ရုံးချုပ်)တို့၏ ခင်ပွန်းသည် ၂-၇-၂၀၂၂ရက် (သောကြာနေ့) ညနေ ၆:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သန်းသန်းစိုး
**အသက် (၅၆)နှစ်**

ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးကြီးအေးစိုး၏ဇနီး၊ မမိုးချမ်းမြေ့ခင်၏မိခင် ဒေါ်သန်းသန်းစိုးသည် ၃-၇-၂၀၂၂ရက် (စနေနေ့) နံနက် ၂:၀၃နာရီတွင် ဇွဲဖြင့်ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၅-၇-၂၀၂၂ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ကုတင်(၇၀၀)၊ ပြင်ဦးလွင်မြို့မှ (၈) မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသဟ်ဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စန်းစန်းယု(မိတ္ထီလာ)
**အသက်(၈၇)နှစ်**

မိတ္ထီလာမြို့နေ (ဦးစိန်မောင်-ဒေါ်စိန်ရွှေ)တို့၏သမီး၊ မိတ္ထီလာမြို့နေ(ဦးပု-ဒေါ်သိန်း)တို့၏ ချွေးမ၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်လေး)၊(ဦးမောင်မောင်အေး) တို့၏အစ်မ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၅လမ်း၊ အမှတ် ၄၃၇နေ ဒေါ်လှမြတ်ဟန်(မြန်မာ့ဆက်သွယ်ရေး)၊ ဦးကျော်ဇင်ယု၊ ဦးမျိုးမြင့်အောင်တို့၏မိခင်၊ (ဦးသိန်းလွင်)ဒု ညွှန်မှူး၊ အခွန်ဦးစီး၏ ဇနီးသည် ၂-၇-၂၀၂၂ရက် နံနက် ၈:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၂၂ ရက် (ကြာသပတေးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဦးအောင်သန်း
**ဆောက်လုပ်ရေး(ငြိမ်း)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ ၆လမ်း၊ အမှတ် ၃၆၅နေ (ဦးကျော်ရှိန်-ဒေါ်သင်းကြည်) တို့၏သား၊ (ဒေါ်သန်းညွန့်)၏ခင်ပွန်း၊ (ဦးကျော်မြင့်-ဒေါ်သန်းသန်း)၊(ဦးတင်မြင့်)-ဒေါ်ထွေးရီတို့၏မောင်၊ ဒေါ်ကျင်မြ(ပြည်တွင်းကုန်တင်ကုန်ချ-ငြိမ်း)၊(ဦးစောထွဋ်-ဒေါ်တင်အောင်ဝင်း)၊ ဒေါ်လှမြင့်(အမက-၂၅-ငြိမ်း)တို့၏အစ်ကို၊ ဦးကျော်ထွန်း-ဒေါ်ခင်မိုးအေး၊ ဦးသိန်းဇော်ဝင်း-ဒေါ်အေးအေးမော်၊ ဦးကျော်စိုးသိန်း-ဒေါ်ခင်ခင်ရီ၊ ဦးထွန်းလှ-ဒေါ်သဲသဲမာ၊ မနေဇာမိုးတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁-၇-၂၀၂၂ ရက် (ကြာသပတေးနေ့)နံနက် ၉:၁၅နာရီတွင် ချမ်းမြေ့အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်အောင်
**(ဖျံကြီးကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်)**

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ညောင်ဝိုင်းအုပ်စု၊ ဖျံကြီးကျေးရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊နာယကကြီး ဦးတင်အောင်သည် ၂-၇-၂၀၂၂ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ နှမြောတသ ဖြစ်ရပါသည်။

**ဦးသက်နိုင်ဦး(ဥက္ကဋ္ဌ)၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊**
**ကန်ကြီးထောင့်မြို့နယ်**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3683, Toyota Dyna L/T ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်းအောင် ၁/မကန(နိုင်)၀၀၁၃၅၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ၊(ရွာသာကြီး)ရန်ကုန်မြို့**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

### အမည်ပြောင်းလဲခေါ်ပါရန်

ဦးကျော်ကျော်နိုင် ၇/ သကန (နိုင်)၀၇၉၁၂၂ ၏သမီး ILBC, Primary 6 (P6 I)တွင် တက်ရောက်နေသော မယ်မိမိကျော် အား မမီရှဲလ်ကျော်ကျော်နိုင် ဟု ပြောင်းလဲခေါ်ပါရန်။

---

### အမည်ပြောင်း

ဦးထွန်းနောင် ၉/ပဘန(နိုင်) ၀၀၀၅၃၃၏သမီး ပျော်ဘွယ်မြို့နယ်၊ အလက (ပုတီးကုန်း) Grade-2 မှ မထက်ဆုမွန်အား ယနေ့မှစ၍ မဝိုင်းရတီထက်ဟု ပြောင်းလဲခေါ်ပါရန်။

**မဝိုင်းရတီထက်**

---

### ဖခင်အမည်မှန်

မင်းဘူးမြို့၊ အမှတ် (၃)ရပ်ကွက်၊ (အမက)မြောက်ရပ်ကျောင်းမှ မောင်ထက်မြက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုး ၈/မကန(နိုင်)၂၁၈၉၂၆ ဖြစ်ပါကြောင်း။

**ဦးအောင်စိုး**

---

### ဖခင်အမည်မှန်

ဒိုက်ဦးမြို့ (အထက) ဖျက်ကြီး တက္ကသိုလ်ဝင်တန်း (A) မှ မနှေးနှေးလှိုင်နှင့် သတ္တမတန်းမှ မအိမြတ်နှေးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်စိုး ၁၄/အဂမ(နိုင်) ၂၆၃၁၂၄ ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်စိုး**

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်၆/ရွှေနံ့သာအရှေ့ရပ်ရှိ မြေကွက်အမှတ် (ဥ-၁၈၀၁)၊ ဦးသန်းရွှေ (ဘ) ဦးမောင်ကို ၉/ပမန(နိုင်)၀၁၅၄၄၈ အမည်ပေါက် ပါမစ်မြေကွက်၏မြေကွက်မြေနေရာချထားခြင်း ခွင့်ပြုမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဦးသန်းရွှေ (ဘ)ဦးမောင်ကို ၉/ပမန(နိုင်)၀၁၅၄၄၈ မှ မြေကွက်မြေနေရာချထားခြင်းခွင့်ပြုမိန့်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်း မိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေကွက်မြေနေရာချထားခြင်း ခွင့်ပြုမိန့်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်မြေနေရာချထားခြင်း ခွင့်ပြုမိန့်မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

# အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
# ဟာဂျီ အန္တဝါး(ခ)ဦးမျိုးနိုင်
## (ဦးဘာဝတီ စက်နှင့် စက်အပိုပစ္စည်းရောင်းဝယ်ရေး)
## အသက်(၅၁)နှစ်

တောင်ငူမြို့၊ (၁၅) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၁၄၉နေ ဟာဂျီ ဦးဘာဝတီ- ဟာဂျီမ ဒေါ်ဆာရာဘီတို့၏ သားကြီး၊ (ဟာဂျီဂျဘားခန်း)-ဟာဂျီမ ရာဂျဟန်းဘီတို့၏ ချစ်လှစွာသောသားသမက်၊ ဖော်ဇီယားဘီ(ခ)ဇာခြည်လင်း၏ ချစ်လှစွာသောခင်ပွန်း၊ အဗ်ဇရ်ခန်း(ခ)သူရိန်လင်း၊ ဂျိုမာနား(ခ)ပန်းနုရောင်၏ ချစ်လှစွာသောဖခင်သည် ၂-၇-၂၀၂၂ ရက် ည ၉နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူ သွားပါသဖြင့် ၃-၇-၂၀၂၂ရက်(စနေနေ့) နံနက် ၁၀နာရီတွင် တောင်ငူစိန်ပန်းမြိုင် အစ္စလာမ်ဥယျာဉ်တော်၌ ဒဖွာနာမြှုပ်နှံသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်–

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိက လုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ၊ ရေသန့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ၊ နေ့စဉ် တစ်ကိုယ်ရေသုံး ပစ္စည်း ထုတ်လုပ်သည့်

*စာမျက်နှာ ၁၅ ကော်လံ ၁* ❑

## COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈၇၇ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၂၀ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၃၈၄ ဦးရှိ

(၃-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၈၇၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၆၁,၉၈၃) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၆၃,၀၈၇) ဦးရှိပြီး ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၁၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၈,၀၂၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၃၈၄) ဦး ရှိပါသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

# ယူရို ၂၀၂၀ပြိုင်ပွဲ ဆီမီးဖိုင်နယ် နာမည်ကြီး စပိန်နှင့် အီတလီတို့ ယှဉ်ပြိုင်ကစားရမည်

ယူရို ၂၀၂၀ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇူလိုင် ၃ ရက် နံနက်ပိုင်းက နာမည်ကြီး ဘယ်လ်ဂျီယံအသင်းနှင့် အီတလီအသင်းတို့ပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် နည်းပြရော်ဘတ်တို မာတီနက်ဇ်၏ ဘယ်လ်ဂျီယံအသင်းသည် ပြီးခဲ့သည့် ပေါ်တူဂီအသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ဟာဇက်ကို ချန်လှပ်ကာ ကော့တွိုက်စ်၊ အယ်လ်ဒါဝီရယ်၊ ဗာမေလန်၊ ဗာတွန်ဂန်၊ မူနီယာ၊ သော်ဂန် ဟာဇက်၊ တိုင်လီမန်းစ်၊ ဒီဘရိုင်း၊ လူကာကူစသည့် ကစားသမားများဖြင့် အီတလီအသင်းကို ရင်ဆိုင်လာခဲ့သည်။ နည်းပြမန်စီနီ၏ အီတလီအသင်းကလည်း အင်အားအတောင့်တင်းဆုံးပုံစံဖြစ်သည့် ဒွန်နာရမ်မာ၊ ချီလီနီ၊ ဘိုနူချီ၊ လော်ရန်ဇို၊ ဗာရက်တီ၊ ဂျော်ဂျင်ဟို၊ ဘာရယ်လာ၊ အစ်ဆစ်ဂ်နီ၊ အင်မိုဘီလီ၊ ချီယေဆာတို့ဖြင့် ပွဲထွက်လာခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ▼



ဘယ်လ်ဂျီယံဘက်သို့ ဂိုးသွင်းယူပြီးနောက် အီတလီ ကစားသမားများအောင်ပွဲခံနေစဉ်။